# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ကောင်းမှုပြုလျှင် မြတ်၏**

မကောင်းမှုကိုပြုလျှင် နောင်အခါတွင် ပူပန်ရသောကြောင့် မကောင်းမှုကို မပြုခြင်းသည် မြတ်၏။ ကောင်းမှုပြုလျှင် နောင်အခါတွင် မပူပန်ရ (ဝမ်းမြောက်ရ) သောကြောင့် ကောင်းမှုကိုပြုခြင်းသည် မြတ်၏။

(ဓမ္မပဒ-၃၁၄)


၁၃၈၀ ပြည့်နှစ်၊ ဒုတိယဝါဆိုလဆန်း ၈ ရက် | ၂၀၁၈ ခုနှစ်၊ ဇူလိုင် ၂၀ ရက်၊ သောကြာနေ့ | အတွဲ (၅၇)၊ အမှတ် (၂၉၁)




နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် ဇနီးဒေါ်ချိုချိုတို့ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညိုပြီး ဆွမ်း၊ သစ်သီး၊ ပန်း၊ ရေချမ်းနှင့် ဆီမီးတို့ကို ဆက်ကပ်လှူဒါန်းစဉ်။

သတင်းစဉ်

# နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် ဇနီး ဒေါ်ချိုချိုတို့ (၇၁)နှစ်မြောက် အာဇာနည်နေ့တွင် နိုင်ငံတော်အတွက် အသက်ပေးလှူသွားကြသည့် အာဇာနည် ခေါင်းဆောင်ကြီးများအား ရည်စူးကုသိုလ်ပြု အမှျပေးဝေ

**နေပြည်တော် ဇူလိုင် ၁၉**

(၇၁)နှစ်မြောက် အာဇာနည်နေ့တွင် နိုင်ငံတော်အတွက် အသက်ပေးလှူသွားကြသည့် အာဇာနည်ခေါင်းဆောင်ကြီးများအား ရည်စူးကုသိုလ်ပြု အမှျပေးဝေခြင်း အခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ကောင်စီရုံး ဇမ္ဗူသီရိခန်းမ၌ ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် ဇနီး ဒေါ်ချိုချိုတို့ တက်ရောက်ကြသည်။

အခမ်းအနားသို့ နိုင်ငံတော်သြဝါဒါစရိယ အဘိဓဇ မဟာရဋ္ဌဂုရု မဟာဝိသုတာရာမ ဈေးကုန်းကျောင်းတိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တ ကဝိသာရ အမှူးပြုသော ဆရာတော်၊ သံဃာတော်များ ကြွရောက်ချီးမြှင့်တော်မူကြပြီး နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌ ဦးမျိုးညွန့်နှင့် ဇနီးဒေါ်ဌေးရီ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းနှင့် ဇနီးဒေါ်အေးသီတာ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် ဥက္ကဋ္ဌ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ဒုတိယရှေ့နေချုပ်၊ နေပြည်တော်ကောင်စီဝင်များ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီဝင်များ၊ ၎င်းတို့၏ ဇနီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဖိတ်ကြားထားသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် ဇနီးဒေါ်ချိုချိုတို့သည် ခန်းမအတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညိုပြီး ဆွမ်း၊ သစ်သီး၊ ပန်း၊ ရေချမ်းနှင့် ဆီမီးတို့ကို ဆက်ကပ်လှူဒါန်းသည်။


*စာမျက်နှာ ၃ ကော်လံ ၁* ❒




အာဇာနည်ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏သမီး နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် လွမ်းသူ့ပန်းခွေချ ဂါရဝပြုစဉ်။

သတင်းစဉ်

# (၇၁) နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားကျင်းပ အာဇာနည်ခေါင်းဆောင်ကြီးများ၏ ကျေးဇူးတရားကို အောက်မေ့သတိရသောအားဖြင့် ပြည်သူများ အာဇာနည်ဗိမာန်သို့ လာရောက်ဂါရဝပြု

**ရန်ကုန် ဇူလိုင် ၁၉**

၂၀၁၈ ခုနှစ် (၇၁) နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားကို ယနေ့ နံနက် ၈ နာရီက ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ အာဇာနည်ဗိမာန်၌ကျင်းပရာ အာဇာနည် ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏သမီးဖြစ်သူ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက်ရောက်၍ ဗိုလ်ချုပ်အောင်ဆန်း၏ အထိမ်းအမှတ်ဂူဗိမာန်၌ လွမ်းသူ့ပန်းခွေချ ဂါရဝပြုပြီး မေတ္တာပို့သ အမှျပေးဝေသည်။

၂၀၁၈ ခုနှစ် (၇၁)နှစ်မြောက် အာဇာနည်နေ့အခမ်းအနားသို့ ၂၀၁၈ ခုနှစ် (၇၁) နှစ်မြောက် အာဇာနည်နေ့ ကျင်းပရေး ဗဟိုကော်မတီနာယက ဒုတိယသမ္မတ ဦးမြင့်ဆွေ၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၊ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန်၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်၊ ၂၀၁၈ ခုနှစ် (၇၁)နှစ်မြောက် အာဇာနည်နေ့ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ၂၀၁၈ ခုနှစ် (၇၁) နှစ်မြောက် အာဇာနည်နေ့ကျင်းပရေး ဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ၂၀၁၈ ခုနှစ် (၇၁) နှစ်မြောက် အာဇာနည်နေ့ကျင်းပရေး ဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အာဇာနည်ခေါင်းဆောင်ကြီးများ၏ မိသားစုဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။


*စာမျက်နှာ ၄ ကော်လံ ၁* ❖





# စည်းလုံးညီညွတ်ရေးနှင့် စည်းကမ်းတကျရှိရေး

(၇၁)နှစ်မြောက်အာဇာနည်နေ့အခမ်းအနားများကို နိုင်ငံတစ်ဝန်းလုံး၌ ကျင်းပခဲ့ရာ လူထုပရိသတ်အင်အားအမြောက်အမြား တက်ရောက်ကြပြီး ကျဆုံးလေပြီးသည့် အာဇာနည်ခေါင်းဆောင်ကြီးများကို ဂါရဝပြုခဲ့ကြသည်။ နိုင်ငံနှင့်လူမျိုးအတွက် မိသားစုဘဝများနှင့် စည်းစိမ်ဥစ္စာတို့ကို သာမက အသက်နှင့်ခန္ဓာကိုယ်ပါ စွန့်လွှတ်သွားခဲ့ကြသော အာဇာနည်သူရဲကောင်းတို့၏ စိတ်ဓာတ်တို့ကို ဦးညွှတ်ဂါရဝပြုရင်း မျိုးဆက်သစ်တို့၏ စိတ်သန္တာန်တွင်လည်း အကြောင်းနှင့်အကျိုးကို ကောင်းစွာသိမြင်ပြီး အမြော်အမြင်ကြီးမားမှု၊ ကိုယ်ကျင့်တရားမြင့်မားဖြူစင်မှု၊ လက်ရုံးရည်၊ နှလုံးရည် (သတ္တိဗျတ္တိ)ပြည့်စုံမှုနှင့် အများအကျိုးအတွက် အဆုံးစွန်ထိ စွန့်လွှတ်နိုင်မှုဟူသော အာဇာနည်စိတ်ဓာတ်တို့ကို ထင်ဟပ်နိုင်ခဲ့ကြပြီး ဖြစ်သည်ဟု ယုံကြည်မိသည်။

ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများ ကျဆုံးခဲ့ကြသည်မှာ နှစ်ပေါင်း ၇၀ ကျော်ခဲ့ပြီ။ ယနေ့ မျက်မှောက်ကမ္ဘာတွင် မိမိတို့နိုင်ငံ၊ မိမိတို့လူမျိုးသည် မည်သည့်နေရာ၊ မည်သည့်အဆင့်၌ ရောက်ရှိနေသနည်း။ ဗိုလ်ချုပ်အောင်ဆန်း ကျောင်းသားဘဝက ရေးသားခဲ့သလို ကမ္ဘာ့ဇာတ်ခုံကြီးပေါ်တွင် ကမ္ဘာ့တေးသံကိုလိုက်၍ ကနိုင်သည့် မြန်မာပြည်ကြီးဖြစ်အောင် ဖန်တီးပြုပြင်နိုင်ခဲ့ကြပြီလား။ မြန်မာပြည်ကြီးကို လွတ်လပ်ပြီးတိုးတက်ထွန်းကားသည့် တိုင်းပြည်ဖြစ်အောင် ကြံဆောင်ကြိုးစားနိုင်ခဲ့ကြပါပြီလား။ ဗိုလ်ချုပ်ကမူ မိမိတို့လက်ဝယ်ရှိသည့် လုပ်ငန်းတာဝန်များအလိုက် အလုပ်လုပ်ကြဖို့ ထိုစဉ်ကတိုက်တွန်းထားခဲ့သည်။ "ကျွန်တော်တို့အားလုံး စစ်သားရော၊ နိုင်ငံရေးသမားရော၊ စာရေးဆရာရော၊ သတင်းစာဆရာရော၊ ဗမာတစ်မျိုးသားလုံး ယခုပြောတဲ့အတိုင်း ခေတ်ပြောင်းအလုပ်ကို တူပြိုင်ပြိုင် လုပ်ကိုင်ကြပါစို့" ဟူ၍ ပြောကြားခဲ့ရာ ခေတ်ပြောင်းသည့်အလုပ်ကို စည်းလုံးညီညွတ်စွာဖြင့် လုပ်ကိုင်ကြဖို့ လမ်းညွှန်ခဲ့ခြင်းဖြစ်သည်။ ခေတ်ပြောင်းသည့် အလုပ်ဆိုသည်မှာလည်း အခြားတွင်မရှိ။ မိမိလက်ဝယ်ရှိနေသည့် လုပ်ငန်းများကို လုပ်ကိုင်ကြရန်ဖြစ်သည်။သို့သော် အပြောင်းအလဲဆီသို့ ဦးတည်ရမည်။ တစ်မျိုးသားလုံးညီညွတ်ကြရမည်။ တစ်မျိုးသားလုံးဆိုသည်မှာလည်း မျိုးနွယ်စုများ၊ လူမျိုးများအားလုံး တစည်းတလုံးတည်း ပါဝင်သည့် အမျိုးသားစည်းလုံးညီညွတ်မှုပင် ဖြစ်သည်။

စည်းလုံးညီညွတ်ရေးပြီးလျှင် စည်းကမ်းရှိရေးသည်လည်း တိုင်းပြည်ထူထောင်ရေးကာလအတွက် အထူးအရေးကြီးလှသော ဗိုလ်ချုပ်၏ မှာကြားချက်ပင် ဖြစ်သည်။ တစ်မျိုးသားလုံးစည်းကမ်းရှိကြဖို့ မကြာခဏ မှာကြားလေ့ရှိသည်ကို ဗိုလ်ချုပ်အောင်ဆန်း၏ မိန့်ခွန်းများ၌ တွေ့ရှိနိုင်သည်။ စည်းကမ်းမရှိလျှင် အလုပ်မဖြစ်။ စည်းကမ်းကို သတ်မှတ်ထားသရွေ့လိုက်နာရမည်ဟုဆိုထားသည်။ "စည်းကမ်းတစ်ခုဖောက်ဖျက်ချင်တယ်ဆိုရင် ဒီစည်းကမ်းဖောက်ဖျက်လို့ ခံရမယ့်အပြစ်ကို နားလည်စေရမယ်။ အမိန့်ပြင်အောင် စည်းကမ်းနဲ့ကြိုးစားပါ။ မပြင်ခင် ဒီအမိန့်အတိုင်း လိုက်နာနေပါ"ဟူ၍ ဗိုလ်ချုပ်က မိန့်ကြားခဲ့ရာ တရားဥပဒေ၏ အနက်သဘောကို ဆိုခဲ့ခြင်းပင် ဖြစ်သည်။ စည်းမျဉ်းစည်းကမ်းကို လေးစားလိုက်နာသော၊ တရားဥပဒေစိုးမိုးမှုရှိသော လူ့အဖွဲ့အစည်းသည် သာလျှင် တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုတို့ကို ရရှိခံစားနိုင်ကြမှာ ဖြစ်သည်။

ယခုနှစ်အတွက် အာဇာနည်နေ့ အခမ်းအနားများကို ကျင်းပပြီးခဲ့ကြပြီ။ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ပုဂ္ဂိုလ်ကြီးများကိုလည်း ဦးညွှတ်ဂါရဝပြုခဲ့ကြပြီ။ အလေးပြုခဲ့ကြပြီးသည့်နောက်တွင် ကာတွန်းဆရာကြီးအလင်္ကာကျော်စွာ ဦးဘဂျမ်း၏ နိုင်ငံကျော်ကာတွန်းထဲကလို "နေမြဲ"အတိုင်း ဆက်မနေကြဖို့ပင် ဖြစ်သည်။ မျက်မှောက်ကမ္ဘာတွင်လည်း မိမိတို့နိုင်ငံ၏ အဓိကလိုအပ်ချက်သည် စည်းလုံးညီညွတ်ရေးနှင့် စည်းကမ်းတကျရှိရေးတို့ပင် ဖြစ်သည်ဟု သတိမူနိုင်ကြပါစေကြောင်း။ ။

စာအုပ်စာပေ လှူမိတ်ဆွေ

## ပြည်ထောင်စုရှေ့နေချုပ်ရုံး ပညာသင်ထောက်ပံ့၊ ပညာရည်ချွန်ဆုချီးမြှင့်

**နေပြည်တော် ဇူလိုင် ၁၉**

ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ ၂၀၁၈-၂၀၁၉ ပညာသင်နှစ် ပညာသင်ထောက်ပံ့ကြေးပေးအပ်ခြင်းနှင့် ၂၀၁၇-၂၀၁၈ ပညာသင်နှစ် ပညာရည်ချွန်ဆုချီးမြှင့်ခြင်း အခမ်းအနားကို ယမန်နေ့က ပြည်ထောင်စုရှေ့နေချုပ်ရုံး မြေညီထပ်ရှိ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦးက ယခုပညာသင်နှစ်တွင် ကျောင်းသား ကျောင်းသူ ၁၄၇ ဦးကို ငွေကျပ် ၄၉ သိန်း ခုနစ်သောင်း ထောက်ပံ့နိုင်ခဲ့ကြောင်း၊ တက္ကသိုလ်ဝင်တန်းစာမေးပွဲ အောင်မြင်ခဲ့ကြသော ခြောက်ဘာသာဂုဏ်ထူးရှင် တစ်ဦး၊ ငါးဘာသာဂုဏ်ထူးရှင် နှစ်ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် နှစ်ဦး၊ တစ်ဘာသာဂုဏ်ထူးရှင် ကိုးဦးတို့ကို ငွေကျပ် သိန်း ၂၀ ထောက်ပံ့ချီးမြှင့်နိုင်ခဲ့ကြောင်း၊ ယခုကဲ့သို့ ပညာသင်ထောက်ပံ့ကြေးပေးခြင်း၊ ထူးချွန်သူများကို ချီးမြှင့်ခြင်းတို့သည် ဝန်ထမ်းသားသမီးများ၏ ပညာရေးတွင် အထောက်အကူဖြစ်စေရန်နှင့် အခြားကျောင်းသား ကျောင်းသူများအတွက်လည်း အားကျလာစေရန်နှင့် ပိုမိုကြိုးစားဆောင်ရွက်စေလို၍ ဖြစ်ကြောင်း၊ သို့ဖြစ်၍ ကျောင်းသား ကျောင်းသူများအနေဖြင့် ထူးချွန်ထက်မြက်သည့် ပညာတတ်များဖြစ်လာစေရန် ကြိုးစားကြပါဟု တိုက်တွန်းမှာကြားခဲ့သည်။



အဆိုပါ အခမ်းအနားသို့ ဒုတိယရှေ့နေချုပ် ဦးဝင်းမြင့်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ဂုဏ်ထူးရကျောင်းသား ကျောင်းသူများ၊ ကျောင်းသားမိဘများ၊ ဖိတ်ကြားထားသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။ **သတင်းစဉ်**

## မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်တွင် မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပွဲကျင်းပ

**နေပြည်တော် ဇူလိုင် ၁၉**

မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်၏ မိုးရာသီစုပေါင်းသစ်ပင်စိုက်ပွဲကို ယနေ့နံနက် ၇ နာရီခွဲက မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်ဝင်းအတွင်းကျင်းပရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဒေါက်တာခင်ဇော် တက်ရောက်အားပေး၍ ဖိတ်ကြားထားသော ဧည့်သည်များ၊ ပါမောက္ခချုပ် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ ဝန်ထမ်းများနှင့်အတူ ကျွန်းပင် ၅၀၀ နှင့် အရိပ်ရလေကာပင် ၁၀၀ စုစုပေါင်း အပင် ၆၀၀ စိုက်ပျိုးပေးခဲ့ကြသည်။ **(ယာပုံ)**



ထို့နောက် အမြဲတမ်းအတွင်းဝန်နှင့် ဖိတ်ကြားထားသော ဧည့်သည်များသည် မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ် ဘောလုံးကွင်းပတ်လည်တွင် ယခင်နှစ် မိုးရာသီက စုပေါင်းသစ်ပင်စိုက်ပွဲကျင်းပ၍ စိုက်ပျိုးခဲ့သော ကျွန်းပင် ၈၀၀ ၏ ရှင်သန်ဖြစ်ထွန်းမှုကို လှည့်လည်ကြည့်ရှုခဲ့ကြသည်။

**သတင်းစဉ်**

## သစ်တောများနှင့် ကာဗွန်ထုတ်လွှတ်မှုများအကြောင်း သတင်းဖော်ပြခြင်းဆိုင်ရာ မီဒီယာသင်တန်းဖွင့်

**ညောင်ရွှေ ဇူလိုင် ၁၉**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနနှင့် UN-REDD Programme တို့က ပူးပေါင်းကျင်းပသည့် သစ်တောများနှင့် ကာဗွန်ထုတ်လွှတ်မှုများအကြောင်း သတင်းဖော်ပြခြင်းဆိုင်ရာ မီဒီယာသင်တန်းကို ရှမ်းပြည်နယ်တောင်ပိုင်း ညောင်ရွှေမြို့နယ် အင်းလေးခေါင်တိုင် ဟူပင် ဟိုတယ်၌ ယမန်နေ့က ဖွင့်လှစ်ခဲ့သည်။

အဆိုပါ သင်တန်း၏ ရည်ရွယ်ချက်မှာ ယင်းဝန်ကြီးဌာနအောက်ရှိ သစ်တောဦးစီးဌာန၏ ဦးဆောင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် မြန်မာနိုင်ငံ သစ်တောပြုန်းတီးခြင်းနှင့် သစ်တောအတန်းအစားကျဆင်းခြင်းတို့မှ ကာဗွန်ထုတ်လွှတ်မှု လျှော့ချခြင်းဆိုင်ရာ အမျိုးသားအဆင့် လုပ်ငန်းအစီအစဉ်တစ်ခုဖြစ်သော REDD+ နှင့် ပတ်သက်၍ ပြန်ကြားဆက်သွယ်ခြင်းနှင့် သက်ဆိုင်ရာ သတင်းမီဒီယာတို့တွင် သတင်းရေးသားတင်ပြခြင်းတို့ကို ပိုမိုကျယ်ပြန့်စွာ ဆောင်ရွက်လာနိုင်စေရန်၊ ရာသီဥတုပြောင်းလဲမှုနှင့် ပတ်ဝန်းကျင်ဆိုင်ရာ သတင်းရေးသားသူတို့၏ စွမ်းဆောင်ရည်မြှင့်တင်ခြင်းဖြင့် REDD+ ဆိုင်ရာ သတင်းအချက်အလက်များအား သက်ဆိုင်ရာ ဆက်စပ်ပတ်သက်သူများထံသို့ ဖြန့်ဝေရာတွင် ပိုမိုထိရောက်လာစေရန်အတွက် REDD+ ဆိုင်ရာ သတင်းမီဒီယာသင်တန်းကို ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း သိရသည်။

အခမ်းအနားတွင် ပြည်နယ်အင်းတိုင်းရင်းသား လူမျိုးရေးရာဝန်ကြီး ဒေါက်တာ ထွန်းလှိုင်က အမှာစကားပြောကြားပြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးနေမျိုးက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားကာ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာန သစ်တောသုတေသနဌာန ညွှန်ကြားရေးမှူး ဒေါက်တာ သောင်းနိုင်ဦးက သင်တန်းရည်ရွယ်ချက်ကို ပြောကြားသည်။

အဆိုပါသင်တန်းသို့ ပြည်တွင်း၊ ပြည်ပသတင်းမီဒီယာ ၂၀ ကျော်မှ သတင်းထောက်များ သင်တန်းသားအဖြစ် တက်ရောက်ကြပြီး သင်တန်းကာလမှာ ဇူလိုင် ၁၈ ရက်မှ ၂၆ ရက်အထိဖြစ်ကာ သင်တန်းကာလအတွင်း သင်တန်းသားများအနေဖြင့် အင်တာဗျူးခြင်း၊ သတင်းအချက်အလက်ရယူခြင်းနှင့် သတင်းရေးသားခြင်းတို့ကို လက်တွေ့ဆောင်ရွက်ရမည်ဖြစ်ကြောင်း သိရသည်။

**ဟိန်းထက်ဇော်**
**(မြန်မာ့အလင်း)**

### ထင်သာမြင်သာပြုပြင်စရာ

## မိတ္ထီလာကန်တော်ကြီးအတွင်း ရေချိုးခြင်းနှင့် ညစ်ညမ်းအဝတ်များလျှော်ဖွပ်နေခြင်းအား အရေးယူဆောင်ရွက်ပေးစေလို

အများပြည်သူမှီခိုအားထား သောက်သုံး အသုံးပြုလျက်ရှိသော မိတ္ထီလာကန်တော်ကြီးအတွင်း စည်းကမ်းမဲ့လူအချို့က ရေချိုးခြင်းနှင့် ညစ်ညမ်းအဝတ်အထည်များ လျှော်ဖွပ်လျက်ရှိသည်ကို မိတ္ထီလာမြောက်ကန် ကန်ပတ်လမ်းတစ်လျှောက်တွင် အများဆုံး တွေ့မြင်နေရသည်။

ယင်းကန်ပတ်လမ်း ဩဇာခြံရပ်ကွက်တွင် ယခင်က အများပြည်သူ ရေချိုးအဝတ်လျှော်ရန် သက်ဆိုင်ရာက အုတ်ကန်တည်ဆောက်ပေးခဲ့သော်လည်း ယခုအခါ ယင်းအုတ်ကန်ကို ဖျက်ဆီးထားသည်ကို တွေ့ရသည်။

ထို့ပြင် မြန်မာ့စီးပွားရေးဘဏ် (ပေါက်ချောင်းရပ်)၏ အရှေ့တောင်ဘက်၊ အ.ထ.က ၁ ကျောင်း၏ အရှေ့တောင်ဘက် ကန်ပတ်လမ်းတစ်လျှောက်နှင့် ကျောက်တံတားကွေ့တစ်လျှောက်တို့တွင် နံနက်ပိုင်း၊ နေ့လယ်ပိုင်းနှင့် ညနေပိုင်း အချိန်များတွင် စည်းကမ်းမဲ့စွာ အဝတ်လျှော်၊ ရေချိုးနေကြသည်ကို တွေ့မြင်နေရသည်။

အထက်ပါ ကန်ပတ်လမ်းတစ်လျှောက်တွင် ကန်အတွင်း အလွယ်တကူရေဆင်းမချိုးနိုင်ရန်နှင့် ညစ်ညမ်းအဝတ်များလျှော်ဖွပ်ခြင်းမပြုနိုင်ရန် အမြင့် ၁၀ ပေခန့်ရှိ သံဆူးကြိုးများ အခိုင်အမာ ကာရံပေးသင့်ကြောင်းနှင့် အထက်ပါ ညစ်ညမ်းအဝတ်များလျှော်ဖွပ်နေသူများ၊ ရေဆင်းချိုးနေသူများအား သက်ဆိုင်ရာမှ တားမြစ်ပေးရန် မြို့နေပြည်သူများက လိုလားလျက်ရှိကြောင်း သိရသည်။ **ခင်မောင်ဆွေ**



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် ဇနီး ဒေါ်ချိုချိုနှင့် ညှော်ပရိသတ်များက နိုင်ငံတော်ဩဝါဒါစရိယ အဘိဓဇမဟာရဋ္ဌဂုရု မဟာဝိသုတာရာမ ဈေးကုန်းကျောင်းတိုက် ပဓာန နာယကဆရာတော် ဘဒ္ဒန္တကဝိသာရထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြစဉ်။ သတင်းစဉ်

❒ **ရှေ့ဖုံးမှ**

ထို့နောက် နိုင်ငံတော်သမ္မတနှင့် ဇနီးနှင့် ညှော်ပရိသတ်များက နိုင်ငံတော်ဩဝါဒါစရိယ အဘိဓဇမဟာရဋ္ဌဂုရု မဟာဝိသုတာရာမ ဈေးကုန်းကျောင်းတိုက် ပဓာန နာယကဆရာတော် ဘဒ္ဒန္တကဝိသာရထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော်ကြီးများ ရွတ်ပွားသရဇ္ဈာယ်တော်မူသည့် မေတ္တသုတ်ပရိတ်တရားတော်များကို နာယူကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် ဇနီး ဒေါ်ချိုချိုတို့သည် ဈေးကုန်းကျောင်းတိုက် ပဓာန နာယကဆရာတော် ဘဒ္ဒန္တကဝိသာရထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

**ဆက်ကပ်လှူဒါန်း**

ယင်းနောက် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ ဦးမျိုးညွန့်နှင့် ဇနီးဒေါ်ဌေးရီ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းနှင့် ဇနီးဒေါ်အေးသီတာ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်း၊ ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်၊ ဦးကျော်တင့်ဆွေနှင့် ဒေါက်တာအောင်သူ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်နှင့် ၎င်းတို့၏ဇနီးများက ဆရာတော် သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် ဇနီးနှင့် ညှော်ပရိသတ်များက နိုင်ငံတော် ဩဝါဒါစရိယ ဈေးကုန်းကျောင်းတိုက် ပဓာနနာယက ဆရာတော်ထံမှ သံဝေဂကထာ တရားနာယူကြပြီး အာဇာနည်ခေါင်းဆောင်ကြီးများအားရည်စူးကာ ရေစက်သွန်းလောင်း အမျှပေးဝေကြသည်။

ယင်းနောက် နံနက် ၁၀ နာရီ ၃၇ မိနစ်တွင် နိုင်ငံတော်သမ္မတနှင့် ဇနီးနှင့် ညှော်ပရိသတ်များသည် နိုင်ငံတော်အတွက် အသက်ပေးလှူသွားကြသည့် အာဇာနည်ခေါင်းဆောင်ကြီးများအား ရည်စူး၍ ၂ မိနစ် ငြိမ်သက်ဂါရဝပြုကြသည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်သမ္မတနှင့် ဇနီးနှင့် ညှော်ပရိသတ်များက ဆရာတော် သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြသည်။

**သတင်းစဉ်**



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် ဇနီးဒေါ်ချိုချိုတို့ ဆရာတော် သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းစဉ်။ သတင်းစဉ်

# အာဇာနည်ခေါင်းဆောင်ကြီးများအား ရည်စူး၍ ရန်ကုန်မြို့တော်ခန်းမ၌ ဆွမ်းဆက်ကပ်လှူဒါန်း

ရန်ကုန် ဇူလိုင် ၁၉

**ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က ၂၀၁၈ ခုနှစ် (၇၁) နှစ်မြောက် အာဇာနည်နေ့ အထိမ်းအမှတ်အဖြစ် ကျဆုံးလေပြီးသော အာဇာနည်ခေါင်းဆောင်ကြီးများအား ရည်စူး၍ ဆွမ်းဆက်ကပ်လှူဒါန်းခြင်းနှင့် ရေစက်သွန်းချအမျှပေးဝေခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ မြို့တော်ခန်းမ ပထမထပ်ရှိ အစည်းအဝေးခန်းမ၌ ကျင်းပသည်။**



အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီအတွင်းရေးမှူးနှင့် ကော်မတီဝင်များ၊ ဌာနမှူးများ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဗန်းမော်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တဒေါက်တာကုမာရာဘိဝံသထံမှ ညှော်ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြကာ ဆရာတော် သံဃာတော်များ ချီးမြှင့်သည့် မေတ္တာသုတ်အစရှိသည့် ပရိတ်တရားတော်များကို နာယူကြည်ညိုကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဒုတိယဝန်ကြီးများက သံဃာတော်အရှင်သူမြတ်များထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့အကျိုးတော်ဆောင် သန်လျင်မင်းကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တစန္ဒိမာဘိဝံသထံမှ အနုမောဒနာတရားနာယူကာ ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများအား ရည်စူး၍ ရေစက်သွန်းချ အမျှပေးဝေကြသည်။ **(ဝဲပုံ)** **သတင်းစဉ်**

❖ *ရှေ့စာမှ*

ရှေးဦးစွာ အာဇာနည်ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ သမီးဖြစ်သူ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ၂၀၁၈ ခုနှစ် (၇၁)နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားကျင်းပရေး ဗဟိုကော်မတီနာယက ဒုတိယသမ္မတ ဦးမြင့်ဆွေ၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၊ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်တို့သည် အာဇာနည်ဗိမာန်နားနေဆောင်ခန်းမ၌ အာဇာနည်ခေါင်းဆောင်ကြီးများ၏ မိသားစုဝင်များကို ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။

**လွမ်းသူ့ပန်းခွေချ**

ထို့နောက် ၂၀၁၈ ခုနှစ် (၇၁) နှစ်မြောက် အာဇာနည်နေ့ကျင်းပရေး ဗဟိုကော်မတီနာယက ဒုတိယသမ္မတ ဦးမြင့်ဆွေ၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်၊ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌမန်းဝင်းခိုင်သန်း၊ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ပြည်ထောင်စုဝန်ကြီးများသည် ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများ၏ အထိမ်းအမှတ် ဂူဗိမာန်၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွမ်းသူ့ပန်းခွေကို ချ၍ အလေးပြုကြသည်။

ယင်းအချိန်တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အလံကို ဝမ်းနည်းခြင်း အထိမ်းအမှတ်အဖြစ် တိုင်ဝက်သို့ လျှော့ချလွှင့်ထူပြီး ဂုဏ်ပြုတပ်ဖွဲ့ဝင်များက သေနတ်မြောက်အလေးပြုပြီး စစ်ခရာအဖွဲ့က ကျဆုံးရဲဘော်အလေးပြုခရာမှုတ်၍ အလေးပြုကြကာ ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည် ခေါင်းဆောင်ကြီးများအား ရည်စူး၍ နှစ်မိနစ်ငြိမ်သက်စွာဖြင့် မေတ္တာပို့သ အမျှပေးဝေကြသည်။

**မေတ္တာပို့သအမျှပေးဝေ**

ထို့နောက် ဗိုလ်ချုပ်အောင်ဆန်း၏ သားဖြစ်သူ ဦးအောင်ဆန်းဦး ကိုယ်စား တူတော်စပ်သူ ဦးရဲအောင်သန်း၊ သမီးဖြစ်သူ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အပါအဝင် အာဇာနည်ခေါင်းဆောင်ကြီးများ၏ မိသားစုဝင်များက အထိမ်းအမှတ် ဂူဗိမာန်၌ လွမ်းသူ့ပန်းခွေနှင့် ပန်းခြင်းများချကာ အလေးပြုကြပြီး ဂါရဝပြု မေတ္တာပို့သ အမျှပေးဝေကြသည်။

ယင်းနောက် ၂၀၁၈ ခုနှစ် (၇၁) နှစ်မြောက် အာဇာနည်နေ့ကျင်းပရေး ဗဟိုကော်မတီဒုတိယဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များက ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများ၏ အထိမ်းအမှတ် ဂူဗိမာန်၌ လွမ်းသူ့ပန်းခွေချအလေးပြုကြသည်။

ဆက်လက်၍ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်း၊ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီ၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၊ မြန်မာနိုင်ငံဂီတအစည်းအရုံး၊ မြန်မာနိုင်ငံ သဘင်ပညာရှင်များအစည်းအရုံး၊ မြန်မာနိုင်ငံ ပန်းချီ၊ ပန်းပုအစည်းအရုံး(ဗဟို)၊ မြန်မာနိုင်ငံစာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်း၊

*စာမျက်နှာ ၅ သို့*



ဒုတိယသမ္မတ ဦးမြင့်ဆွေ၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၊ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်တို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွမ်းသူ့ပန်းခွေကို အထိမ်းအမှတ်ဂူဗိမာန်၌ ချစဉ်။ သတင်းစဉ်



ဗိုလ်ချုပ်အောင်ဆန်း၏သားဖြစ်သူ ဦးအောင်ဆန်းဦးကိုယ်စား တူတော်စပ်သူ ဦးရဲအောင်သန်း လွမ်းသူ့ပန်းခွေချ ဂါရဝပြုစဉ်။ သတင်းစဉ်



သခင်မြဂူဗိမာန်၌ သခင်မြ၏မိသားစုဝင်များ လွမ်းသူ့ပန်းခွေချ ကန်တော့စဉ်။ သတင်းစဉ်



ဒီးဒုတ်ဦးဘချို ဂူဗိမာန်၌ ဒီးဒုတ်ဦးဘချို၏ မိသားစုဝင်များ လွမ်းသူ့ပန်းခွေချ ကန်တော့စဉ်။ သတင်းစဉ်



ဦးဘဝင်းဂူဗိမာန်၌ ဦးဘဝင်း၏ မိသားစုဝင်များ လွမ်းသူ့ပန်းခွေချစဉ်။ သတင်းစဉ်



မန်းဘခိုင် ဂူဗိမာန်၌ မန်းဘခိုင်၏မိသားစုဝင်များ လွမ်းသူ့ပန်းခွေချ ဂါရဝပြုစဉ်။ သတင်းစဉ်



မန်းဘခိုင် ဂူဗိမာန်၌ မန်းဘခိုင်၏မိသားစုဝင်များကိုယ်စား လွမ်းသူ့ပန်းခွေချ ဂါရဝပြုစဉ်။ သတင်းစဉ်



မိုင်းပွန်စော်ဘွားကြီး စဝ်စံထွန်း ဂူဗိမာန်၌ မိုင်းပွန်စော်ဘွားကြီးစဝ်စံထွန်း၏ မိသားစုဝင်များ လွမ်းသူ့ပန်းခွေချစဉ်။ သတင်းစဉ်



ဦးရာဇတ် ဂူဗိမာန်၌ ဦးရာဇတ်၏မိသားစုဝင်များ လွမ်းသူ့ပန်းခွေချ ဂါရဝပြုစဉ်။ သတင်းစဉ်



ဦးအုန်းမောင် ဂူဗိမာန်၌ ဦးအုန်းမောင်၏မိသားစုဝင်များ လွမ်းသူ့ပန်းခွေချကန်တော့စဉ်။ သတင်းစဉ်



ရဲဘော်ကိုထွေး ဂူဗိမာန်၌ ရဲဘော်ကိုထွေး၏မိသားစုဝင်များ လွမ်းသူ့ပန်းခွေချဂါရဝပြုစဉ်။ သတင်းစဉ်

*စာမျက်နှာ ၄ မှ*

မြန်မာနိုင်ငံ စာရေးဆရာအသင်း၊ မြန်မာနိုင်ငံ သတင်းစာဆရာအသင်း၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်၊ မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းတို့အပါအဝင် လူမှုရေးအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များက ဗိုလ်ချုပ်အောင်ဆန်းနှင့် တကွ အာဇာနည် ခေါင်းဆောင်ကြီးများ၏ အထိမ်းအမှတ်ဂူဗိမာန်၌ လွမ်းသူ့ပန်းခွေချ အလေးပြုကြသည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများ၊ ဥရောပသမဂ္ဂနှင့် ကုလသမဂ္ဂ လက်အောက်ခံအဖွဲ့အစည်းများမှ သံအမတ်ကြီးများ၊ သံရုံး ယာယီတာဝန်ခံများနှင့် ကိုယ်စားလှယ်များက ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည် ခေါင်းဆောင်ကြီးများ၏ အထိမ်းအမှတ်ဂူဗိမာန်၌ လွမ်းသူ့ပန်းခွေချအလေးပြုကြသည်။

ယင်းနောက် ၂၀၁၈ ခုနှစ် (၇၁) နှစ်မြောက် အာဇာနည်နေ့အခမ်းအနားသို့ တက်ရောက်လာကြသည့် ပြည်သူလူထုများက ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည် ခေါင်းဆောင်ကြီးများ၏ ကျေးဇူးတရားကို အောက်မေ့သတိရခြင်းအားဖြင့် အာဇာနည်ဗိမာန်သို့ တစ်ခဲနက် လာရောက်ဂါရဝပြုကြသည်။

ယနေ့ ၂၀၁၈ ခုနှစ် (၇၁)နှစ်မြောက် အာဇာနည်နေ့အခမ်းအနားကျင်းပရာ အာဇာနည်ဗိမာန်သို့ ပြည်သူလူထု ၅၁၀၇၁ ဦး တက်ရောက် ဂါရဝပြုကြသည်။

ထို့အတူ ရန်ကုန်မြို့ဗဟန်းမြို့နယ်ရှိ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်သို့ ပြည်သူလူထု ၂၀၂၁၃ ဦးနှင့် အာဇာနည် ခေါင်းဆောင်ကြီးများကျဆုံးရာ ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ်ရှိ ဝန်ကြီးများရုံး (အတွင်းဝန်ရုံး)သို့ ပြည်သူလူထု ၁၉၇၂၆ ဦးတို့ လာရောက်လေ့လာခဲ့ကြသည်။

**သတင်းစဉ်**



ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က အာဇာနည်ခေါင်းဆောင်ကြီးများ၏ ဂူဗိမာန်၌ လွမ်းသူ့ပန်းခွေချအလေးပြုစဉ်။ သတင်းစဉ်

၂၀၁၈ ခုနှစ် ဇူလိုင် ၁၉ ရက် ရန်ကုန်မြို့ တက္ကသိုလ်ရိပ်သာလမ်း၊ ဒေါ်အောင်ဆန်းစုကြည်နေအိမ်တွင် ပြုလုပ်သည့် (၇၁) ကြိမ်မြောက် အာဇာနည်နေ့အထိမ်းအမှတ်ပွဲတွင် ဟောသည့်တရား

# အာဇာနည်ပုဂ္ဂိုလ်များနဲ့ နွယ်ကြိုးတစ်ကိုက်စာ

မမ္မဘေရီ အရှင် ဝီရိယ (တောင်စွန်း)

ကိုယ့်အတွက်ဆိုလို့ လောဘ၊ ဒေါသစတဲ့ ကိလေသာလျော့ပါးပြီး အသိပညာမြင့်မားရေးကလွဲလို့ ဘာအကျိုးမှမမျှော်ကိုးဘဲ လောကတိုးတက်ကြီးပွားရေးအတွက် အကြောင်းနဲ့အကျိုးကို အထူးခွဲခြားသိမြင်ကျင့်သုံးကြတဲ့ ပုဂ္ဂိုလ်များကိုပဲ "အာဘုသံ ကာရဏာ ကာရဏံ ဇာနာတီတိ အာဇာနိယော" "အာဘုသံ= အလွန်အမင်း၊ ကာရဏာကာရဏာ= အကြောင်းနဲ့အကျိုးကို၊ ဇာနာတီတိ=သိတတ်တဲ့အတွက်၊ အာဇာနိယော= အာဇာနည် မည်တယ် " လို့ ဆိုရတာပါ။

လယ်တီဆရာတော်ဘုရားကြီးရဲ့ "ဥတ္တမပုရိသဒီပနီ" ဆိုတဲ့ စာအုပ်က အာဇာနည်ကျင့်စဉ်ကို အပြည့်အစုံရေးပြတဲ့ စာအုပ်ပါ။ အဲဒီစာအုပ်မှာ အာဇာနည်စိတ်ဓာတ်ကို မျိုးစေ့ချ ပေးတဲ့ တရားနဲ့ အာဇာနည်တို့ကို မွေးဖွားပေးတဲ့ မိဘသဖွယ် တရားတို့ကိုလည်း ဆရာတော်ကြီးက ကောက်ချက်ချ ပြထားပါတယ်။

**မျိုးစေ့ချပေးတဲ့တရား**

အာဇာနည်စိတ်ဓာတ်ကို မျိုးစေ့ချပေးတဲ့တရားကတော့ ဘုရားအလောင်းရဲ့ အစဦးဆုံးဖြစ်စဉ်ကို လေ့လာကြည့်ရင်လည်း သိသာပါတယ်။ ဘုရားအလောင်းအဖြစ် တရားဝင်သတ်မှတ်ခံရတဲ့ သုမေဓာရှင်ရသေ့ရဲ့ ဖြစ်စဉ်မှာ ပထမဆုံး သုမေဓာသူဌေးသားအဖြစ်နဲ့ သုံးမကုန်နိုင်လောက်အောင် များပြားလှတဲ့ စည်းစိမ်ဥစ္စာတွေကိုစွန့်လွှတ်ပြီး ရသေ့ပြုခဲ့တာရယ်၊ ဈာန်ရ ရသေ့အဖြစ်နဲ့ ဒီပင်္ကရာဘုရားရှင်နဲ့ နောက်ပါ သံဃာလေးသိန်းတို့ ကြွလာမယ့်လမ်းကို ပြုပြင်ရာမှာ နောက်ဆုံးကျန်နေတဲ့ ကိုယ်တစ်လျားစာ ညွန်ဗွက်ကြီးကိုပြီးစီးဖို့ ကိုယ်နဲ့ အသက်ကို မငဲ့ကွက်ဘဲ အလျားစင်းပြီး တံတားခင်းပေးခဲ့တာရယ်ကို ကြည့်ပြီး ဒီပင်္ကရာဘုရားရှင်က " အများအကျိုးအတွက် ကိုယ်နဲ့အသက်ကို မငဲ့မကွက် စွန့်လွှတ်နိုင်တဲ့ နိက္ခမဓာတ်ခံ အားကြီးသူဟာ ပါရမီခရီးကြမ်းကို ဖြတ်သန်းဖြည့်ကျင့်ပြီး သဗ္ဗညုဘုရားဖြစ်နိုင်လောက်တဲ့၊ အာဇာနည်ဖြစ်နိုင်တဲ့ ယောကျ်ားကောင်းဖြစ်တယ်လို့ သတ်မှတ်ဗျာဒိတ်ပေးတော်မူခဲ့တာပါ။

ဒီလို စွန့်လွှတ်နိုင်စွမ်းရှိတဲ့ စိတ်ဓာတ်ကိုဖြစ်စေတဲ့ တရားဟာ-

" ကာမတော စ= ပိုင်ဆိုင်သမျှ စည်းစိမ်ဥစ္စာဟူသမျှကိုရော၊ ဘဝတော စ= အသက်ခန္ဓာဘဝကိုရော၊ နိက္ခမ္မလက္ခဏံ= ထွက်ခွာ ကျွတ်လွတ်ခြင်းအမှတ် လက္ခဏာရှိလို့၊ နေက္ခမ္မံ= နိက္ခမမည်တယ်" လို့ ဆိုပါတယ်။ ဒီတရားဟာ အာဇာနည် စိတ်ဓာတ်ကို မျိုးစေ့ချပေးတဲ့တရားပါပဲ။

"အာဇာနည်ဆိုတာ အကြောင်းနဲ့အကျိုးကို ထူးထူး ခြားခြားသိတတ်လို့" ဆိုတဲ့ စကားက အတော်လေး တွေးဆ စဉ်းစားစရာကောင်းတဲ့ စကားပါ။

**အကြောင်းကောင်းရေးကိုသာ ဦးတည်**

သတ္တဝါအားလုံးလိုလိုဟာ အကျိုးကိုသာ သိတတ်၊ စိတ်ဝင်စားတတ်ကြပြီး အကျိုးကိုပဲ မျှော်လင့်တောင့်တလေ့ ရှိကြပါတယ်။ အာဇာနည်ပုဂ္ဂိုလ်တို့ရဲ့ စိတ်ဓာတ်မှာတော့ " အကျိုး" ထက် "အကြောင်း" တရားကိုသာ အထူးသိပြီး စိတ်လည်းဝင်စားတယ်။ လုပ်ဆောင်ရာမှာလည်း ကိုယ့်အတွက်နဲ့ ပတ်သက်ရင် " အကျိုးကောင်းကောင်းရရေး" ထက် "အကြောင်း "ကောင်းရေးကိုသာ ဦးတည်လုပ်ဆောင်ကြသူ ဖြစ်ပါတယ်တဲ့။

"သတ္တဝါအားလုံးလိုလိုဟာ အကျိုးကိုသာ သိတတ်၊ စိတ်ဝင်စားတတ်ကြပြီး အကျိုးကိုပဲ မျှော်လင့်တောင့်တလေ့ ရှိကြပါတယ်။ အာဇာနည်ပုဂ္ဂိုလ်တို့ရဲ့ စိတ်ဓာတ်မှာတော့ "အကျိုး" ထက် "အကြောင်း" တရားကိုသာ အထူးသိပြီး စိတ်လည်းဝင်စားတယ်။ လုပ်ဆောင်ရာမှာလည်း ကိုယ့်အတွက်နဲ့ ပတ်သက်ရင် "အကျိုးကောင်းကောင်းရရေး" ထက် "အကြောင်း" ကောင်းရေးကိုသာ ဦးတည်လုပ်ဆောင်ကြသူဖြစ်ပါတယ်"

ဟုတ်ပါတယ်။ သဗ္ဗညုတဉာဏ်တော်ကြီးကို ရရှိတဲ့အခါ ဝမ်းမြောက်ဝမ်းသာ ကျူးရင့်တဲ့ ဥဒါန်းဂါထာမှာလည်း "ဂတ ကာရက ဒိဋ္ဌောသိ= ငါဟာ ဒုက္ခရဲ့ အကြောင်းတရားကို ကောင်းကောင်းကြီး သိခဲ့ပြီ" လို့ ကြွေးကြော်တော်မူခဲ့ပါတယ်။ ပုဂံခေတ်မှာလည်း ဒီအကြောင်း ကောင်းကောင်းသိကြပုံ ရပါတယ်။ သိင်္ဃသူ့သမီးကျောက်စာမှာ "ငါသည် အကြောင်းကို သိသူ ဖြစ်ရလို၏ " လို့ ဆုတောင်းထားတာ တွေ့ရပါတယ်။

အာဇာနည်စိတ်ဓာတ်မျိုးစေ့လေးကနေ အာဇာနည်တို့ရဲ့ လုပ်ငန်းဖြစ်တဲ့ ပါရမီ (၁၀) ပါး ပြည့်စုံပြီးမြောက်အောင် မွေးဖွားစောင့်ရှောက်ပေးတဲ့ တရားအဖြစ်နဲ့တော့ သူတစ်ပါးတို့ ကျူးကျူးလွန်လွန် တာဝန်ဖြစ်ဖို့သမျှကို ရန်ငြိုးမျက်မာန် တုံ့ပြန်မရှိဘဲ သည်းခံတဲ့ "ခန္တီ" တရားဆိုတဲ့ မိခင်နဲ့၊ ချီးမြှောက်ရှုတ်ချ နှစ်ဌာနလုံးကို အတူအမျှထား လျစ်လျူရှုတတ်ပြီး "မိတ်နဲ့ရန်သူ မခွဲခြား တစ်သားတည်းထားနိုင်တဲ့ ဥပေက္ခာ" တရားဆိုတဲ့ ဖခင်တို့က မွေးဖွားစောင့်ရှောက်ပေးကြတယ်လို့ ဆိုပါတယ်။

ဒီနေရာမှာ လယ်တီဆရာတော်ကြီးကတော့ ချောက်ထဲကျပြီး သေဘေးကြုံနေရတဲ့ မုဆိုးပုဏ္ဏားကို ချောက်ထဲကနေ ခဲခဲယဉ်းယဉ်းကယ်တင်ခဲ့တဲ့ ဘုရားလောင်း မျောက်မင်းဇာတ်ကို သာဓကအဖြစ်နဲ့ ထုတ်ပြပါတယ်။

ဒီနေ့ အဓိကပြောလိုတဲ့အချက်နဲ့ ကိုက်ညီစေဖို့အတွက် တခြား မျောက်မင်းဇာတ်တစ်ခုဖြစ်တဲ့ ဇာတ်တူမျောက်အမျိုးအနွယ် ရှစ်သောင်းတို့ကို အသက်ဘေးမှ ကယ်တင်ခဲ့တဲ့ ဇာတက (၄၀၇) မဟာကပိဇာတ်ကြောင်းကို နည်းနည်းပြောချင်ပါတယ်။

ဇာတ်ကြောင်းကတော့ အားလုံးကြားဖူးသူ များပါတယ်။ ဘုရားအလောင်းမျောက်မင်းဘဝက ဂင်္ဂါမြစ်ကမ်းနားမှာ မျောက်အပေါင်း ရှစ်သောင်းနဲ့ အတူနေကြတယ်။ ဂင်္ဂါမြစ် တစ်ဖက်ကမ်းမှာ အလွန်ထူးခြားတဲ့ သရက်ပင်ကြီးတစ်ပင် ရှိတယ်။ အသီးမှည့်ချိန်မှာ မျောက်အားလုံးဟာ သရက်သီးတွေ စားကြတယ်။

သရက်ပင်ရဲ့မြစ်ဘက် အသီးကြွေကျတတ်တဲ့အကိုင်းက အသီးမှန်သမျှကို သီးခါစအရွယ်ကစပြီး မျောက်အပေါင်းကို ခြွေချဖျက်ဆီးပစ်ဖို့ ခိုင်းခဲ့ပေမယ့် ကျန်နေတဲ့ အသီးမှည့် တစ်လုံးက မြစ်ရေနဲ့အတူ မျောပါရာက ရေချိုးဆင်းတဲ့ ရှင်ဘုရင်နဲ့တွေ့ပြီး ချိုမြိန်တဲ့အရသာကို နှစ်သက်စွဲလမ်းသွားလို့ သရက်ပင်ရှိရာကို အရောက်လာကြတယ်။

နေ့ခင်းမှာ သရက်သီးမှည့်ကို စားပြီးတော့လည်း မပြန်ကြသေးဘဲ နောက်ပါစစ်တပ်နဲ့အတူ သရက်ပင်အောက်မှာပဲ ညအိပ်စောင့်နေကြတာ။ ညသန်းခေါင်မှာ မျောက်တွေကလည်း ရောက်လာပြီး သရက်သီးမှည့်တွေ စားကြတာပေါ့။ အသံတွေ ဆူညံတော့ ဘုရင်နဲ့ နောက်ပါ ရဲမက်တွေက မျောက်တွေမှန်း သိတဲ့အခါ "မနက်ဖြန်တော့ သရက်သီးမှည့်ရော မျောက်သားဟင်းပါ စားကြမယ်... ဝိုင်းထားကြ" ဆိုပြီး လေးမြားတွေနဲ့ ဝိုင်းထားကြတယ်။

လင်းခါနီး မျောက်တွေ ပြန်ချိန်တန်လို့ အပင်အောက် ကြည့်လိုက်တဲ့အခါ လေးမြားကိုင်ရဲမက်တွေ ဝိုင်းရံထားတာ မြင်ကြတော့ မျောက်တွေ မပြန်နိုင်ဘဲ ဘုရားလောင်း မျောက်မင်းကို အကြံတောင်းကြတယ်။ ဘုရားလောင်းက "ဘာမှ အားမငယ်ကြနဲ့ သင်တို့အားလုံးအသက်ကို ငါကယ်တင်မယ်"ဆိုပြီး အမြင့်ဆုံးအကိုင်းအထိ တက်လိုက်တယ်။ မြစ်ကမ်းဘက် အစွန်ဆုံးကိုင်းအထိသွားပြီးတော့မှ လေးအပြန်တစ်ရာခန့်ရှိတဲ့ တစ်ဖက်ကမ်းချုံကြီးပေါ် ခုန်ကူးလိုက်တယ်။ ဘုရားလောင်းမျောက်မင်းက ခွန်အားကြီးမားတဲ့အတွက် တစ်ဖက်ကမ်းကို ရောက်အောင် ခုန်ကူးနိုင်ပေမယ့် ကျန်တဲ့မျောက်တွေကတော့ မကူးနိုင်ပါဘူးတဲ့။

အလောင်းတော်မျောက်မင်း သရက်ပင်ကိုင်းဖျားကနေ တစ်ဖက်ကမ်းက ချုံကြီးပေါ်ကို ခုန်ကူးလိုက်တယ်။ ပြီးတော့ လေထဲမှာ ခုန်ကူးခဲ့တဲ့ အကွာအဝေးကိုလည်း ခန့်မှန်းတွက်ချက်ခဲ့တယ်။ တစ်ဖက်ကမ်းရောက်တော့ သစ်ပင်မှာ ချည်တုပ်ဖို့နဲ့ သရက်ပင်ကိုင်းဖျားအထိ အကွာအဝေးကို တွက်ပြီး ကြိမ်နွယ်တစ်ခုကို ဖြတ်လိုက်ပြီး အရင်းနဲ့သစ်ပင်မှာ အခိုင်အမာချည်လိုက်တယ်။ ပြီးတော့ အဖျားနဲ့ ခါးကို ချည်ပြီး တစ်ဖက်ကမ်းကို ခုန်ကူးလိုက်တယ်။ ကြိမ်နွယ်ကို ဖြတ်စဉ်က ခါးမှာ ချည်ဖို့ နွယ်ကြိုးတစ်ကိုက်စာကို ထည့်မတွက်မိတဲ့အတွက် သရက်ပင်အကိုင်းပေါ်အထိ မရောက်လိုက်ဘူး။ ကိုင်းဖျားကို ဆွဲမိတော့ နွယ်ကြိုးက ဆုံးပြီ။

**ကိုယ်နဲ့အသက်ကို မငဲ့ကွက်**

ဒါပေမယ့် အလောင်းတော်ဟာ ဆုံးဖြတ်ချက်ချထားပြီးတဲ့အတိုင်း ကိုယ်နဲ့အသက်ကို မငဲ့ကွက်တဲ့ နိက္ခမစွမ်းအားကြောင့် အချိန်ဆွဲပြီး စဉ်းစားမနေဘူး။ မျောက်အပေါင်းကို သူ့ကိုယ်ပေါ်က ကျော်လွှားပြီး အမြန်ကူးကြဖို့ တိုက်တွန်းလိုက်တယ်။ မျောက်အားလုံးလိုလိုကပဲ တောင်းပန်ကန်တော့ပြီး မျောက်မင်းကိုယ်ပေါ်က ကျော်လွှားကြပြီး နွယ်ကြိုးအတိုင်း တစ်ဖက်ကမ်း ကူးသွားကြတယ်။

နောက်ဆုံးကျန်နေတဲ့ ဒေဝဒတ်လောင်း မျောက်ကတော့ "ငါ့ရန်သူကို လုလုကြီး ကလဲ့စားချေရတော့မယ်" ဆိုတဲ့ အကြံဆိုးနဲ့ အမြင့်ဆုံးကိုင်းအထိ တက်ပြီးတော့မှ အလောင်းတော်မျောက်မင်းရဲ့ကိုယ်ပေါ်တည့်တည့်ခုန်ချလိုက်တော့ အလောင်းတော်ရဲ့ နှလုံးသား ကွဲအက်သွားပါတော့သတဲ့။

ဒါပေမယ့် အလောင်းတော်ရဲ့ "သူတစ်ပါးပြုမှား ပြစ်မှားမှုစတဲ့ ပြင်ပဒုက္ခနဲ့ ကိုယ်တွင်းဒုက္ခတို့ကြောင့် စိတ်ညစ်ညူးခြင်း၊ နှလုံးမသာ မျက်နှာမသာဖြစ်ခြင်းမရှိ သည်းခံနိုင်တဲ့ ခန္တီစွမ်းအား" နဲ့ ပူဇော်ချီးမွမ်းသူ၊ ပြစ်မှားနှိပ်စက်ကဲ့ရဲ့သူတို့ကို သာယာမုန်းတီးမှုမရှိ လျစ်လျူရှုတဲ့ ဥပေက္ခာစွမ်းအားကြောင့် နာကျင်မှုကို ဂရုမပြုဘဲ ပြစ်မှားတဲ့မျောက် တစ်ဖက်ကမ်းရောက်အောင်ပဲ သစ်ကိုင်းလက်မလွှတ်ဘဲ ဇွဲတင်းပြီး ကယ်ဆယ်ခဲ့ပါသတဲ့။

ဒီနေရာမှာ တကယ်လို့သာ ကိုယ်နဲ့အသက် မငဲ့ကွက်ဘဲ စွန့်လွှတ်နိုင်တဲ့ နိက္ခမတရားနဲ့ ခန္တီဥပေက္ခာတရားတို့သာ မရှိခဲ့ရင် နောက်ဆုံး ရန်သူမျောက် ခုန်ချတဲ့ဒဏ်ကြောင့် နာကျင်ချိန်မှာ သစ်ကိုင်းကို ဆွဲမထားဘဲ လွှတ်ချလိုက်နိုင်ပါတယ်။

ဒီလိုသာ လွှတ်ချလိုက်ရင် ကိုယ်တိုင်က နှလုံးကွဲသွားပြီ ဖြစ်လို့ သေရမှာ မထူးပေမယ့် ခုန်ချတဲ့ မျောက်လည်း တစ်ဖက်ကမ်းမရောက်ဘဲ နှစ်ကောင်ပေါင်း သေပွဲဝင်ရမှာပါ။ ဒီလိုဖြစ်သွားခဲ့ရင် ပြစ်မှားတဲ့ ဒေဝဒတ်အလောင်း မျောက်သာမက ဘုရားအလောင်းရဲ့ ပါရမီတွေဟာလည်း သေပွဲဝင်သွားတော့မှာပါ။

ဘာကြောင့်လဲဆိုရင် အာဇာနည်တို့ရဲ့ လုပ်ငန်း (၁၀) မျိုးမှာ "သစ္စာ" တရားဟာ ပါရမီအားလုံးရဲ့အသက်ပါ။ အရိယသစ္စာကို ရရှိရေးလုပ်ငန်း ပါရမီ (၁၀) မျိုးမှာ "ဝစီကံသစ္စာ" ဟာ အဓိကအသက်သွေးကြောပါပဲ။ ဒါကြောင့်လည်း အလောင်းတော်ဘဝမှာ လောကတ္ထစရိယ ဉာတတ္ထစရိယအတွက် အခြားဒုစရိုက်များကို မလွှဲမရှောင်သာ ကျူးလွန်ရတာ ရှိကောင်းရှိတတ်ပေမယ့် (တိရစ္ဆာန်ဆိုတဲ့ အပါယ်ဘုံဖြစ်ရတာတွေကို ကြည့်ရင် ပါရမီလုပ်ငန်းမှာ ဒုစရိုက်မကင်းခဲ့ဘူးဆိုတာလည်း ထင်ရှားပါတယ်) မုသာဝါဒ ဒုစရိုက်ကိုတော့ နိယတ ဗျာဒိတ်ရချိန်ကစပြီး လုံးဝလွန်ကျူးခြင်း မရှိခဲ့ပါဘူးတဲ့။

အခုကိစ္စမှာလည်း ဒေဝဒတ်လောင်းက ကိုယ်ပေါ် ခုန်ချတာကို အကြောင်းပြုပြီး "ငါလည်း သေသူဖြစ်နေပြီ မထူးတော့ဘူး၊ ဒင်းပါသေအောင် သစ်ကိုင်းကို လွှတ်လိုက်မယ်" ဆိုပြီး ဆုံးဖြတ်မှားခဲ့ရင် "သင်တို့အားလုံးကို ငါကယ်မယ်" ဆိုတဲ့ ဝစီကံသစ္စာ ကျိုးပျက်သွားမှာပါ။

"မုသာဝါဒဿ ဒန္တုနော၊ နတ္ထိပါမံ အကာရိယံ မုသား ပြောသူမှာ မပြုတဲ့ အကုသိုလ်မရှိတော့" (ဓမ္မပဒ-၃၉) ဆိုတဲ့အတိုင်း ပါရမီအားလုံး ပျက်စီးသေဆုံးရတော့မှာပါ။

ဒါကြောင့် "အသက်သာ အသေခံမယ်၊ ပါရမီ မသေစေရ" ဆိုတဲ့ အဓိဋ္ဌာန်နဲ့ သစ်ကိုင်းကို မလွှတ်ဘဲ မြဲအောင် ကြိုးစား ဆွဲကိုင်ထားလို့ ပြစ်မှားတဲ့ မျောက်လည်း တစ်ဖက်ကမ်းအထိ အန္တရာယ်မရှိ ရောက်သွားခဲ့ပါတယ်။

ဒီဇာတ်မှာ ရှင်ဘုရင်က အရှင်အာနန္ဒာအလောင်းဖြစ်တဲ့အတိုင်း မျောက်မင်းရဲ့ လုပ်ဆောင်ချက်တွေကို အစအဆုံး မြင်ရတော့ ကြည်ညိုစိတ်ဖြစ်လာတာနဲ့ မင်းချင်းများကို သစ်ကိုင်းအထိ တက်ဖြုတ်စေပြီး မျောက်မင်းကို ပြုစုပေးပါသတဲ့။ ဒါပေမယ့် နှလုံးသားကွဲသွားပြီဖြစ်တဲ့ မျောက်မင်းက ရှင်ဘုရင်ကို ဆုံးမစကားပြောကြားအပြီးမှာ ကွယ်လွန်သွားခဲ့ပါတယ်။

ရှင်ဘုရင်က မျောက်မင်းကို မင်းခမ်းမင်းနားလို သင်္ဂြိုဟ်စေပြီး မီးသင်္ဂြိုဟ်တဲ့နေရာမှာလည်း စေတီတစ်ခု တည်ထားပူဇော်ပါတယ်။ ဦးခေါင်းရိုးကြွင်းကိုလည်း နန်းတော်အထိ သယ်ယူပြီး ဓာတုပူဇော်ပွဲ ကျင်းပပူဇော်ခြင်းနဲ့ စေတီတည်ထား ပူဇော်ခြင်းပြုပါသတဲ့။

ဒီနေရာမှာ ဒီနေ့ပြောချင်တဲ့အချက်ဆိုတာကတော့ လောကတ္ထစရိယ အားစိုက်လွန်းတဲ့ အာဇာနည်များဟာ နိက္ခမတရား အားသန်ကြတဲ့အတွက် ကိုယ်ကျိုးကိုယ်တွက်ကို လုံးဝ ထည့်မတွက်မိတဲ့အခါ လောကမှာလည်း နစ်နာရတဲ့ ကိစ္စပါ။

**နွယ်ကြိုးတစ်ကိုက်စာ**

အလောင်းတော်မျောက်မင်းဟာ သူ့အတွက် ခါးချည်စရာ နွယ်တစ်ကိုက်စာလောက်ကို ထည့်မတွက်မိတဲ့အတွက် သစ်ကိုင်းပေါ်ထိ မရောက်နိုင်ဘဲ ကိုင်းဖျားကို လက်နဲ့ ဆွဲကိုင်ထားပြီး အမျိုးအနွယ်တို့ကို အသက်ဘေးလွတ်ရေး အားထုတ်ခဲ့တဲ့အတွက် သူ့အသက်စွန့်ရတာဟာ သူ့အတွက် မဆန်းပေမယ့် ကျန်ရစ်တဲ့ မျောက်အမျိုးအနွယ်တို့မှာ နောက်တက်ပြီး ဗိုလ်လုပ်မယ့် ဒေဝဒတ်လောင်းမျောက်ရဲ့ ဒဏ်ကို ခံရတော့မှာပါ။ သေရေးရှင်ရေး ကြုံရင်လည်း အားကိုးရာမဲ့သွားကြပါပြီ။

ဒါကြောင့် ကိုယ့်အတွက် စည်းစိမ်ရော အသက်ခန္ဓာပါ မငဲ့မကွက်တဲ့ နိက္ခမတရားရှင်များဟာ မှီခိုအားထားသူများရဲ့ အကျိုးကို ရေရှည်သယ်ပိုးနိုင်ရေးအတွက် "နွယ်ကြိုး တစ်ကိုက်စာ" ကိုလည်း အလေးထားသင့်ပါတယ်ဆိုတဲ့ အကြောင်းပါ။

ခု ဗိုလ်ချုပ်အောင်ဆန်းစတဲ့ အာဇာနည်ပုဂ္ဂိုလ်များ ဟာလည်း "ကိုယ့်အတွက် နွယ်ကြိုးတစ်ကိုက်" ကို အလေး မထားကြတဲ့အတွက် ဒီအဖြစ်မျိုး ကြုံကြရတာပါ။

သူတို့က နိက္ခမတရားရှင်တွေ၊ ခန္တီ ဥပေက္ခာ အားကြီးသူတွေမို့ "သေတာဟာ အဆန်းမဟုတ်" ဆိုပေမယ့် ကျန်ရစ်တဲ့ ပြည်သူတွေမှာက သူတို့ရယူပေးခဲ့တဲ့ အရာဟာ "လွတ်လပ်ရေးလား၊ ကျိန်စာလား" မခွဲခြားနိုင်လောက်အောင် ဆင်းရဲဒုက္ခ များခဲ့ရတာဟာ လွတ်လပ်ရေးရပြီးကတည်းက ဒီနေ့ထိလောက်ပါပဲ။ ဒါကြောင့် ပြည်သူ့အကျိုး အပြည့်အဝသယ်ပိုးနိုင်ရေး အတွက် နောင်လာနောက်သား အာဇာနည်တိုင်း "နွယ်ကြိုး တစ်ကိုက်" ကို ပေါ့ပေါ့တန်တန် သဘောမထားလိုက်ကြပါနဲ့၊ အလေးအနက်ထား ဂရုပြုကြပါလို့။ ဒါဟာ ကိုယ်ကျိုးအတွက် မဟုတ်ပါဘူး။ ပြည်သူ့အကျိုးအတွက် လိုအပ်ချက်အစစ်ပါလို့ သတိပေးတိုက်တွန်းချင်ပါတယ်။ ။

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် အာဇာနည်ခေါင်းဆောင်ကြီးများကို ရည်စူး၍ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်

**ရန်ကုန် ဇူလိုင် ၁၉**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ယနေ့ နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် တက္ကသိုလ်ရိပ်သာလမ်း အမှတ် ၅၄ နေအိမ်တွင် ဖခင်ဖြစ်သူ ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများကိုရည်စူး၍ ဆရာတော် သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းသည်။

**တက်ရောက်**

အဆိုပါ ဆွမ်းဆက်ကပ်လှူဒါန်းပွဲသို့ အရှင်ဝီရိယ(ဓမ္မဘေရီ) တောင်စွန်းဆရာတော် အမှူးပြုသော ဆရာတော် သံဃာတော် ၁၅ ပါး ကြွရောက်ချီးမြှင့်တော်မူကြပြီး နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့်ဇနီး၊ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ဦးတီခွန်မြတ်နှင့်ဇနီး၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၊ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ ပြည်ထောင်စုလွှတ်တော်ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင် ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့်ဇနီး၊ ပြည်ထောင်စု ငြိမ်းချမ်းရေးကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်းနှင့်ဇနီး၊ သမ္မတရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းသူနှင့်ဇနီး၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နာယက ဦးတင်ဦးနှင့်ဇနီး၊ ဆွေမျိုးမိတ်သင်္ဂဟများ တက်ရောက်ကြသည်။

**ဆက်ကပ်လှူဒါန်း**

ရှေးဦးစွာ အရှင်ဝီရိယ(ဓမ္မဘေရီ) တောင်စွန်းဆရာတော်ထံမှ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့်အတူ ဧည့်ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော် သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ဖခင်ဖြစ်သူ ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများအားရည်စူး၍ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ဧည့်ပရိသတ်များက ရေစက်သွန်းချအမျှပေးဝေကာ ဆရာတော် သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းသည်။ **သတင်းစဉ်**



ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများအား ရည်စူး၍ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ဧည့်ပရိသတ်များက ဆရာတော် သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းစဉ်။ သတင်းစဉ်

# အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း အောက်မေ့ဖွယ်ရာ ဘာသာပေါင်းစုံ ဆုတောင်းပွဲကျင်းပ

**ရန်ကုန် ဇူလိုင် ၁၉**

(၇၁)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း အောက်မေ့ဖွယ်ရာ ဘာသာပေါင်းစုံ ဆုတောင်းပွဲ အခမ်းအနားကို ယနေ့ ညနေ ၃ နာရီခွဲတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် တက္ကသိုလ်ရိပ်သာလမ်းရှိ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ နေအိမ်၌ ကျင်းပသည်။

ရှေးဦးစွာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ဘာသာပေါင်းစုံမှ တာဝန်ရှိသူများသည် ဗိုလ်ချုပ်အောင်ဆန်းကို အောက်မေ့သတိရခြင်း အထိမ်းအမှတ်အဖြစ် နှစ်မိနစ်ငြိမ်သက် ဂါရဝပြုကြသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံလုံးဆိုင်ရာ ဟိန္ဒူအဖွဲ့ချုပ်၏ ဟိန္ဒူအမျိုးသမီးအဖွဲ့ တွဲဖက်အတွင်းရေးမှူး ဆူဂန်သီး၊ အစ္စလာမ်ဓမ္မဗိမာန် ဦးဆောင်ဆော်သြရေးမှူး အယ်လ်ဟာဂျ် ဦးအေးလွင်၊ မြန်မာနိုင်ငံ ဂျူးဘာသာ အသင်းခေါင်းဆောင် Sammy Samuels၊ နိုင်ငံလုံးဆိုင်ရာ ဘဟာအီသာသနာအဖွဲ့ချုပ်အဖွဲ့ဝင် ဦးတင်ဇော်မင်း၊ မြန်မာနိုင်ငံ ခရစ်ယာန်အသင်းတော်များ ကောင်စီ ဒုတိယဥက္ကဋ္ဌ ဂိုဏ်းချုပ် ဆရာတော်ကြီး ဦးမြတ်ဆန်းတို့က မေတ္တာစကားများ ပြောကြားကြပြီး ကိုးကွယ်ရာဘာသာများအလိုက် ဆုတောင်းမေတ္တာပို့သကြသည်။

ဆက်လက်၍ သိက္ခာတော်ရဆရာ ဦးကျော်ညွန့်က ဆုတောင်းစကား ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် ပရိသတ်များက ဓမ္မဂုဏ်တော်ချီးမွမ်းပြီး ဖာသာရ် အက်ဒ်ဝပ်စိန်မြင့်က ကောင်းချီးမင်္ဂလာပေး၍ ဆုတောင်းပွဲ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ ဆုတောင်းပွဲအပြီးတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် တက်ရောက်လာကြသည့် အဖွဲ့များနှင့် အတူစုပေါင်း၍ မှတ်တမ်းတင် ဓာတ်ပုံရိုက်သည်။

ဆုတောင်းပွဲသို့ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနှင့်ဇနီး ဒေါက်တာရွှေလွှမ်း၊ နိုင်ငံတော်အတိုင်ပင်ခံရုံး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ဇနီး ဒေါ်မေယဉ်ထွန်း၊ သမ္မတရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းသူနှင့်ဇနီး ဒေါ်လွင်မေသိန်း၊ ဘာသာပေါင်းစုံမှ တာဝန်ရှိသူများနှင့် ဧည့်သည်တော်များ တက်ရောက်ကြသည်။ **သတင်းစဉ်**



**နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ဘာသာပေါင်းစုံမှ တာဝန်ရှိသူများက ဗိုလ်ချုပ်အောင်ဆန်းအောက်မေ့ဖွယ်ရာအဖြစ် ကိုးကွယ်ရာဘာသာအလိုက် ဆုတောင်းမေတ္တာပို့သကြစဉ်။** သတင်းစဉ်

# (၇၁)နှစ်မြောက် အာဇာနည်နေ့အခမ်းအနား ရန်ကုန်မြို့ရှိ NLD ဌာနချုပ်၌ ကျင်းပ

**ရန်ကုန် ဇူလိုင် ၁၉**

တိုင်းပြည်အတွက် အသက်ပေးစွန့်လွှတ်ခဲ့ကြသော ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများကို သတိရ ဂုဏ်ပြုသောအားဖြင့် (၇၁) နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားကို ယနေ့ နံနက်ပိုင်းက ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (ဗဟိုဌာနချုပ်) ၌ ကျင်းပသည်။ **(ယာပုံ)**

ရှေးဦးစွာ အခမ်းအနားမကျင်းပမီ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (ဗဟိုဌာနချုပ်) ရှေ့၌ ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ခေါင်းဆောင်ကြီးများကျဆုံးချိန် နံနက် ၁၀ နာရီ ၃၇ မိနစ်တွင် အာဇာနည်ခေါင်းဆောင်ကြီးများကို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များက ပြည်သူများ၊ ကျောင်းသား ကျောင်းသူများနှင့်အတူ ငြိမ်သက်ဂါရဝပြုကြသည်။

ထို့နောက် အခမ်းအနားကို စတင်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အား အလေးပြုခြင်း၊ ကျဆုံးလေပြီးသော ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည် ခေါင်းဆောင်ကြီးများအား အလေးပြုခြင်း၊ ဒီမိုကရေစီအရေးတော်ပုံ အဆင့်ဆင့်တွင် ကျဆုံးသွားခဲ့ရသော ရဟန်းရှင်လူ၊ ကျောင်းသားပြည်သူတို့အား ဝမ်းနည်းခြင်း အထိမ်းအမှတ်အဖြစ် ရှစ်စက္ကန့်ငြိမ်သက်ခြင်းတို့ကိုပြုလုပ်ကြသည်။

ယင်းနောက် သဘာပတိဖြစ်သူ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ အတွင်းရေးမှူးအဖွဲ့ဝင် ဦးဉာဏ်ဝင်းက အမှာစကားပြောကြားပြီး ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဦးသိန်းဦးက (၇၁) နှစ်မြောက် အာဇာနည်နေ့ကြေညာချက်အား ဖတ်ကြားကာ အခမ်းအနားသို့ပေးပို့လာသော သဝဏ်လွှာများကို မှတ်တမ်းတင်သည်။

အခမ်းအနားသို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးလင်းနိုင်မြင့်၊ ရန်ကုန်တိုင်းဒေသကြီးလျှပ်စစ်၊ စက်မှုလက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဒေါ်နီလာကျော်၊ ဝါရင့်နိုင်ငံရေးသမားများ၊ သံတမန်များ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အဆိုပါ အခမ်းအနားနှင့်ပတ်သက်၍ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ဒုတိယဥက္ကဋ္ဌဦးလင်းနိုင်မြင့်က "အာဇာနည်နေ့ အခမ်းအနားတွေကို အာဇာနည် ဗိမာန်မှာ ခမ်းနားစွာပြုလုပ်တဲ့အပြင် မြို့နယ်တွေအလိုက် နေရာအသီးသီးမှာ ကျင်းပနေကြပါတယ်။ ဗိုလ်ချုပ်အောင်ဆန်းနဲ့တကွ အာဇာနည်ခေါင်းဆောင်ကြီးတွေရဲ့ ကိုယ်ကျိုး စွန့်လွှတ်ပြီး ဆောင်ရွက်ခဲ့မှုတွေကို ပြည်သူတွေက တန်ဖိုးထားလေးစားပြီး အသိအမှတ် ပြုတဲ့အနေနဲ့ ကျင်းပနေကြတာဖြစ်ပါတယ်။ ဒီလိုအာဇာနည်တွေဖြစ်လာဖို့အတွက်ဆိုရင် အနာဂတ်လူငယ်တွေကို ကျောင်းနေအရွယ်ကနေစတင်ပြီး မြင့်မြတ်တဲ့စိတ်ဓာတ်တွေ ကိန်းအောင်းနေဖို့လိုပါတယ်။ အဲဒီလို စိတ်ဓာတ်တွေကိန်းအောင်းနိုင်ဖို့အတွက် စနစ်တကျ ပြုစုပျိုးထောင်သင်ကြားပေးဖို့ လိုအပ်ပါတယ်" ဟု ပြောသည်။

ယနေ့ကျင်းပသည့် အခမ်းအနားတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က အချက်ကိုးချက်ပါသော ကြေညာချက် တစ်စောင်ကို ထုတ်ပြန်ခဲ့သည်။ **သတင်းနှင့်ဓာတ်ပုံ-ဇော်ကြီး**



# နိုင်ငံရဲ့သမိုင်းကိုသတိရမှ နောင်အနာဂတ်ကို ဘာလုပ်ရမယ်၊ ဘာမလုပ်သင့်ဘူးဆိုတာ သင်ခန်းစာယူနိုင်မှာ

## နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်

ငယ်စဉ်တောင်ကျေး ကလေးဘဝအရွယ်ကပင် နိုင်ငံ့လွတ်လပ်ရေးအတွက် ကလေးပီပီ ပြဒါးရှင်လုံးအစွမ်းဖြင့် ကယ်တင်ရန် စိတ်ကူးခဲ့သည်ဟု တစ်ပိုင်းတစ်စ ကိုယ်တိုင်ရေးအတ္ထုပ္ပတ္တိတွင် လှစ်ဟပြခဲ့သူ။ တက္ကသိုလ်ကျောင်းသားဘဝ၊ တို့ဗမာအစည်းအရုံး အထွေထွေအတွင်းရေးမှူးတည်းဟူသော နိုင်ငံရေးသမားဘဝ၊ ရဲဘော်သုံးကျိပ်တည်းဟူသော တပ်မတော်၏ ဖခင်ကြီးဘဝတိုင် အဆင့်ဆင့်ဖြတ်သန်းရင်း နိုင်ငံ့လွတ်လပ်ရေးအတွက် ကြိုးပမ်းအားထုတ်ခဲ့ပြီး ၁၉၄၇ ခုနှစ် ဇူလိုင် ၁၉ ရက် အသက် ၃၂ အရွယ်တွင် မသမာသူတို့၏လုပ်ကြံခဲ့မှုကြောင့် ကျဆုံးခဲ့ရရှာသူ မြန်မာ့လွတ်လပ်ရေးဗိသုကာ ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများ ကျဆုံးခဲ့ရသည်မှာ ယနေ့ဆိုလျှင် (၇၁)နှစ်မြောက်ခဲ့ချေပြီ။



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်
ဒေါ်အောင်ဆန်းစုကြည်



ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ
ဦးတီခွန်မြတ်



အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ
မန်းဝင်းခိုင်သန်း



တပ်မတော်ကာကွယ်ရေးဦးစီးချုပ်
ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်

ကမ္ဘာ့အလယ်တွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဟု အချုပ်အခြာအာဏာနှင့် ထည်ဝါခဲ့ရသည်မှာ ဗိုလ်ချုပ်အောင်ဆန်းအမှူးပြုသော အာဇာနည်ခေါင်းဆောင်ကြီးများ၏ ကျေးဇူးတရားကြောင့်သာ ဖြစ်ပေသည်။

သို့မို့ကြောင့် "အာဇာနည်မျိုး သေရိုးမရှိ" ဆိုသည့်နှယ် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများကို မြန်မာပြည်သူများက ယနေ့တိုင် မမေ့ခဲ့နိုင် ရှိနေကြဆဲပင်။

၂၀၁၈ ခုနှစ် (၇၁)နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားတွင်လည်း ပြည်သူလူထုများက ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများ၏ ကျေးဇူးတရားကို အောက်မေ့သတိရခြင်းအားဖြင့် အာဇာနည်ဗိမာန်သို့ တစ်ခဲနက် လာရောက်ဂါရဝပြုကြသည်။

အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ သမီးဖြစ်သူ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် နိုင်ငံတော်အဆင့် တာဝန်ရှိသူများကလည်း အစဉ်အလာမပျက် အာဇာနည်ဗိမာန်သို့ လာရောက်ဂါရဝပြုကြရာ မြန်မာ့သတင်းစဉ်က အာဇာနည်နေ့အမှတ်တရ တွေ့ဆုံမေးမြန်းခဲ့သည်များကို ဖော်ပြအပ်ပါသည်။

**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်**
**ဒေါ်အောင်ဆန်းစုကြည်**

ပြည်သူတွေ ဒီကိုလာဂါရဝပြုတဲ့အတွက် ကျေးဇူးတင်ပါတယ်။ နိုင်ငံရဲ့သမိုင်းကို သတိရသောအားဖြင့်ပေါ့၊ နိုင်ငံရဲ့သမိုင်းကိုသတိရမှလည်း နောင်အနာဂတ်ကို ဘာလုပ်ရမယ်၊ ဘာမလုပ်သင့်ဘူးဆိုတာ သင်ခန်းစာယူနိုင်မှာပါ။

မမေ့ဖို့၊ မေ့ဖို့ဆိုတာ ဒါ အမေ့ကို ပြောစရာမဟုတ်ဘူး။ မမေ့သင့်တဲ့ကိစ္စဆိုရင် ပြည်သူတွေက မေ့မှာမဟုတ်ပါဘူး။ မေ့သင့်တဲ့ကိစ္စဆိုရင်လည်း မေ့သွားမှာပဲ။ အမေတို့အနေနဲ့ မမေ့ရဘူး၊ မေ့ရမယ်ဆိုတာ ပြောပိုင်ခွင့်တော့မရှိပါဘူး။ အားလုံးက တစ်ယောက်ချင်း၊ တစ်ယောက်ချင်း ကိုယ့်ဘာသာကိုယ်ဆုံးဖြတ်ရမှာပါ။ ကိုယ်ဘာကို သတိပြုသင့်တယ်၊ ကိုယ်ဘာကိုမှတ်မိနေသင့်တယ်ဆိုတာ။ အရေးကြီးတာ ဘာကိုမေ့ရမယ်။ ဘာကိုသတိရရမယ်ဆိုတာတော့ မှန်မှန်ကန်ကန်ဆုံးဖြတ်ဖို့ဟာက တစ်ယောက်ချင်း၊ တစ်ယောက်ချင်း နိုင်ငံသူ နိုင်ငံသား တစ်ယောက်ချင်းရဲ့ တာဝန်ထဲမှာပါတယ်လို့ ဒီလိုပဲထင်ပါတယ်။

**ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ**
**ဦးတီခွန်မြတ်**

အခုလို အာဇာနည်နေ့ရောက်တိုင်း မိမိတို့တိုင်းပြည်လွတ်လပ်ရေးအတွက် ပေးဆပ်သွားတဲ့သူတွေကို အမြဲတမ်းသတိရအောက်မေ့ဂါရဝပြုလျက်ရှိပါတယ်။ အာဇာနည်ခေါင်းဆောင်ကြီးတွေရဲ့လမ်းစဉ်အတိုင်း ဆက်လက်ရှေ့ဆက်သွားဖို့ အမြဲတမ်းသန္နိဋ္ဌာန်ချထားပါတယ်။ မျိုးဆက်သစ်တွေအနေနဲ့ မိမိတို့နိုင်ငံရဲ့ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲမှုရရှိရေးအတွက် ခက်ခက်ခဲခဲနဲ့ အသက်စတေးပြီး ဘယ်လိုကြိုးပမ်းခဲ့တယ်ဆိုတာ သိရှိထားဖို့လိုပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ**
**မန်းဝင်းခိုင်သန်း**

အာဇာနည်နေ့ဆိုတာ ကိုယ့်နိုင်ငံအတွက်အသက်ပေးပြီး ကြိုးပမ်းလုပ်ဆောင်သွားကြတဲ့သူတွေကို ဂုဏ်ပြုတာ ဖြစ်ပါတယ်။ အာဇာနည်တွေကို လေးစားတယ်၊ ချစ်ခင်မြတ်နိုးတယ်ဆိုရင် သူတို့ပြောဆိုသွားတဲ့၊ ချမှတ်ထားတဲ့လမ်းစဉ်ကို နောင်လာနောက်သားတွေက လိုက်ပါဆောင်ရွက်ပေးရမှာဖြစ်ပါတယ်။ ဒီလိုလိုက်ပါဆောင်ရွက်ပေးမှလည်း အာဇာနည်တွေကို ချစ်ရာ၊ လေးစားရာရောက်မှာ ဖြစ်ပါတယ် ။ ဗိုလ်ချုပ်အောင်ဆန်းအမှူးပြုတဲ့ အာဇာနည်ခေါင်းဆောင်ကြီးတွေက တိုင်းပြည်ကောင်းစားဖို့အတွက် အသက်ပေးကြိုးစားသွားကြတယ်။ မျိုးဆက်သစ်တွေအနေနဲ့ သူတို့ချမှတ်သွားတဲ့ လမ်းစဉ်အတိုင်း ကိုယ့်နိုင်ငံ ဖွံ့ဖြိုးတိုးတက်အောင်ဆိုတဲ့ အာဇာနည်တွေရဲ့စကားကို နားထောင်ပြီး သူတို့ဆန္ဒကို ဖြည့်ဆည်းပေးဖို့ တာဝန်ရှိတယ်လို့ ပြောချင်ပါတယ်။

**တပ်မတော်ကာကွယ်ရေးဦးစီးချုပ်**
**ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်**

ဗိုလ်ချုပ်အောင်ဆန်း အမှူးပြုတဲ့ အာဇာနည်ခေါင်းဆောင်တွေ ကြိုးပမ်းအားထုတ်ခဲ့တဲ့ စည်းလုံးညီညွတ်တဲ့နိုင်ငံ၊ အေးချမ်းသာယာပြီး ဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံဖြစ်အောင် ကျွန်တော်တို့အားလုံး စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်နဲ့ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြဖို့ ကျွန်တော်မြင်ပါတယ်။ မျိုးဆက်သစ်တွေအနေနဲ့ တိုင်းပြည်ကောင်းအောင် ဘယ်လိုလုပ်မလဲ၊ တိုင်းပြည်တည်ငြိမ်အေးချမ်းအောင် ဘယ်လိုလုပ်မလဲ၊ တိုင်းပြည်စည်းလုံးညီညွတ်အောင် ဘယ်လိုလုပ်ကြမလဲ၊ ဒါကို ကြိုးစားရမှာ၊ အသိစိတ်ဓာတ်ရှိရှိနဲ့လုပ်ကြဖို့တော့ လိုတာပေါ့။ တစ်ယောက်တစ်ပေါက် လုပ်နေဖို့မသင့်ဘူးလို့ ကျွန်တော်မြင်ပါတယ်။ အားလုံးညီညွတ်ရင် ဘာပဲဖြစ်ဖြစ် အကုန်တိုးတက်မှာပါပဲ။ သူများနိုင်ငံနဲ့ယှဉ်ကြည့်ပြီး ကျွန်တော်တို့ဘယ်လိုလုပ်ကြမလဲ စဉ်းစားဖို့လိုပါတယ်။ နောက်တစ်ခုကလည်း အားလုံးညီညွတ်မျှတတဲ့စိတ်လည်း ရှိဖို့လိုပါတယ်။ မျှမျှတတမဟုတ်ဘဲ ငါလိုချင်တာပဲ ငါအတင်းလုပ်နေမယ်ဆိုရင်တော့ မဖြစ်နိုင်ဘူးလို့ ထင်တယ်လေ။ ကျွန်တော်တို့ကျတော့လည်း အကုန်လုံးကို ဒီလိုပဲချိန်ထိုးပြီး ကြည့်ပါတယ်။

**သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန**
**ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို**



သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန
ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို

ဒီကနေ့က (၇၁)နှစ်မြောက် အာဇာနည်နေ့ဖြစ်ပါတယ်။ အာဇာနည်နေ့ အခမ်းအနားကို အခုလိုစည်ကားသိုက်မြိုက်စွာ ပြန်လည်ကျင်းပနိုင် တာကိုပဲ တစ်နိုင်ငံလုံးက တိုင်းရင်းသားပြည်သူတွေကအစ ဝမ်းမြောက်ဝမ်းသာဖြစ်နေကြပါတယ်။ အာဇာနည်ခေါင်းဆောင်ကြီးတွေရဲ့ ကိုယ်ကျိုးမဖက်ဘဲနဲ့ စွန့်လွှတ် အသက်ပေးသွားမှုကြောင့် နှစ်ပေါင်း ၁၀၀ လောက် ကိုလိုနီဘဝရောက်နေခဲ့ပြီးမှ လွတ်လပ်ခဲ့ပါတယ်။ အချုပ်အခြာအာဏာပိုင်တဲ့ လွတ်လပ်တဲ့နိုင်ငံအဖြစ် ကမ္ဘာ့အလယ်မှာ ဝင့်ထည်စွာရပ်တည်နိုင်ခဲ့ပါတယ်။ သူတို့ဂုဏ်ကျေးဇူးက ကြီးမားလှပါတယ်။ သို့သော်လည်းပဲ နှစ်ပေါင်း (၇၁)နှစ်ဆိုတဲ့ မတိုင်မီ ကြားကာလတစ်ခုမှာတော့ဖြင့် အာဇာနည်နေ့ အခမ်းအနားတွေအပါအဝင် အာဇာနည်ကြီးတွေရဲ့ပုတ်သက်တဲ့ အကြောင်းအရာ အချက်အလက်တွေ မှေးမှိန်ခဲ့တာရှိပါတယ်။ နောက်မျိုးဆက်သစ်တွေကလည်းပဲ အာဇာနည်နေ့အကြောင်းတို့၊ အာဇာနည်ခေါင်းဆောင်ကြီးများရဲ့အကြောင်းအရာတို့ကို မေ့ပျောက်လာမယ့် အနေအထားမျိုးအထိ ရောက်လာခဲ့ပါတယ်။ ၂၀၁၀ မှာ ဒီမိုကရေစီအစိုးရသစ်ပေါ်ထွန်းလာတဲ့အခါမှာ ဒါကို ပြန်လည်အသက်သွင်းပြီးတော့မှ ကျေးဇူးရှင် အာဇာနည်ခေါင်းဆောင်ကြီးများရဲ့ အကြောင်းအရာ အတ္ထုပ္ပတ္တိနဲ့ အခမ်းအနားတွေကို နိုင်ငံတော်အဆင့် အခုလို ခမ်းခမ်းနားနား ပြန်လည်ကျင်းပနိုင်ခဲ့ပါတယ်။

တစ်ဖက်ကလည်းပဲ အာဇာနည်ခေါင်းဆောင်ကြီးဖြစ်တဲ့၊ အမျိုးသားခေါင်းဆောင်ကြီးလည်းဖြစ်တဲ့ ဗိုလ်ချုပ်အောင်ဆန်းရဲ့ အတ္ထုပ္ပတ္တိကို လွတ်လပ်ရေးရစကတည်းက ၁၉၅၀-၅၁ လောက်ကတည်းက စတင်ရေးသားခဲ့ပါတယ်။ ရေးသားခဲ့ပြီးတော့မှ ၁၉၅၈ လောက်မှာ ရပ်သွားပြီးတော့ ထုတ်ဝေခွင့်မရခဲ့ပါဘူး။ တောက်လျှောက် ၁၉၅၈-၆၀-၆၂ နောက်တစ်ခါ ၁၉၈၈ နောက်ပိုင်း ထုတ်ဝေခွင့်မရခဲ့ပါဘူး။ မရခဲ့တဲ့အခါကျတော့ ဗိုလ်ချုပ်အတ္ထုပ္ပတ္တိရေးတဲ့ လုပ်ငန်းကြီးကလည်း တစ်ဝက်တစ်ပျက်နဲ့ ဒီလိုပဲ ရပ်တန့်မေ့ပျောက်နေခဲ့ပါတယ်။ အခု ဒီမိုကရေစီအစိုးရသစ် ဒုတိယသက်တမ်းတက်လာတဲ့အခါမှာ ကျွန်တော့်အနေနဲ့ သာသနာရေးနှင့်ယဉ်ကျေးမှု ပြည်ထောင်စုဝန်ကြီး တာဝန်ယူရသလိုပဲ ယဉ်ကျေးမှုဘက်က မြန်မာ့သမိုင်းကော်မရှင်အဖွဲ့ရဲ့ဥက္ကဋ္ဌ တာဝန်ကိုလည်း ယူရပါတယ်။ အဲဒီသမိုင်းကော်မရှင်ကို လိုအပ်သလို ပြင်ဆင်ဖွဲ့စည်းပါတယ်။ ဖွဲ့စည်းပြီးတဲ့အခါမှာ ခုနကသမိုင်းပညာရှင်များကနေ တင်ပြကြပါတယ်။ ဗိုလ်ချုပ်အတ္ထုပ္ပတ္တိက ဒီလိုပဲ တစ်ပိုင်းတစ်စနဲ့ချောင်ထိုးထားတာ ရှိပါတယ်တဲ့။ ကောင်းပြီ၊ အဲဒါကို အခု ပြန်ဖော်ထုတ်ပေးပါ၊ ပြန်တင်ပေးပါဆိုပြီးမှ ပြီးပြည့်စုံတဲ့ ဗိုလ်ချုပ်အောင်ဆန်းရဲ့အတ္ထုပ္ပတ္တိသမိုင်းစာအုပ်ကို ပြန်ရေးသားတဲ့အခါမှာ အခုမူကြမ်းက ရာနှုန်းပြည့်ပြီးပါပြီ။ နိုင်ငံတော်အကြီးအကဲထံ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ထံ တင်ပြထားပါတယ်။ လိုအပ်တဲ့ပြင်ဆင်တည်းဖြတ်မှုတချို့ ပြီးလို့ရှိရင် ထုတ်ဝေဖို့ အသင့်ရှိနေပါပြီ။ သမိုင်းရှုထောင့်ကရော ၊ နိုင်ငံရေး၊ စစ်ရေး၊ လူမှုရေး၊ ဘက်ပေါင်းစုံရှုထောင့်အမြင်တွေနဲ့ ရေးသားထားတာဖြစ်ပါတယ်။ ပကတိအတိုင်းအရှိအတိုင်း ရေးသားပြီးတော့ ဗိုလ်ချုပ်အတ္ထုပ္ပတ္တိထုတ်မယ်ဆိုရင် အဆင်သင့်ဖြစ်တယ်ဆိုတာလည်း ပြောကြားလိုပါတယ်။ ဗိုလ်ချုပ်ရဲ့ အတ္ထုပ္ပတ္တိဟာ ဗိုလ်ချုပ်အောင်ဆန်း တစ်ဦးတည်းကိုပဲ ကိုယ်စားမပြုပါဘူး။ နိုင်ငံအတွက် အသက်ပေးလှူသွားတဲ့ အာဇာနည်ခေါင်းဆောင်ကြီးတွေအားလုံးကို ကိုယ်စားပြုပါတယ်။

တစ်ဖက်ကလည်းပဲ ၂၀၁၂ ခုနှစ်ကတည်းကနေပြီးမှ ဗိုလ်ချုပ်အောင်ဆန်းရဲ့ အတ္ထုပ္ပတ္တိရုပ်ရှင်ရိုက်ဖို့ လုပ်ငန်းလုပ်ခဲ့တာရှိပါတယ်။ ၂၀၁၂ ခုနှစ် ကတည်းကဖြစ်ပါတယ်။ ငါးနှစ်ကြာလောက် အကြောင်းကြောင်းကြောင့် ဒီလုပ်ငန်းကလည်း ရပ်ဆိုင်းသွားခဲ့ပါတယ်။ အဲဒီလိုရပ်ဆိုင်းသွားတာကို တာဝန်ပေးချက်အရ ကျွန်တော်ကပဲ ဗိုလ်ချုပ်အောင်ဆန်းအတ္ထုပ္ပတ္တိရုပ်ရှင်ဖြစ်မြောက်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ

*စာမျက်နှာ ၉ သို့*

# လွတ်လပ်ရေးကြိုးပမ်းခဲ့သူ အာဇာနည်သူရဲကောင်းတို့၏ ခေါင်းချရာ အတွင်းဝန်ရုံးဆီသို့



အာဇာနည်နေ့တွင် ရန်ကုန်မြို့ရှိ အတွင်းဝန်ရုံး(ယခင်ဝန်ကြီးများရုံး)ရှေ့တွင် တက်ရောက်လာကြသူများက ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများအား အလေးပြုကြစဉ်။

**ရန်ကုန် ဇူလိုင် ၁၉**

နေရာကား ဗိုလ်တထောင်မြို့နယ် သိမ်ဖြူလမ်းရှိ အတွင်းဝန်ရုံး (ယခင် ဝန်ကြီးများရုံး)။ အတွင်းဝန်ရုံးသည် ၁၉၄၇ ခုနှစ် ဇူလိုင် ၁၉ ရက်နေ့ စနေနေ့ နံနက် ၁၀ နာရီ ၃၇ မိနစ်အချိန် ဝန်ကြီးများ အစည်းအဝေးကျင်းပနေစဉ် ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများ ကျဆုံးခဲ့သည့်နေရာ၊ မြန်မာနိုင်ငံလွတ်လပ်ရေးရရှိသည့် ၁၉၄၈ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် ယခင် ယူနီဂျက်အလံအားဖြုတ်ချ၍ မြန်မာနိုင်ငံတော်အလံကို လွှင့်တင်ခဲ့သည့် သမိုင်းဝင်အထင်ကရနေရာဖြစ်သည်။

**သွေးမြေခကျဆုံးခဲ့**

လွတ်လပ်ရေးရရှိရန် ကြိုးပမ်းခဲ့သည့် ခေါင်းဆောင်ကြီးများကျဆုံးခဲ့သည်မှာ (၇၁)နှစ်တိုင်တိုင် ရှိခဲ့ချေပြီ။ လုပ်ကြံမှုကြောင့် ဗိုလ်ချုပ်အောင်ဆန်း၊ သခင်မြ၊ ဒီးဒုတ်ဦးဘချို၊ ဦးဘဝင်း၊ မိုင်းပွန်စော်ဘွားကြီး စဝ်စံထွန်း၊ မန်းဘခိုင်၊ ဦးရာဇတ်၊ အတွင်းဝန် ဦးအုန်းမောင်နှင့် ဦးရာဇတ် ၏သက်တော်စောင့် ရဲဘော်ကိုထွေးတို့ အတွင်းဝန်ရုံးအတွင်း သွေးမြေခ ကျဆုံးခဲ့ရသည်။

အတွင်းဝန်ရုံးသို့ ယခုနှစ်အာဇာနည်နေ့ လာရောက်ကြည့်ရှုသူများသည် ယခင်နှစ်များကဲ့သို့ ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ခေါင်းဆောင်များ ကျဆုံးခဲ့ရသည့်နေရာသို့ တက်ရောက်ခွင့်မရသော်လည်း ကျဆုံးခဲ့သည့် ခန်းမအောက် တည့်တည့်တွင် ပြန်လည်ပြင်ဆင်ထားရှိသည့် အခြေအနေကို CCTV မှတစ်ဆင့် ပြသထားသည်။

ဝန်ကြီးများရုံး ပြန်ကြားရေးတာဝန်ခံ ကိုဇွဲရဲရင့်က "အခု လက်ရှိမှာတော့ ပရိဂျက်တာတစ်လုံး၊ လက်မ ၅၀ တီဗွီနှစ်လုံးနဲ့ ကျဆုံးသွားတဲ့ ဗိုလ်ချုပ်တို့အခန်းကို ဘုရားခန်းမဟုတ်တော့ ဘဲဘုရားခန်းကိုရွှေ့ပြောင်းထားတဲ့ အခြေအနေကို ပြသထား တယ်။ နောက်တစ်ခု ၁၉၄၇ ခုနှစ် အခင်းဖြစ်ပွားတုန်းကအချိန်နဲ့ အခုလက်ရှိ အခြေအနေကို ကျွန်တော်တို့က ဓာတ်ပုံထုတ်ပြီး တော့ ယှဉ်တွဲပြသထားတယ်။ ဒါကြောင့် ကျဆုံးသွားတဲ့ အချိန်က အခန်းအထားအသိုနဲ့ လက်ရှိပုံစံကို ကြည့်ရှုနိုင်ပါ တယ်"ဟု ပြောသည်။

**ပြန်လည်ပြင်ဆင်လျက်ရှိ**

အာဇာနည်ခေါင်းဆောင်များကျဆုံးခဲ့သည့် အစည်းအဝေး ခန်းမနေရာကို ၁၉၉၀ ခန့်တွင် ဘုရားခန်းအဖြစ် ပြောင်းလဲ ခဲ့သော်လည်း အာဇာနည်မိသားစုဝင်များက ၁၉၄၇ ခုနှစ် ကျဆုံး ခဲ့ချိန်တွင်ရှိခဲ့သည့် အမှုဆောင်ကောင်စီ အစည်းအဝေးခန်းမ အတိုင်း ပြန်လည်ထားရှိရန်၊ အများပြည်သူလေ့လာနိုင်သည့် ပြတိုက်အဖြစ်ထားရှိရန်၊ ပြတိုက်သည် အာဇာနည်များရှိစဉ်က ပုံစံအတိုင်းထင်ဟပ်စေရန် သဘောဆန္ဒပြုသဖြင့် ဘုရားခန်းကို ယခင်ပုံစံအတိုင်းရှိစေရန် ပြန်လည်ပြင်ဆင်လျက်ရှိသည်ကို တွေ့ရသည်။

နံနက် ၉ နာရီခန့်တွင် ပညာရေးတက္ကသိုလ်မှ ကျောင်းသား ကျောင်းသူ ၂၇၀ ခန့်သည် ထက်အောက် အဖြူ၊ အစိမ်း တူညီဝတ်စုံများဝတ်ဆင်၍ အတွင်းဝန်ရုံးသို့ ရောက်ရှိလာခဲ့ သည်။

ပညာရေးတက္ကသိုလ်ကျောင်းသားများသမဂ္ဂ၏ အတွင်း ရေးမှူးတာဝန်ယူထားသူ ပညာရေးတက္ကသိုလ် စတုတ္ထနှစ် ကျောင်းသား ကိုဝေလင်းထွန်းက "ဒီနေ့ဟာ တစ်နိုင်ငံလုံး အတိုင်းအတာအနေနဲ့ ဝမ်းနည်းစရာကောင်းတဲ့နေ့ပါ။ စာပေ စကားဝိုင်းတွေ၊ စာစီစာကုံးပြိုင်ပွဲတွေ လုပ်နေရုံနဲ့ မပြီးပါဘူး။ အာဇာနည်ဆိုတာဘာလဲ၊ အာဇာနည်စိတ်ဓာတ်ဆိုတာ ဘာလဲ ဆိုတာ မျိုးဆက်သစ်ကလေးတွေဆီရောက်အောင် ကျွန်တော် တို့လို ကျောင်းဆရာဖြစ်လာမယ့် လူငယ်တွေကလည်း ကြိုးစား ရပါမယ်"ဟုပြောသည်။

နောင်မကြာမီကာလတွင် ကလေးငယ်များ၏ အနာဂတ် အား ပုံသွင်းမည့်လက်ပိုင်ရှင်များသည် စနစ်တကျလူစု၊ စနစ် တကျလေ့လာ၊ စနစ်တကျအလေးပြု ငြိမ်သက်လျက် . . .။

**ပန်းချီကားချပ်များ ပြသထား**

အတွင်းဝန်ရုံး၏ ပါလီမန်အဆောက်အအုံအတွင်းတွင် အာဇာနည်ခေါင်းဆောင်များကို ရည်စူးကာရေးဆွဲထားသည့် ကလေးပန်းချီပြပွဲခန်းမ၊ ပါလီမန်အစည်းအဝေးခန်းမ၊ မြန်မာ နိုင်ငံတွင် ပြောင်းလဲအသုံးပြုခဲ့သည့် အလံများနှင့် ပန်းချီဆရာ တစ်ဦး လှူဒါန်းထားသည့် ဗိုလ်ချုပ်အောင်ဆန်းနှင့် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ ရုပ်ပုံလွှာ ပန်းချီကားချပ်များကို ပြသထားသည်။ အတွင်းဝန်ရုံးအတွင်း ရှိ ပါလီမန်သည် ၁၉၆၂ ခုနှစ်တွင် ဖျက်သိမ်းခဲ့ပြီးနောက် စစ်အစိုးရ၏ ဗဟိုလုံခြုံရေးနှင့် အုပ်ချုပ်မှုကော်မတီ အစည်း အဝေးခန်းမဖြစ်လာသည်။ ၁၉၆၃ ခုနှစ် ဖေဖော်ဝါရီ ၂၃ ရက် တွင် ပုဂ္ဂလိကဘဏ်များအား ပြည်သူပိုင်သိမ်းသည့်အမိန့်ကို အဆိုပါ ခန်းမမှနေ၍ နံနက် ၁၁ နာရီတွင် ထုတ်ပြန်ခဲ့ခြင်း ဖြစ်သည်။

ပန်းဘဲတန်းမြို့နယ်တွင်နေထိုင်ပြီး မြေးနှစ်ယောက်ကို လက်ဆွဲကာ အတွင်းဝန်ရုံးအတွင်း လိုက်လံပြသနေသူအသက် ၇၆ နှစ်ရှိပြီဖြစ်သည့် ဦးတင်ရွှေ (အစ္စလာမ်ဘာသာဝင်)က "ဘယ်လောက်နှမြောစရာကောင်းသလဲ၊ စွန့်စားတယ်၊ အနစ် နာခံတယ်။ ပြည်သူတွေလွတ်လပ်ရေးရဖို့အတွက် ဗြိတိသျှ ဘုရင်မကြီးဆီသွားပြီးတော့တောင် လွတ်လပ်ရေးယူလာတာ။ ဒီလိုပုဂ္ဂိုလ်မျိုး မြန်မာနိုင်ငံမှာ ဘယ်ကရမလဲ။ ပြီးခဲ့တဲ့နှစ်က လည်း ကျွန်တော်လာတယ်။ ဒီနှစ် အတွင်းဝန်ရုံးကိုလာတာက လည်း ကျွန်တော့်ရဲ့ မြေးတွေကိုသိအောင် လာပြတာ။ ဗိုလ်ချုပ်အောင်ဆန်းကိုသတ်တာ ဒီနေရာပဲဆိုတာ သိအောင်။ ဦးရာဇတ်ပါတယ်။ ကိုထွေးပါတယ်။ သူတို့ ကြီးလာရင်လည်း သူတို့ရဲ့သားသမီးတွေကို ဒီလိုပဲ ပြန်ပြနိုင်မယ်လေ။ လွတ်လပ် ရေးအတွက် လူမျိုးမရွေးလက်တွဲပြီး ကြိုးပမ်းခဲ့တာ"ဟု စာရေးသူ၏ မေးမြန်းမှုကို ဖြေကြားသည်။

**ဖန်တီးနေ**

အတွင်းဝန်ရုံးအတွင်းသို့ ပြည်သူများ တဖွဲဖွဲရောက်လာ လေပြီ။ မကြာမီ အာဇာနည်များ ကျဆုံးခဲ့ရသည့် အချိန် ၁၀ နာရီ ၃၇ မိနစ်သို့ ရောက်ရှိပေတော့မည်။ မိုးကားတိတ်လိုက်၊ ရွာလိုက်နှင့် လွမ်းအောင် ဖန်တီးနေပေသည်။

ကလေးငယ်များအား လက်တွင်ဆွဲလျက် အရောင်အသွေး မတူညီသည့် ဘာသာရေးဝတ်စုံများ ဆင်မြန်းထားသူတစ်စု အတွင်းဝန်ရုံးသို့ ရောက်ရှိကာ ဗိုလ်ချုပ်နှင့် အာဇာနည် ခေါင်းဆောင်ကြီးများကို ဦးညွှတ်အလေးပြုရန် နေရာယူနေ ကြသည်။

**သတိတရပြောနေ**

ဟိန္ဒူနယ်လှည့်ဓမ္မကထိက ဦးဆန်းမင်းနိုင်က "တစ်နှစ် ပတ်လုံး ဗိုလ်ချုပ်တို့လို နိုင်ငံကိုချစ်တဲ့စိတ်ဓာတ်တွေဟာ ရင်ထဲ မှာ ကိန်းအောင်းစေဖို့ အသိအမှတ်လာပြုတာဖြစ်ပါတယ်။ အာဇာနည်နေ့ ပြီးလို့မပြီးသွားဘူး။ တိုင်းရင်းသားညီအစ်ကို မောင်နှမတွေအားလုံးလည်း ချစ်ချစ်ခင်ခင်နဲ့ ဒီလိုနေရမယ်။ ဗိုလ်ချုပ်အပါအဝင် အာဇာနည်ခေါင်းဆောင်တွေအတွက် လည်း ဟိန္ဒူဘာသာဝင်အားလုံးကိုယ်စား မျက်ရည်ကျရပါ တယ်။ နတ်ဒေဝါတွေ မိုးနဲ့ ငိုနေသလို ကျွန်တော်တို့ တိုင်းသူ ပြည်သားတွေလည်း မိုးနဲ့ငိုနေရပါတယ်"ဟု အာဇာနည်များ အား သတိတရ ပြောပြနေလေသည်။

ဦးပဋ္ဌင်းဦးဓမ္မသာရ (ရွှေဝါရောင်)ကတော့ "ဂါရဝပြုသင့်၊ ပြုထိုက်တဲ့သူကို ဂါရဝပြုရမယ်ဆိုတဲ့ ဗုဒ္ဓရဲ့ဟောကြားချက်အရ တာမွေက ဦးရာဇတ်အုတ်ဂူကိုလည်း ဂါရဝပြုခဲ့တယ်။ နောင်လာ နောက်သားဖြစ်တဲ့ ဒီကလေးတွေကိုလည်း အာဇာနည်နဲ့ ပတ်သက်ပြီး သိသင့်သိထိုက်တာလေးတွေ သိအောင်ဆိုပြီး ဦးဇင်းတို့ ခေါ်လာပါတယ်။ ဘာသာပေါင်းစုံ လာရောက်ဂါရဝ ပြုတာက ဘာသာပေါင်းစုံက ရောင်စုံပန်းပွင့်တွေနဲ့ တူပါတယ်။ ရောင်စုံပန်းတွေ ဖူးပွင့်မှ သာယာပါမယ်။ မြန်မာနိုင်ငံမှာ လည်း ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်တယ်ဆိုတာ ပြသ ချင်လို့လာတာပါ"ဟု ပြောသည်။

အာဇာနည်ခေါင်းဆောင်တို့အား ဦးညွှတ်အလေးပြုရန် အသင့်ဖြစ်နေပေပြီ။ မတူညီသောဘာသာရေးအဖွဲ့အစည်း အသီးသီးမှပုဂ္ဂိုလ်များ အာဇာနည်တို့ကိုအလေးပြု ဦးညွှတ် ရန်အတွက် ကျဆုံးသူတို့၏ အထိမ်းအမှတ်ကျောက်တိုင်ရှေ့ တွင် ကိုယ်စီယှဉ်တွဲကာ မတ်တတ်ရပ်လျက်...။

မော်လဝီဆရာ ဦးသန့်စင်က "တိုင်းပြည် သူ့ကျွန်ဘဝ ရောက်စဉ်မှာ ဘာသာပေါင်းစုံ၊ လူမျိုးပေါင်းစုံကအသက်သွေး ချွေးတွေ ပေးဆပ်ပြီးတော့ လွတ်လပ်ရေးကို ရယူခဲ့တယ်။ ဒီအတိုင်းပဲ လွတ်လပ်ရေးရယူနေတဲ့ အချိန်မှာလည်း လွတ်လပ် ရေး ကန်ပေါင်ရိုးမှာ အာဇာနည်တွေ စတေးခံလိုက်ရတယ်။ ဘာသာပေါင်းစုံစုစည်း ပြီးတော့ ဘာသာပေါင်းစုံ သွေးမြေခတဲ့ နေရာမှာ လာရောက်ဂါရဝပြုတာ အနာဂတ်နိုင်ငံတော်မှာ ဘာသာပေါင်းစုံ စည်းလုံးညီညွတ်စွာနေထိုင်ဖို့ဆိုတဲ့ အသိကို နောင်လာနောက်သား ကလေးသူငယ်တွေကို ပေးချင်တဲ့ ဆန္ဒကြောင့်ပါ"ဟု ၎င်းဖြစ်စေချင်သည့်ဆန္ဒကို ဖွင့်လှစ်ပြ သည်။

နံနက် ၁၀ နာရီ ၃၇ မိနစ်..။ ဥသြဆွဲသံနှင့်အတူ အတွင်း ဝန်ရုံးအတွင်း ရောက်နေသူအားလုံးကျဆုံးခဲ့သူတို့၏ အမှတ်တရ ကျောက်တိုင်ရှေ့တွင် ငြိမ်သက်စွာ ဦးညွှတ်လျက်။ ငြိမ်သက် ဦးညွှတ်ပြီးနောက် သဟာယဆရာတင်ရေးစပ်ထားသည့် "အာရှသူရဲကောင်းဗိုလ်ချုပ်အောင်ဆန်းသီချင်း"ကို တူညီစွာ ဖြင့် ရွတ်ဆိုရင်း ဂုဏ်ပြုလိုက်ကြသည်။ "ရာဇဝင်အတ္ထုပ္ပတ္တိ လည်းရှိရမယ်..။ မော်ကွန်းလည်းထိုးလောက်တယ်။ မြင့်မြတ်တဲ့ ဗိုလ်အောင်ဆန်းရယ်.."

**နိုင်ငံရဲ့သမိုင်းကြောင်း နားလည်သင့်**

ကင်းထောက်သင်တန်းမှူး ဒေါ်အေးမာသက်က "အခု လာတဲ့ ကလေးတွေက တက္ကသိုလ်ပေါင်းစုံကပါ။ မနှစ်ကတော့ ဒီမှာ စေတနာ့ဝန်ထမ်းလာလုပ်ဖြစ်တယ်။ ကလေးတွေက သူတို့မုန့်ဖိုးနဲ့ အပြင်မှာ ပဲပြုတ်နံပြားကျွေးမယ်။ ရေသန့်ဘူး လေးတွေဝေမယ်ဆိုလို့ လာအားပေးတာပါ။ ကလေးတွေက လည်း အမှန်အတိုင်းပြောတယ်။ သူတို့ ငယ်ငယ်တုန်းက ဒီနား (အတွင်းဝန်ရုံး) ရှေ့ကသာ ဖြတ်သွားခဲ့ရတယ်။ ဘာသမိုင်း ကြောင်းရှိမှန်း မသိခဲ့ဘူး။ သူတို့လိုတက်သစ်စလူငယ်တွေအနေ နဲ့ နိုင်ငံရဲ့သမိုင်းကြောင်းကို နားလည်သင့်တယ်။ နိုင်ငံမှာ ဒီလိုခေါင်းဆောင်တွေ ရှိခဲ့ပြီး ဘယ်လိုမျိုး ဦးဆောင်သွား တယ်ဆိုတာကိုသူတို့သိအောင်ပါ။ မနှစ်က ကျွန်မတို့က ဦးဆောင် ခဲ့ပေမယ့် ဒီနှစ်မှာတော့ သူတို့ကိုယ်တိုင် ဒီလိုလုပ်ဖို့ စပြောပါ တယ်။ ဒါလေးတွေ လုပ်ချင်တယ်လို့ သူတို့တက်တက်ကြွကြွ ပြောတာပါ"ဆိုလာသည်။

ဒေါ်အေးမာသက်တို့၏ University Girl Guide သည် Girl Guide ဖြစ်ထားသည့် တက္ကသိုလ်ပေါင်းစုံက အမျိုး သမီးများ လာရောက်ပူးပေါင်းထားခြင်းဖြစ်ပြီး အဖြူနှင့် အပြာ ဝတ်သည့် အမျိုးသမီးသီးသန့်ကင်းထောက်ဖြစ်သည်။ တစ်နိုင်ငံလုံး အင်အား ၃၀၀၀၀ ခန့်ရှိကြောင်းသိရသည်။

မကြာမီကာလအတွင်း ပြတိုက်အဖြစ်တွေ့မြင်ရမည့် အတွင်းဝန်ရုံးသည် စကားမပြောသည့် သမိုင်းသက်သေများ တည်ရှိနေသလိုစကားပြောခဲ့သည့် လွတ်လပ်ရေး ကြိုးပမ်းခဲ့သူ အာဇာနည်သူရဲကောင်းတို့၏ ခေါင်းချရာအရပ် ဖြစ်နေပေ တော့သည်။

**သတင်းဆောင်းပါး-ရဲခေါင်ညွန့်၊ ဓာတ်ပုံ-ဖိုးထောင်**

---

*စာမျက်နှာ ၈ မှ*

အဖြစ် ပြန်တာဝန်ယူပြီးမှ ရုပ်ရှင်ပညာရှင်များကို လိုအပ်တဲ့ ပြင်ဆင်ဖွဲ့စည်းမှု လုပ်ပါတယ်။ ခုထိအစည်းအဝေး ငါးကြိမ် ထိုင်ပြီးပါပြီ။ အလှူငွေလည်း ခုလောလောဆယ် ကျပ်သန်း ပေါင်း ၁၂၀၀ ကျော်လောက်ရှိပါတယ်။ နောင်လိုရင် လိုသလောက် အလှူခံလို့ရပါတယ်။ ဒါရိုက်တာ မင်းထင် ကိုကိုကြီးအနေနဲ့ ဇာတ်ညွှန်းကို အခု ဇူလိုင်လကုန် ဆဋ္ဌမ အကြိမ်မြောက် လုပ်ငန်းကော်မတီအစည်းအဝေးမှာ တင်ပြ မှာ ဖြစ်ပါတယ်။ ဇာတ်ညွှန်းတင်ပြပြီးရင် ရုပ်ရှင်ရိုက်ကူး ရေးလုပ်ငန်းများ စတင်လို့ရပြီဆိုတာ ပြောကြားလိုပါ တယ်။

သရုပ်ဆောင်မယ့် ကိုကျော်ကျော်မျိုးတို့၊ ဆရာမလေး တို့ကိုလည်း အမျိုးသားဇာတ်ရုံရဲ့ ဝန်ထမ်းအိမ်ရာမှာ နေရာ ချထားပေးပြီးမှ လိုအပ်တဲ့လေ့ကျင့် သင်ကြားမှုတွေ လုပ်ပေး နေပါတယ်။ ကိုကျော်ကျော်မျိုးကို မြင်းစီးတာ၊ ဂျပန်စကား ပြော၊ အင်္ဂလိပ်စကားပြောတွေကိုလည်း သင်ကြားပေးနေ ပါတယ်။ ဗိုလ်ချုပ်အတ္ထုပ္ပတ္တိရုပ်ရှင်ကိုလည်း မကြာခင် ဇူလိုင် လကုန် ဩဂုတ်လမှာစပြီး စတင်ရိုက်ကူးနိုင်လိမ့်မယ်လို့ မျှော်လင့်ပါတယ်။ ရိုက်ကူးနိုင်သော်လည်း လိုအပ်တဲ့ဝန်ကြီး ဌာနဘက်က သက်ဆိုင်တဲ့၊ ဆက်နွှယ်တဲ့ ကာကွယ်ရေး၊ ပြည်ထဲ ရေး၊ ပြန်ကြားရေး စတဲ့ဝန်ကြီးဌာနများနဲ့ အကုန်ချိတ်ဆက် ပြီး အတ္ထုပ္ပတ္တိနဲ့ပတ်သက်ပြီး အထောက်အထားတွေ၊ သမိုင်း အချက်အလက်တွေကို ရှာဖွေထားပါတယ်။ တော်တော် ပြည့်ပြည့်စုံစုံ ရနေပါပြီ။ ဗိုလ်ချုပ်ရဲ့သမိုင်းက တပ်မတော်ရဲ့ သမိုင်းလည်းဖြစ်ပါတယ်။ ဗိုလ်ချုပ်ရဲ့သမိုင်းက မြန်မာနိုင်ငံ တော်ရဲ့သမိုင်းလည်းဖြစ်ပါတယ်။ အရေးကြီးတဲ့ လုပ်ငန်း တာဝန်ကြီးကို အခုလို ထမ်းဆောင်ခွင့်ရလို့လည်း ဝမ်းမြောက် ဂုဏ်ယူပါတယ်။

အာဇာနည်နေ့ကို ပြန်ကောက်ရရင် အာဇာနည်နေ့နဲ့ ပတ်သက်ပြီး အခြေခံပညာကျောင်းတွေမှာလည်း အာဇာနည် နေ့နဲ့သက်ဆိုင်တဲ့ စာစီစာကုံးပြိုင်ပွဲတွေ၊ ပန်းချီပြိုင်ပွဲတွေ စတဲ့အထိမ်းအမှတ်ပြိုင်ပွဲတွေကို တစ်နိုင်ငံလုံးအတိုင်းအတာ နဲ့ ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်လာနေပါတယ်။ အာဇာနည် နေ့နဲ့ဆက်စပ်ပြီးတော့ အမျိုးသားပြတိုက် (ရန်ကုန်၊ နေပြည် တော်)ကိုလည်း တခမ်းတနား ခင်းကျင်းပြသထားတာရှိပါ တယ်။ နေပြည်တော်မှာဆိုရင်လည်း အလယ်ပိုင်းဒေသမှာရှိတဲ့ တပ်ကုန်း၊ လယ်ဝေး၊ ပျဉ်းမနား၊ နေပြည်တော်အပါအဝင် မန္တလေး၊ မကွေးတိုင်းဒေသကြီးတွေက ကျောင်းသား ကျောင်းသူတွေကို လာရောက်လေ့လာနိုင်အောင် အစီအစဉ် လုပ်ပေးပါတယ်။ လိုအပ်ရင် ကားအကြိုအပို့ လုပ်ပေးပါတယ်။ တစ်နည်းအားဖြင့် အာဇာနည်ပုဂ္ဂိုလ်ကြီးများရဲ့ ကြိုးပမ်းမှု ကြောင့်ရရှိတဲ့ လွတ်လပ်ရေးရဲ့ အသီးအပွင့်နဲ့ ဂုဏ်ကျေးဇူး တွေကို မျိုးဆက်သစ်တွေ သတိတရ တန်ဖိုးထားတတ်အောင် ဝန်ကြီးဌာနအနေနဲ့ အစွမ်းကုန်ကြိုးပမ်းလျက်ရှိကြောင်း ပြောကြားလိုပါတယ်။

**တွေ့ဆုံမေးမြန်း-ခင်မောင်ထွေး၊ ဝင်းဝင်းမော်၊ နန္ဒာဝင်း**
**ဓာတ်ပုံ-ဇော်မင်းလတ်၊ ရဲထွဋ်**

# (၇၁)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် အခမ်းအနား နတ်မောက်မြို့တွင် ကျင်းပ

နတ်မောက် ဇူလိုင် ၁၉

**ယနေ့ကျရောက်သည့် (၇၁)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် အခမ်းအနားများကို မြန်မာနိုင်ငံတစ်ဝန်းရှိ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အသီးသီးတွင် ယနေ့နံနက်ပိုင်းက ကျင်းပကြရာ လွတ်လပ်ရေးဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ မွေးရပ်ဇာတိဖြစ်သည့် နတ်မောက်မြို့တွင်လည်း အလားတူကျင်းပသည်။** (အောက်ပုံ)



(၇၁)နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားကို နတ်မောက်မြို့တွင် ဗိုလ်ချုပ်အောင်ဆန်း၏ ကြေးရုပ်တုတည်ရှိရာ မြက်ခင်းပြင်တွင် ယနေ့နံနက်ပိုင်းက ကျင်းပရာ ရှေးဦးစွာ အခမ်းအနားသို့ တက်ရောက်လာကြသည့် မြို့နေလူထုများ၊ ကျေးလက်ပြည်သူများ၊ မြို့နယ်ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများက ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အလံနှင့် ကျဆုံးလေပြီးသော ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည် ခေါင်းဆောင်ကြီးများအား အလေးပြုကြသည်။

ဆက်လက်၍ မြို့နယ်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကျောင်းသား ကျောင်းသူများ၊ ပြည်သူများက အာဇာနည်နေ့အထိမ်းအမှတ် လွမ်းသူ့ပန်းခွေချခြင်း၊ အလေးပြုခြင်းတို့ကို ဆောင်ရွက်ပြီး နံနက် ၁၀ နာရီ ၃၇ မိနစ်တွင် ကျဆုံးလေပြီးသော ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည် ခေါင်းဆောင်ကြီးများအား အောက်မေ့သတိရခြင်းအားဖြင့် နှစ်မိနစ် ငြိမ်သက်ဂါရဝပြုကြသည်။

အာဇာနည်နေ့ အခမ်းအနားသို့ တက်ရောက်လာသော ပြည်သူများအား စေတနာရှင် လူမှုအဖွဲ့အစည်းများက စတုဒိသာများ ကျွေးမွေးခြင်း၊ ပြန်ကြားရေးဝန်ကြီးဌာနမှ ထုတ်ဝေသည့် အာဇာနည်နေ့အမှတ်တရ စာအုပ် ၅၀၀ ကို မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများက အခမဲ့ဝေငှခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။ ယနေ့ကျင်းပသည့် အာဇာနည်နေ့ အခမ်းအနားသို့ လာရောက်ဂါရဝပြုသူ ၃၀၀၀ ခန့် တက်ရောက်ခဲ့ကြသည်။

ထို့ပြင် နတ်မောက်မြို့ရှိ ဗိုလ်ချုပ်အောင်ဆန်းနေအိမ်ပြတိုက်တွင် လေ့လာကြည့်ရှုသူများနှင့် စည်ကားလျက်ရှိသည်။ ဗိုလ်ချုပ်အောင်ဆန်းနေအိမ်ပြတိုက်ကို တနင်္လာနေ့နှင့် အစိုးရရုံးပိတ်ရက်မှလွဲ၍ အခြားရက်များတွင် နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၄ နာရီခွဲအထိ ဖွင့်လှစ်ပြသလျက်ရှိပြီး အာဇာနည်နေ့အခမ်းအနားပြပွဲအဖြစ် ယနေ့မှ ၂၁ ရက်အထိ ပြခန်းပေါင်းရှစ်ခန်းဖြင့် နံနက် ၈ နာရီမှ ညနေ ၆ နာရီအထိ ဆက်လက်ဖွင့်လှစ်ပြသပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ဗိုလ်ချုပ်အောင်ဆန်း နေအိမ်ပြတိုက်သည် ဗိုလ်ချုပ်အောင်ဆန်း ငယ်စဉ်မှစ၍ ကျောင်းသားဘဝ၊ နိုင်ငံရေးလှုပ်ရှားမှုအဆင့်ဆင့်နှင့် ကျဆုံးခဲ့သည့် ဈာပနအခမ်းအနားအထိ မှတ်တမ်းဓာတ်ပုံများကို ပြသထားသည်။ ယခုနှစ်တွင် အာဇာနည်နေ့အခမ်းအနား၏ ထူးခြားမှုအဖြစ် ဗိုလ်ချုပ်အောင်ဆန်း ငယ်စဉ် ကျောင်းသားဘဝက သင်ကြားခဲ့သည့် ဗိုလ်ချုပ်လက်မှတ်ပါသည့် ကျောင်းသုံးဖတ်စာအုပ်ကို အထူးပြကွက်အဖြစ် ထည့်သွင်း ပြသထားကြောင်း သိရသည်။

ထို့ပြင် ကျဆုံးလေပြီးသော ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ကြီးများကို ဂုဏ်ပြုပုံဖော်ထားသည့် စပါး-ဖွဲဖြင့် ပြုလုပ်ထားသည့် ပန်းချီကားချပ် ပြခန်းလည်း ပါဝင်သည်။ တောင်တွင်းကြီးမြို့နယ်မှ မဇင်ဝင်းနွယ်၏ လက်ရာဖြစ်ပြီး ပြီးခဲ့သည့် ဗိုလ်ချုပ်အောင်ဆန်း၏ နှစ်(၁၀၀)ပြည့် အခမ်းအနားတွင်လည်း မျိုးစေ့များဖြင့် ဗိုလ်ချုပ်အောင်ဆန်း၏ ပုံကို ဂုဏ်ပြုပုံဖော်ပေးခဲ့သူဖြစ်သည်။

“နတ်မောက်မြို့က ဗိုလ်ချုပ်အောင်ဆန်းနေအိမ်ပြတိုက်မှာ ဗိုလ်ချုပ်မွေးဖွားတာကနေစပြီးတော့ ကျောင်းနေတဲ့အရွယ်၊ တက္ကသိုလ်တက်တဲ့အချိန်၊ နိုင်ငံရေးလုပ်တဲ့အချိန်၊ နောက်ဆုံး ဗိုလ်ချုပ်ကျဆုံးတဲ့ အချိန်ထိအောင် ဓာတ်ပုံတွေ စုဆောင်းပြီး ပြသခဲ့ပါတယ်။ အခုနှစ်မှာတော့ အရင်နဲ့မတူအောင် ကျောင်းသား ကျောင်းသူလေးတွေရဲ့ ဆုရကဗျာ၊ ပန်းချီ၊ ဆောင်းပါးလေးတွေကိုလည်း ပြသပါမယ်။ ဗိုလ်ချုပ်နေအိမ်ကို ၁၉၇၃ ခုနှစ်မှာ ဗိုလ်ချုပ်အမျိုးဖြစ်တဲ့ ဦးအောင်မြင့်သိန်းက နိုင်ငံတော်ကို လှူဒါန်းခဲ့ပါတယ်။ ယဉ်ကျေးမှုဝန်ကြီးဌာနကနေ လက်ခံလိုက်ပြီး ထိန်းသိမ်းစောင့်ရှောက်ဖို့ လုပ်ပါတယ်။ အဲဒီလို လုပ်နေတုန်း ၁၉၇၄ ခုနှစ်မှာ ဗိုလ်ချုပ်နေအိမ်ရှိတဲ့ အောင်ဆန်းရပ်ကွက် မီးလောင်ပြီး ဗိုလ်ချုပ်နေအိမ်လည်း မီးထဲပါသွားခဲ့ပါတယ်။ ဆောက်လုပ်ရေးဝန်ကြီးဌာနက ဗိုလ်ချုပ်နေအိမ်ကို သူ့ရဲ့မူရင်းပုံစံအတိုင်း ပြန်လည်တည်ဆောက်ပြီးတော့မှ ၁၉၈၃ ခုနှစ်မှာ ယဉ်ကျေးမှုဝန်ကြီးဌာနကို ပြန်လည်အပ်နှံခဲ့ပါတယ်”ဟု အမျိုးသားပြတိုက် (နေပြည်တော်)မှလက်ထောက်ညွှန်ကြားရေးမှူး ဦးထွန်းထွန်းလွင်က ပြောသည်။

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့ အောင်ဆန်းရပ်ကွက် ဗိုလ်ချုပ်ပြတိုက်လမ်းတွင် ယခင်က ဦးဖာနှင့် ဒေါ်စုလက်ထက်ကတည်းက ဆောက်လုပ်နေထိုင်ခဲ့ပြီး ၁၉၁၅ ခုနှစ်မှ ၁၉၂၉ ခုနှစ်အထိ ဗိုလ်ချုပ်နေထိုင်ခဲ့ကြောင်း သိရသည်။ ဗိုလ်ချုပ်၏ ဖခင် ဦးဖာကွယ်လွန်ပြီးနောက် ဗိုလ်ချုပ်၏ အစ်ကိုဖြစ်သူ ဦးနေအောင်က မိခင် ဒေါ်စုနှင့်အတူ ဆက်လက်နေထိုင်ခဲ့သည်။ ၁၉၇၀ ခုနှစ်တွင် ဦးနေအောင် ကွယ်လွန်ပြီးနောက် ၎င်း၏သားဖြစ်သူ ဦးအောင်မြင့်သိန်းက ဆက်လက်နေထိုင်ခဲ့ကာ ၁၉၇၃ ပြည့်နှစ် ဇူလိုင်လ ၁၆ ရက်နေ့တွင် နိုင်ငံတော်သို့ လှူဒါန်းခဲ့ရာ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက တာဝန်ယူထိန်းသိမ်းပြီး ဗိုလ်ချုပ်အောင်ဆန်း နေအိမ်ပြတိုက်အဖြစ် ပြသထားခဲ့ခြင်းဖြစ်သည်။

**နိုင်လင်းကြည်(ကြေးမုံ)**

# (၇၁) နှစ်မြောက် အာဇာနည်နေ့အခမ်းအနား စစ်တွေမြို့၌ကျင်းပ

**စစ်တွေ ဇူလိုင် ၁၉**

(၇၁)နှစ်မြောက် အာဇာနည်နေ့ အထိမ်းအမှတ်အခမ်းအနားနှင့် စာစီစာကုံး၊ ဆောင်းပါး၊ ပန်းချီ၊ ကာတွန်းနှင့် ကဗျာရွတ်ပြိုင်ပွဲများတွင် ဆုရရှိသူများအား ဆုချီးမြှင့်ခြင်းအခမ်းအနားကို စစ်တွေမြို့ ဦးဥတ္တမခန်းမ၌ ယနေ့နံနက် ၁၀ နာရီက ကျင်းပသည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုက အဖွင့်အမှာစကားပြောကြားပြီး စစ်တွေတက္ကသိုလ် သမိုင်းဌာနမှူး ပါမောက္ခ ဒေါက်တာကျော်ဝင်းဦးက အာဇာနည်ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ သမိုင်းကြောင်းအား ဂုဏ်ပြုဟောပြောသည်။ ထို့နောက် အာဇာနည်နေ့ ဂုဏ်ပြုဗီဒီယိုမှတ်တမ်းအား ပြသပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် တက်ရောက်လာကြသူများက ကျဆုံးသွားသော အာဇာနည်ခေါင်းဆောင်ကြီးများအား အလေးပြုကာ ဝမ်းနည်းခြင်းအထိမ်းအမှတ် နှစ်မိနစ် ငြိမ်သက်ကြသည်။ **(ယာပုံ)**

ဆက်လက်၍ ကျဆုံးသွားသော အာဇာနည်ပုဂ္ဂိုလ်ကြီးများအား ဂုဏ်ပြုသောအားဖြင့် အလေးပြုပါသည် သီချင်းနှင့် ဗိုလ်ချုပ်အောင်ဆန်း ပြောကြားခဲ့သည် မိန့်ခွန်းဗီဒီယိုမှတ်တမ်းတို့ကို ပြသသည်။ ထို့နောက် ကဗျာရွတ်ပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိကြသော ကျောင်းသား ကျောင်းသူများက ဆုရကဗျာများကို ရွတ်ဆိုကြပြီး (၇၁)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် စာစီစာကုံး၊ ဆောင်းပါး၊ ပန်းချီ၊ ကာတွန်းနှင့် ကဗျာရွတ်ပြိုင်ပွဲများတွင် ဆုရရှိကြသူများအား ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့် ပြည်နယ်ဝန်ကြီးများက ဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ထို့အတူ ယနေ့နံနက်ပိုင်းတွင် ပြည်နယ်အစိုးရအဖွဲ့မှ ဦးဆောင်ပြီး အာဇာနည် ခေါင်းဆောင်ကြီးများအား ရည်စူးလျက် စစ်တွေမြို့ပေါ်ရှိ ထေရ်ကြီး၊ ဝါကြီး သံဃာတော် အရှင်သူမြတ် ကိုးပါးတို့ကို အရုဏ်ဆွမ်းဆက်ကပ်လှူဒါန်းခြင်းနှင့် မေတ္တာပို့အမျှဝေခြင်းတို့ ပြုလုပ်ခဲ့ကြကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**



## အာဇာနည်နေ့ အခမ်းအနားများ မြို့နယ်အသီးသီးတွင် ကျင်းပ

**မန္တလေး**

(၇၁)နှစ်မြောက် အာဇာနည်နေ့အခမ်းအနားကို ယနေ့နံနက် ၈ နာရီက မန္တလေးမြို့ မန္တလာသီရိ အားကစားကွင်းရှေ့ရင်ပြင်၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်နှင့် အခမ်းအနားတက်ရောက်သူများက ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အလံအား အလေးပြုခြင်း၊ ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများအား အလေးပြုခြင်းနှင့် အာဇာနည်ခေါင်းဆောင်ကြီးများအား မေတ္တာပို့အမျှဝေရန် နှစ်မိနစ်ငြိမ်သက်ခြင်းများ ပြုလုပ်ပြီး ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများအား လွမ်းသူ့ပန်းခွေချ၍ အလေးပြုကြသည်။ ယနေ့ကျင်းပသော (၇၁)နှစ်မြောက် အာဇာနည်နေ့အခမ်းအနားများကို မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အသီးသီးတို့တွင် နိုင်ငံရေးအနှစ်သာရရှိစွာဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြကြောင်း သိရသည်။ **တင်မောင်(မန်းကိုယ်ပွား)**

---

**မော်လမြိုင်**

(၇၁) နှစ်မြောက် အာဇာနည်နေ့အခမ်းအနားကို ယနေ့နံနက် ၈ နာရီက မော်လမြိုင် သံလွင်ဥယျာဉ်ပန်းခြံအတွင်းရှိ ဗိုလ်ချုပ်ကြေးရုပ်တုရှေ့၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံနှင့် ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဒေါ်တင်အိနှင့် တက်ရောက်လာသူများက ကျဆုံးသွားသော အာဇာနည်ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ခေါင်းဆောင်ကြီးများအား လွမ်းသူ့ပန်းခွေများချခြင်း၊ မေတ္တာပို့အမျှဝေ၍ နှစ်မိနစ်ငြိမ်သက်ကာ အလေးပြုကြပြီး လာရောက်အလေးပြုကြသူများကို NLD ပါတီဝင်များနှင့် စေတနာရှင်များက ပဲပြုတ်နှင့် နံပြားထုပ်များ ပေးဝေခဲ့ကြကြောင်း သိရသည်။ **တင်ထွဋ်(မော်လမြိုင်)**

---

**လွိုင်ကော်**

ကယားပြည်နယ်အစိုးရအဖွဲ့က ကြီးမှူးကျင်းပသည့် အာဇာနည်နေ့အထိမ်းအမှတ် စာပေဆုချီးမြှင့်ပွဲနှင့် စာပေဟောပြောပွဲကို ဇူလိုင် ၁၉ ရက်က လွိုင်ကော်မြို့ ပြည်နယ်ခန်းမ၌ ကျင်းပရာ စာစီစာကုံး၊ ကဗျာပြိုင်ပွဲများတွင် ဆုရရှိကြသည့် ကျောင်းသား ကျောင်းသူများအား ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှို၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့သည်။ ယင်းနောက် စာရေးဆရာမ စမ်းစမ်းနွဲ့(သာယာဝတီ)နှင့် စာရေးဆရာ ဦးဘုန်း(ဓာတု)တို့က ဟောပြောခဲ့ကြောင်း သိရသည်။ **အောင်ထွန်းလေး**



**(၇၁)နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားကို နေပြည်တော် တပ်ကုန်းမြို့ ဗိုလ်ချုပ်ကြေးရုပ်တုရှေ့တွင် ဇူလိုင် ၁၉ ရက်က ကျင်းပစဉ်။**
တင်ထွန်းတာ(တပ်ကုန်း)

---

**သီပေါ**

(၇၁)နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားကို သီပေါမြို့နယ် စမ်းမာလာဥယျာဉ်အတွင်းရှိ ဗိုလ်ချုပ်အောင်ဆန်းကြေးရုပ်၌ ယနေ့နံနက်က ကျင်းပရာ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ တိုင်းရင်းသားပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ နိုင်ငံရေးပါတီများနှင့် ကျောင်းသားလူငယ်ကင်းထောက်အဖွဲ့ဝင်များက လွမ်းသူ့ပန်းခွေချ အလေးပြုကြပြီး အာဇာနည်ကြီးများ ကျဆုံးသည့် နံနက်၁၀ နာရီ ၃၇ မိနစ်တွင် နှစ်မိနစ် ငြိမ်သက်စွာဂုဏ်ပြုကြသည်။ **စိုင်း(သီပေါ)**

---

**ရိခေါဒါရ်**

ချင်းပြည်နယ် ရိခေါဒါရ်မြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ဦးဆောင်မှုဖြင့် (၇၁) နှစ်မြောက် အာဇာနည်နေ့အခမ်းအနားကို ရိခေါဒါရ်မြို့ အမှတ်(၂)ရပ်ကွက် နယ်စပ်ပန်းခြံအတွင်း ဇူလိုင် ၁၉ ရက် နံနက် ၁၀ နာရီခွဲက ကျင်းပရာ အခမ်းအနားတက်ရောက်လာကြသူများက နိုင်ငံတော်အလံနှင့် ကျဆုံးလေပြီးသော အာဇာနည်ခေါင်းဆောင်ကြီးများကို အလေးပြုပြီး နှစ်မိနစ် ငြိမ်သက်ဂါရဝပြုကာ ရပ်ကွက်အတွင်းရှိ စက်တပ်ယာဉ်များ ခေတ္တရပ်တန့်ပြီး ဟွန်းတီး အလေးပြုကြသည်။ **မြို့နယ်(ပြန်/ဆက်)**



(၇၁)နှစ်မြောက် အာဇာနည်နေ့အခမ်းအနားတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ အာဇာနည်ခေါင်းဆောင်ကြီးများ၏ ဂူဗိမာန်၌ ပြည်သူများအလေးပြုကြစဉ်။ သတင်း-ရှေ့ဖုံး သတင်းစဉ်



(၇၁)နှစ်မြောက် အာဇာနည်နေ့အခမ်းအနားတွင် အာဇာနည်ခေါင်းဆောင်ကြီးများ၏ ဂူဗိမာန်၌ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်အဖွဲ့ လွမ်းသူ့ပန်းခွေချ အလေးပြုစဉ်။ သတင်းစဉ်



(၇၁)နှစ်မြောက် အာဇာနည်နေ့အခမ်းအနားတွင် အာဇာနည်ခေါင်းဆောင်ကြီးများ၏ ဂူဗိမာန်၌ နိုင်ငံရေးပါတီများ လွမ်းသူ့ပန်းခွေချ အလေးပြုစဉ်။ သတင်းစဉ်



(၇၁)နှစ်မြောက် အာဇာနည်နေ့အခမ်းအနား၌ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများ၊ ဥရောပသမဂ္ဂနှင့် ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများနှင့် ကိုယ်စားလှယ်များက အာဇာနည်ခေါင်းဆောင်ကြီးများ၏ ဂူဗိမာန်၌ လွမ်းသူ့ပန်းခွေချ အလေးပြုစဉ်။ သတင်းစဉ်



(၇၁)နှစ်မြောက် အာဇာနည်နေ့အခမ်းအနားတွင် အာဇာနည်ခေါင်းဆောင်ကြီးများ၏ ဂူဗိမာန်၌ မြန်မာနိုင်ငံသတင်းစာဆရာအသင်းမှ လွမ်းသူ့ပန်းခွေချ အလေးပြုစဉ်။ သတင်းစဉ်

◆ *ကျောဖုံးမှ*

သူတို့ရဲ့အဓိကစိတ်ခေတ်က ပြည်ထောင်စုစိတ်ခေတ်ပဲ။ ဒီလိုပုဂ္ဂိုလ်ကြီးတွေလွတ်လပ်ရေးကြိုးပမ်းရင်းနဲ့ မသမာသူတစ်စုကြောင့် လုပ်ကြံခံခဲ့ရတယ်။ ဒါကြောင့် တိုင်းရင်းသားအားလုံး စုစုစည်းစည်း ညီညွတ်ကြဖို့လိုတယ်။ မျိုးဆက်သစ်တွေအနေနဲ့ အာဇာနည်ခေါင်းဆောင်ကြီးတွေရဲ့ မျှော်လင့်ချက်နဲ့ ထပ်တူကြဖို့လိုတယ်လို့(၇၁)နှစ်မြောက် အာဇာနည်နေ့မှာ အမှတ်တရအနေနဲ့ ပြောကြားလိုပါတယ်'' ဟု အဆိုပါ ဝန်ကြီးများရုံးသို့ လာရောက်လေ့လာ ကြည့်ရှုသည့် ဦးမင်းကြည်က ပြောသည်။

ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ယခင်အတွင်းဝန်ရုံး(ဝန်ကြီးများရုံးဟောင်း)ကို ပြီးခဲ့သော ၂၀၁၅ ခုနှစ်မှ စတင်ကာ နှစ်စဉ် အာဇာနည်နေ့ ကျရောက်တိုင်း လွတ်လပ်ရေးဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်းအပါအဝင် ကျဆုံးအာဇာနည် ခေါင်းဆောင်ကြီးများအား လုပ်ကြံခံခဲ့ရသည့် အတွင်းဝန်ရုံးဟောင်း ပထမထပ် အစည်းဝေးခန်းမအပါအဝင် အာဇာနည် ခေါင်းဆောင်ကြီးများ ကြိုးပမ်းလှုပ်ရှားခဲ့သော ပုံရိပ်များကို ပြည်သူများအား နှစ်စဉ်ဖွင့်လှစ်ပြသခဲ့သော်လည်း ယခုနှစ်တွင်မူ အဆောက်အအုံများပြုပြင်ဆဲဖြစ်၍ ပရိဂျက်တာ၊ တီဗွီများဖြင့် ပြသခဲ့သည်။ နှစ်စဉ် ဇူလိုင် ၁၉ ရက်ရောက်တိုင်း ပြည်သူများအား နံနက် ၈ နာရီမှ ညနေ ၄ နာရီအထိ ဖွင့်လှစ်ခဲ့ပြီး ယနေ့အပါအဝင် ပြည်သူများအား လေ့လာခွင့်ပြုခဲ့သည်မှာ လေးနှစ်ပြည့်မြောက်ခဲ့ပြီဖြစ်သည်။ လေးနှစ်ပြည့်မြောက်သည့် ယနေ့ (၇၁)နှစ်မြောက် အာဇာနည်နေ့တွင် ရဟန်း၊ သံဃာ၊ သီလရှင် အပါအဝင် ပြည်သူနှစ်သောင်းဝန်းကျင် လာရောက်လေ့လာခဲ့ပြီး ပြည်ပနိုင်ငံခြားသား လာရောက်လေ့လာမှုမှာလည်း တစ်ရာဝန်းကျင်အထိ လာရောက်လေ့လာကြည့်ရှုခဲ့ကြောင်း သိရသည်။

ယနေ့ကျရောက်သော (၇၁) နှစ်မြောက် အာဇာနည်နေ့တွင် နိုင်ငံတစ်ဝန်း ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ နိုင်ငံ့ခေါင်းဆောင်ကြီးများ ကျဆုံးခဲ့သော အထိမ်းအမှတ်အဖြစ် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိအတွင်းဝန်ရုံး၊ ဗဟန်းမြို့နယ် နတ်မောက်လမ်းရှိ ဗိုလ်ချုပ်ပြတိုက်တို့တွင် အထိမ်းအမှတ်အသုံးအဆောင်ပစ္စည်းများကို ပြည်သူများ လေ့လာကြည့်ရှုနိုင်ရန် နံနက် ၈ နာရီမှ ညနေ ၅ နာရီအထိ အခမဲ့ဖွင့်လှစ် ခင်းကျင်းပြသခဲ့သည်။ ထို့အပြင် ထူးခြားမှုတစ်ရပ်အနေဖြင့် ရက်ထပ်မံတိုးကာ အတွင်းဝန်ရုံးအား ဇူလိုင် ၁၉ ရက်မှ ၂၁ ရက်အထိ သုံးရက်တိုင်နှင့် ဗိုလ်ချုပ်ပြတိုက်အား ဇူလိုင် ၁၉ ရက်မှ ၂၃ ရက်အထိ ငါးရက်တိုင် နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ဖွင့်လှစ်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။ **မောင်စိန်လွင်(မြန်မာ့အလင်း)**

**ဓာတ်ပုံ- မင်းထက်**

❒ *ကျောဖုံးမှ*

ဗိုလ်ချုပ်အောင်ဆန်းပြတိုက် အဝင်လမ်း၊ အထွက်လမ်းနှင့် ပတ်လမ်းအားလုံးကို ပေါင်းမိုးများ ပြုလုပ်ပေးထားပြီး အဝင်လျှောက်လမ်းတစ်လျှောက်တွင် ဗိုလ်ချုပ်၏အဆိုအမိန့်များကို ပြသထားသည်။ အဆောက်အအုံ၏ ကြံ့ခိုင်မှုအားနည်းလာသောကြောင့် အပေါ်ထပ်သို့ တက်ရောက်မှုကို ခွင့်မပြုသော်လည်း အိမ်အောက်ထပ်ရှိ အပန်းဖြေဝရန်တာ၊ ထမင်းစားခန်း၊ ဧည့်ခန်းတို့တွင်မူ ဗိုလ်ချုပ်အောင်ဆန်း၏ ဘဝဖြစ်စဉ်အစိတ်အပိုင်းများကို တွေ့မြင်ခွင့်ရခဲ့သည်။ တစ်ဦးတစ်ယောက်ချင်း လာရောက်လေ့လာသူများရှိသကဲ့သို့ မိသားစုများ၊ အသင်းအဖွဲ့များ၊ ကျောင်းသား ကျောင်းသူများ အုပ်စုလိုက် လာရောက်လျက်ရှိသည်ကို တွေ့ရသည်။ထိုသို့ လာရောက်လေ့လာသူများတွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များမှသာမက အခြားသော တိုင်းဒေသကြီးနှင့် ပြည်နယ် ဒေသအသီးသီးတို့မှ လာရောက်ဂါရဝပြုခြင်းများကိုလည်း တွေ့ရသည်။

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် မြတ်အားမာန်ကိုယ်ပိုင်အထက်တန်းကျောင်းမှ ဆရာဦးသက်စိုးက ''ကလေးတွေကို နိုင်ငံ့ခေါင်းဆောင်ကြီးတွေ ကျဆုံးခဲ့တဲ့နေ့၊ ကျဆုံးခဲ့တဲ့နေရာ၊ သူတို့နဲ့ ပတ်သက်တဲ့နေရာတွေကို လိုက်ပို့ပြသပေးခြင်းဖြင့် ကလေးတွေအတွက် အထောက်အကူပြု အကျိုးရှိလိမ့်မယ်လို့ ယုံကြည်တဲ့အတွက် အခုလို လိုက်ပို့ဖြစ်တာပါ။ ကလေးတွေကတော့ ၄၃ ဦး ပါပါတယ်'' ဟု ကျောင်းသား ကျောင်းသူလေးများအား အာဇာနည်နေ့အထိမ်းအမှတ် လိုက်လံပြသနေမှုနှင့် ပတ်သက်၍ ပြောကြားသည်။

ထို့အတူ ကန်တော်ကြီးကန်ပတ်လမ်းရှိ ဗိုလ်ချုပ်အောင်ဆန်း ကြေးရုပ်တုရှိရာတွင် ယနေ့နံနက်ပိုင်းမှစတင်၍ ကျောင်းသား ကျောင်းသူများ၊ သံဃာတော်များနှင့် အသင်းအဖွဲ့များ ပြည်သူများက ဝမ်းနည်းခြင်းအထိမ်းအမှတ် ပန်းစည်း၊ ပန်းခြင်းများ လာရောက်ပို့ဆောင် ဂါရဝပြုလျက်ရှိသည်ကို တွေ့ရသည်။ ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ခေါင်းဆောင်ကြီးများ ကျဆုံးချိန်ဖြစ်သည့် နံနက် ၁၀ နာရီ ၃၇ မိနစ်တွင် ဥသြဆွဲသံများနှင့်အတူ ဗိုလ်ချုပ်အောင်ဆန်းရုပ်တုသို့ လာရောက်သူအပေါင်းတို့က ဦးညွတ်ဂါရဝပြုခဲ့ကြသည်။

**ထင်ပေါ်ဝင်း(ကမာရွတ်)၊ ဓာတ်ပုံ - တင်စိုး(မြန်မာ့အလင်း)**



ဗိုလ်ချုပ်အောင်ဆန်းပြတိုက်သို့ ပြည်သူများ လာရောက်ကြည့်ရှုလေ့လာကြစဉ်။

# နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲ ကာကွယ်ရေးနှင့် ပြည်ထဲရေး ယှဉ်ပြိုင်မည်

**နေပြည်တော် ဇူလိုင် ၁၉**

၂၀၁၈ ခုနှစ် နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ(အမျိုးသား) ဘောလုံးပြိုင်ပွဲ အကြိုဗိုလ်လုပွဲစဉ်များကို ဇူလိုင် ၁၈ ရက် နံနက် ၇ နာရီခွဲက ဝဏ္ဏသိဒ္ဓိ အားကစားကွင်း၌ ယှဉ်ပြိုင်ကြရာ ကာကွယ်ရေးဝန်ကြီးဌာန အသင်းက ပညာရေးဝန်ကြီးဌာနအသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် လည်းကောင်း၊ ညနေ ၃ နာရီတွင် ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ ပြည်ထဲရေးဝန်ကြီးဌာန အသင်းနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အသင်းတို့ ယှဉ်ပြိုင်ကြရာ မိနစ် ၉၀ အထိ ဂိုးမရှိ သရေကျခဲ့ပြီး ဆက်လက်၍ အချိန်ပိုကစားရာ ဂိုးမရှိ သရေကျနေသောကြောင့် ပင်နယ်တီဖြင့် ဆုံးဖြတ်ရာ ပြည်ထဲရေးဝန်ကြီးဌာန အသင်းက လေးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိသွားကြောင်း သိရသည်။

ဇူလိုင် ၂၀ ရက်တွင် တတိယလုပွဲကို နံနက် ၇ နာရီခွဲတွင် ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ ပညာရေးဝန်ကြီးဌာနအသင်းနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အသင်း၊ ဗိုလ်လုပွဲကို ညနေ ၃ နာရီတွင် ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ ကာကွယ်ရေး ဝန်ကြီးဌာနအသင်းနှင့် ပြည်ထဲရေး ဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်ပြီး မည်သူမဆို အခမဲ့လာရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

**မြန်မာ့အလင်း**

လူငယ် ဘက်စုံဖွံ့ဖြိုးရေးပွဲတော်
လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်
၂၀၁၈ ခုနှစ်၊ ဩဂုတ်လ (၁၁၊ ၁၂၊ ၁၃)ရက်၊ (စနေ၊ တနင်္ဂနွေ၊ တနင်္လာ)
နံနက်(၉)နာရီမှ ညနေ (၅)နာရီအထိ မန္တလေးတက္ကသိုလ်ဝင်းအတွင်း ကျင်းပမည်ဖြစ်၍မည်သူမဆို ပါဝင်ဆင်နွှဲနိုင်ပါသည်။

# (၁၀)ကြိမ်မြောက် အာဆီယံကျောင်းများအားကစားပြိုင်ပွဲသို့ မြန်မာကျောင်းသား ကျောင်းသူ အားကစားအဖွဲ့ ခုနစ်ဖွဲ့ သွားရောက်ယှဉ်ပြိုင်

**ရန်ကုန် ဇူလိုင် ၁၉**

မလေးရှားနိုင်ငံ Shah Alam Selangor မြို့တွင် အိမ်ရှင်အဖြစ် ဇူလိုင် ၁၉ ရက်မှ ၂၇ ရက်အထိ ကျင်းပမည့် 10th ASEAN Schlool game ပြိုင်ပွဲသို့ မြန်မာ ကျောင်းသားကျောင်းသူ အားကစား ခုနစ်ဖွဲ့သည် အားကစားနည်း ခုနစ်မျိုး ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

ယင်းပြိုင်ပွဲတွင် ရေကူး၊ ပြေးခုန်ပစ်၊ စားပွဲတင်တင်းနစ်၊ ကြက်တောင်၊ ပိုက်ကျော်ခြင်း၊ ကျွမ်းဘား၊ ဘော်လီဘော၊ ကစားနည်း ခုနစ်မျိုးတွင် အားကစားနှင့် ကာယပညာသိပ္ပံကျောင်းသား ကျောင်းသူများ ဝင်ရောက် ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သိရသည်။



အဆိုပါ မြန်မာအားကစား ခုနစ်ဖွဲ့တွင် အုပ်ချုပ်သူ အဖွဲ့ခေါင်းဆောင် အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဆန်း၊ ဒုတိယအဖွဲ့ခေါင်းဆောင် ညွှန်ကြားရေးမှူး ဦးကျော်ဇင်မိုး၊ အုပ်ချုပ်နည်းပြ၊ ဆေးအဖွဲ့၊ မှတ်တမ်းနှင့် အားကစားသမား စုစုပေါင်း ၁၀၄ ဦးတို့သည် ယနေ့ နံနက် ၁၁ နာရီခွဲက ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထွက်ခွာသွားရာ အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများ၊ မိဘဆွေမျိုးများက ပို့ဆောင်နှုတ်ဆက်ခဲ့ကြကြောင်း သိရသည်။ **(အပေါ်ပုံ)**

**သတင်း-အေးကေလင်း**

**ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**

# (၇၁)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် လူ့ရှင်တော်အသင်းနှင့် အလုံအသင်း ဖိတ်ခေါ်ဘောလုံးပြိုင်ပွဲ ကျင်းပ

**ရန်ကုန် ဇူလိုင် ၁၉**

၂၀၁၈ ခုနှစ် ဇူလိုင် ၁၉ ရက်နေ့တွင် ကျရောက်သော (၇၁)နှစ်မြောက် အာဇာနည်နေ့တွင် အာဇာနည်နေ့ အထိမ်းအမှတ် ဖိတ်ခေါ်ဘောလုံးပြိုင်ပွဲကို ယနေ့ မွန်းလွဲ ၁ နာရီက အလုံမြို့နယ် ဘောလုံးကွင်း၌ လူ့ရှင်တော်ဘောလုံးအသင်းနှင့် အလုံဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့သည်။

လူ့ရှင်တော် ဘောလုံးအသင်းတွင် ပန်းသီး၊ အောင်မော်၊ မျောက်ရှုံး၊ စိန်သီး စသည့် လူ့ရှင်တော်များနှင့် အလုံ ဘောလုံးအသင်းတွင် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးမှ ဝန်ထမ်းများနှင့် အလုံမြို့နယ်မှ ဘောလုံးသမားများ ပါဝင်သည်။

အလုံမြို့နယ်သည် အာဇာနည်နေ့ ရောက်လျှင် အများပြည်သူအား အလှူ အတန်းပြုလုပ်ပြီးပါက မွန်းလွဲပိုင်းတွင် အာဇာနည်နေ့ အထိမ်းအမှတ်အဖြစ် လူ့ရှင်တော်ဘောလုံးအသင်းနှင့် ဖိတ်ခေါ်ချစ်ကြည်ရေးအဖြစ် ကျင်းပခဲ့သည်မှာ သုံးနှစ်တိုင်ခဲ့ပြီဖြစ်ကြောင်း သိရသည်။

ဘောလုံးပြိုင်ပွဲတွင် လူ့ရှင်တော် ဘောလုံးအသင်းက အလုံဘောလုံး အသင်းအား သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး လူ့ရှင်တော် လူမှုကူညီရေးအဖွဲ့ ကလည်း ဗိုလ်ချုပ်အောင်ဆန်းပြတိုက်နှင့် ဝန်ကြီးများရုံး (အတွင်းဝန်ရုံး)သို့ လာရောက်ကြည့်ရှုကြသည့် ပြည်သူတို့အား ရေသန့်ဘူးများနှင့် မုန့်များ လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**သန်းထိုက်**

## နိုင်ငံတကာဘောလုံးလောကသတင်းတိုများ

- လီဗာပူးနှင့် အင်္ဂလန်ကွင်းလယ်ကစားသမား ချန်ဘာလိန်သည် ၂၀၁၈-၂၀၁၉ ဘောလုံးရာသီကို လွဲချော်သွားနိုင်သည်ဟု နည်းပြ ဂျာဂျင်ကလော့ပ်က ထုတ်ဖော်ပြောကြားလိုက်ကြောင်း ဘီဘီစီသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။ အသက် ၂၄ နှစ်အရွယ် ချန်ဘာလိန်သည် ဧပြီလတွင် ကျင်းပခဲ့သော ရိုးမားနှင့် ချန်ပီယံလိဂ်အကြို ဗိုလ်လုပွဲစဉ်တွင် ဒူးဒဏ်ရာရရှိခဲ့ပြီးနောက် ဘောလုံးကစားနိုင်ခဲ့ခြင်းမရှိကြောင်းလည်း ဖော်ပြထားသည်။
- မန်ချက်စတာယူနိုက်တက်အသင်းသည် ဘိုင်ယန်မြူးနစ်ကစားသမား နှစ်ယောက်ဖြစ်သော အသက် ၂၉ နှစ်အရွယ် ပိုလန်တိုက်စစ်ကစားသမား လီဝမ်ဒေါ်စကီးနှင့် အသက် ၂၇ နှစ်အရွယ် စပိန်ကွင်းလယ်ကစားသမား အယ်ကန်တာရာတို့ကို ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိနေကြောင်း ယူကေ အခြေစိုက်သတင်းတစ်ရပ်တွင် ဖော်ပြထားကာ မန်ယူအသင်းမှ အသက် ၂၈ နှစ်အရွယ် အီတလီဗဟိုနောက်ခံကစားသမားတစ်ဦးဖြစ်သော ဒါမီယန်သည် ဂျူဗင်တပ်စ်အသင်းထံသို့ ပြောင်းရွှေ့ကစားရန် နီးစပ်လျက်ရှိနေကြောင်းလည်း အီတလီဘက်ကလာသော သတင်းတစ်ရပ်တွင် ဆက်လက်ဖော်ပြထားသည်။
- ချယ်လ်ဆီးနှင့် အီတလီတိုက်စစ်ကစားသမားဟောင်း ဇိုလာသည် စတန်းဖို့ဒ်ဘရစ်သို့ နည်းပြသစ်ဆာရီ၏လက်ထောက်နည်းပြအဖြစ် ပြန်လည်ရောက်ရှိလာပြီဖြစ်ကြောင်း ဘီဘီစီသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။ ဇိုလာသည် ချယ်လ်ဆီးအသင်းအတွက် ၃၁၂ ပွဲကစားထားနိုင်ခဲ့ကာ သွင်းဂိုး ၈၀ ရယူနိုင်ခဲ့သူဖြစ်သည်။ ၁၉၉၆-၂၀၀၃ ခုနှစ်အတွင်း အက်ဖ်အေဖလား နှစ်ကြိမ်၊ ယူအီးအက်ဖ်အေဖလားတစ်ကြိမ်၊ ယူအီးအက်ဖ်အေ စူပါဖလား တစ်ကြိမ်၊ လိဂ်ဖလားတစ်ကြိမ် ရရှိအောင်စွမ်းဆောင်ပေးထားနိုင်ခဲ့သူလည်း ဖြစ်သည်။
- ဘရာဇီးတိုက်စစ်မှူး နေမာသည် ပီအက်စ်ဂျီအသင်းမှ ၎င်းကို အရေးပါသူအဖြစ်ဆက်ဆံနေသရွေ့ပီအက်စ်ဂျီအသင်း၌သာနေပြီး ရီးရဲမက်ဒရစ်အသင်း၏ ကမ်းလှမ်းမှုကို ပယ်ချလိမ့်မည်ဖြစ်ကြောင်း ပြင်သစ်ဘက်ကလာသော သတင်းတစ်ရပ်တွင် ဖော်ပြထားသည်။
- ရုရှားကမ္ဘာ့ဖလားတွင် ထွန်းတောက်လာခဲ့သော စီအက်စ်ကေအေ မော်စကိုအသင်းမှ အသက် ၂၂ နှစ်အရွယ် ကွင်းလယ်ကစားသမား ဂိုလိုဗင်ကို ခေါ်ယူရေးနှင့်ပတ်သက်ပြီး ချယ်လ်ဆီးအသင်းက ဦးဆောင်လျက်ရှိနေကြောင်း သတင်းများတွင် ဖော်ပြထားသည်။ ၎င်းကို အာဆင်နယ်၊ ဂျူဗင်တပ်စ်၊ မိုနာကိုအသင်းတို့က စိတ်ဝင်စားလျက်ရှိနေကြောင်းလည်း ဖော်ပြထားသည်။

**အောင်ဇော်**

# KBZ Bank Women's League ပြိုင်ပွဲတွင် လက်ရှိချန်ပီယံ မြဝတီအသင်း အနိုင်ရ

**ရန်ကုန် ဇူလိုင် ၁၉**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူး၍ KBZ Bank ၏ ပံ့ပိုးကူညီမှုဖြင့် ကျင်းပမည့် ၂၀၁၇-၂၀၁၈ ရာသီ KBZ Bank Women's League ပြိုင်ပွဲ ပွဲစဉ်(၁၀) တတိယနေ့ကို ယနေ့ညနေပိုင်းက အောင်ဆန်းကွင်း၌ ကျင်းပရာ လက်ရှိချန်ပီယံ မြဝတီအသင်း နိုင်ပွဲရခဲ့သည်။ မြဝတီအသင်းသည် ယခုပွဲ အနိုင်ရလဒ်ကြောင့် ထိပ်ဆုံးနေရာတွင် ဆက်လက်ရပ်တည်နိုင်ခဲ့သည်။

မြဝတီအသင်းသည် အား/ကာ သိပ္ပံအသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့ပြီး နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ မြဝတီအသင်းသည် အမာခံကစားသမားအစုံအလင်ဖြင့် ပွဲထွက်ခဲ့သော်လည်း အနိုင်ရရန် ရုန်းကန်ခဲ့ရပြီး ဒုတိယပိုင်းမှ အနိုင်ဂိုးများရခဲ့သည်။ အား/ကာသိပ္ပံ အသင်းသည် ရလဒ်ကောင်းရရန် ကြိုးစားခဲ့သော်လည်း ရှုံးပွဲကြုံတွေ့ခဲ့ပြီး မြဝတီအသင်းကို နှစ်ကျော့စလုံး အရှုံးပေးခဲ့ရသည်။

မြဝတီအသင်းအတွက် အနိုင်ဂိုးများကို ၄၈ မိနစ် တွင် မေစံပယ်ဖူးနှင့် ၈၃ မိနစ်တွင် ဝင်းသိင်္ဂီထွန်းတို့က သွင်းယူခဲ့သည်။ မြဝတီအသင်းသည် ထိပ်ဆုံးနေရာတွင် ရပ်တည်နေသော်လည်း သစ္စာအားမာန်အသင်းနှင့် အမှတ်တူနေသောကြောင့် လက်ကျန်ပွဲများတွင် အနိုင်ရလဒ်အပြင် ဂိုးများများသွင်းယူနိုင်ရန် လိုအပ်နေသည်။

ပွဲစဉ်(၁၀) နောက်ဆုံးနေ့ကို ဇူလိုင် ၂၀ ရက် **(ယနေ့)** ညနေ ၃ နာရီခွဲတွင် အောင်ဆန်းကွင်း၌ ဆက်လက်ကျင်းပမည်ဖြစ်ပြီး အားကစားနှင့် ကာယပညာဦးစီးဌာနအသင်းနှင့် ဂန္ဓမာအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**ရဲရင့်ရှိုင်း**

# နမ့်ခမ်းမြို့နယ် အွယ်လောကျေးရွာတစ်ဝိုက် နယ်မြေလုံခြုံရေးဆောင်ရွက်နေသော လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် TNLA လက်နက်ကိုင်အဖွဲ့တို့ ထိတွေ့တိုက်ပွဲဖြစ်ပွား

**နေပြည်တော် ဇူလိုင် ၁၉**

ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်ခမ်းမြို့နယ်အတွင်း စစ်ဆင်ရေးနှင့် နယ်မြေလုံခြုံရေး ဆောင်ရွက်နေသော တပ်မတော်စစ်ကြောင်း ၁ ကြောင်းသည် သတင်းအရ နယ်မြေရှင်းလင်းစဉ် ဇူလိုင် ၁၁ ရက် မွန်းလွဲ ၁ နာရီခွဲခန့်တွင် မန်ဝန်းကျေးရွာအုပ်စု၊ အွယ်လောကျေးရွာ၏ အရှေ့တောင်ဘက်မီတာ ၂၁၀၀ ခန့်အကွာသို့ အရောက်၌ TNLA လက်နက်ကိုင်အဖွဲ့မှ အင်အား ၃၀ ခန့်နှင့် ထိတွေ့တိုက်ပွဲဖြစ်ပွားခဲ့ကြောင်း သိရှိရသည်။

ဖြစ်စဉ်တွင် မိမိဘက်မှ စစ်သည် တစ်ဦး မစိုးရိမ်ရ ဒဏ်ရာရရှိခဲ့ပြီး TNLA အဖွဲ့မှ ရုပ်အလောင်းများအား လက်နက်ငယ်မျိုးစုံ သုံးလက်၊ လျှို့အတွင်း ထိုးကျပျက်စီးနေသည့် Toyota Hilux Double Cub ယာဉ်အမျိုးအစား တစ်စီးတို့နှင့်အတူ သိမ်းဆည်းရမိခဲ့ကြောင်း။

ဖြစ်စဉ်နေရာအား အသေးစိတ်ရှင်းလင်းရာ သေဆုံးနေသည့် TNLA အဖွဲ့မှ ပြောက်ကျားယူနီဖောင်းဝတ် အမျိုးသားအလောင်း သုံးလောင်း၊ ပြောက်ကျားယူနီဖောင်းဝတ် အမျိုးသမီးအလောင်း ငါးလောင်း၊ အမ် -၂၂ အမျိုးအစား သေနတ်နှစ်လက်၊ အမ်-၂၀ အမျိုးအစားသေနတ် တစ်လက်၊ ၎င်းကျည်အိမ် ရှစ်ခု၊ ကျည် ၁၃၂ တောင့်၊ အီကွေ့မင့် ရှစ်စုံနှင့် လက်ပစ်ဗုံး သုံးလုံးတို့အား သိမ်းဆည်းရမိခဲ့ပြီး ၎င်းတို့၏ ရုပ်အလောင်းများအား ဖြစ်စဉ်ဖြစ်ပွားရာနေရာ အနီးတစ်ဝိုက်၌ ညနေ ၅ နာရီခန့်တွင် စနစ်တကျကောင်းမွန်စွာ မြေမြှုပ်သင်္ဂြိုဟ်ပေးခဲ့ကြောင်း။

ဖြစ်စဉ်ဖြစ်ပွားမှုအား အသေးစိတ်စိစစ်ရာ လျှို့အတွင်း ထိုးကျပျက်စီးသည့် Toyota Hilux Double Cub ယာဉ်မှာ မန်တုံမြို့နယ် မဟိုချောင်း၊ နမ့်နတ်-ဟွေလောင်း ဒေသတစ်ဝိုက်တွင် သတ္တုစမ်းသပ်တူးဖော်ခွင့်ရရှိထားသည့် နေ့သစ်အာရှသတ္တုတူးဖော်ထုတ်လုပ်ရေးကုမ္ပဏီပိုင်ယာဉ်ဖြစ်ပြီး တိုက်ပွဲဖြစ်စဉ်၌လည်း အဆိုပါကုမ္ပဏီမှ ဝန်ထမ်းများဖြစ်သော ဦးစိုင်းကျော်အေးနှင့်အဖွဲ့ဝင် သုံးဦး ပါဝင်သည်ကို စိစစ်သိရှိရကြောင်း။

ဆက်လက်၍ ဖြစ်စဉ်မှန်ကန်မှု ရှိ/မရှိ စိစစ်ခဲ့ရာ ဦးစိုင်းကျော်အေးနှင့် ဝန်ထမ်းသုံးဦးမှာ ဇူလိုင် ၁၁ ရက်၌ လုပ်ကွက်မှ နမ့်ခမ်းသို့ အဆိုပါမော်တော်ယာဉ်ဖြင့် ဈေးဝယ်သွားစဉ် ဖြစ်စဉ်ဖြစ်ပွားခဲ့သည့် TNLA အဖွဲ့မှ ယာဉ်အားတား၍ အွယ်လောရွာသို့ ပို့ဆောင်ပေးရန် အကူအညီတောင်းခံလျက် လိုက်ပါစီးနင်းလာစဉ် ယခုကဲ့သို့ တိုက်ပွဲဖြစ်ပွားခဲ့ကြောင်း၊ တိုက်ပွဲအတွင်း ဝန်ထမ်းများဖြစ်သည့် ဦးစိုင်းကျော်အေး၏ ညာလက်ဖျံနှင့် ဦးစိုင်းဖေဝင်း၏ ညာခြေသလုံးတို့တွင် ဒဏ်ရာအနည်းငယ်စီရရှိခဲ့ပြီး တရုတ်နိုင်ငံ၊ မန်စီမြို့ရှိ တာဟောင်တိုင်းဆေးရုံတွင် ဆေးကုသမှုခံယူလျက်ရှိသည်ဟု စိစစ်ဖော်ထုတ်ရရှိခဲ့ကြောင်း။

သို့ဖြစ်၍ ဇူလိုင် ၁၁ ရက် TNLA အဖွဲ့နှင့် ဖြစ်ပွားခဲ့သော တိုက်ပွဲဖြစ်စဉ်နှင့် ပတ်သက်၍ သေဆုံးမှုတွင်ပါဝင်ခဲ့သည့် အမျိုးသမီး ငါးဦးနှင့်ပတ်သက်ပြီး ဖြစ်စဉ်အကြောင်းအရင်းအမှန်အား စိစစ်ချက်များအရ တပ်မတော်သတင်းမှန်ပြန်ကြားရေးကော်မတီက ထုတ်ပြန်ခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ရေပူစစ်ဆေးရေးအဖွဲ့က ခရီးသည်တင်ယာဉ်ပေါ်မှ လိပ် ၉၅ ကောင် ဖမ်းဆီးရမိ

**နေပြည်တော် ဇူလိုင် ၁၉**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်က စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဇူလိုင် ၁၈ ရက်တွင် မန္တလေး-မူဆယ်ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ်ပို့ကုန် ၁၂၈၉ စီး သွင်းကုန် ၉၁၅ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၄၉ စီး၊ သွင်းကုန် ၁၇၀ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၁၈ ရက်က ရေပူအမြဲတမ်း စစ်ဆေးရေးစခန်းမှ တားဆီးမှု တစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၅၅ ဒသမ ၀၀၀ သန်းခန့်၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှု သုံးမှု ခန့်မှန်း တန်ဖိုးငွေကျပ် ၁ ဒသမ ၆၈၁ သန်းခန့် စုစုပေါင်း တားဆီးမှု လေးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၅၆ ဒသမ ၆၈၁ သန်းခန့်ကို ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် ဇူလိုင် ၁၇ ရက်က မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ ရှောင်တခင်စစ်ဆေးခဲ့ရာ ရှောင်ကွင်းလမ်းများ၌ ပိုင်ရှင်မဲ့စုပုံထားသော တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် Refined Sugar(1×50Kg)(98Bags)၊ စုစုပေါင်းခန့်မှန်းတန်ဖိုး ငွေကျပ် ၃ ဒသမ ၁၃၆ သန်းခန့်ကို စစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သိရသည်။

အလားတူ ဇူလိုင် ၁၈ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က ခရီးသည်တင်ယာဉ် တစ်စီးအား စစ်ဆေးခဲ့ရာ ယာဉ်ပေါ်တွင် အိတ်များအတွင်း ထည့်သွင်းသယ်ဆောင်လာသည့် လိပ်အမျိုးအစား အရှယ်စုံ စုစုပေါင်း ၉၅ ကောင်နှင့် အဆိုပါပစ္စည်းတင်ဆောင်သည့်ယာဉ်တစ်စီး စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၅၅ ဒသမ ၀၀၀ သန်းခန့်ကို စစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**





# အိန္ဒိယနိုင်ငံ မိုရေးမြို့၌ အိန္ဒိယ-မြန်မာနယ်စပ်အား ပုဒ်မ ၁၄၄ ထုတ်ပြန်ထားသဖြင့် သတိပြုသွားလာကြရန် သတိပေးကြေညာထား

**ခါမ်းပါတ် ဇူလိုင် ၁၉**

အိန္ဒိယနိုင်ငံ မိုရေးမြို့ အာသံ(၁၂)တပ်ရင်းမှ ထောက်လှမ်းရေးအရာရှိ ဗိုလ်မှူး မာဒူဆူဒန်ရှာမာက (၄-၇-၂၀၁၈)နေ့စွဲပါ စာအမှတ် No. ADM (MRH)/ 3/(3) / 99 ဖြင့် နယ်စပ်ဒေသတွင် (CrPC 144) အရ ညမထွက်ရ ဥပဒေဖြင့် တားမြစ်ပြဋ္ဌာန်းရန် လိုအပ်ကြောင်း တင်ပြသဖြင့် မိုရေးမြို့ လက်ထောက်ခရိုင်တရားသူကြီး N ဘန်ကင်ဆင်းက ဇူလိုင် ၇ ရက်က တားမြစ်မိန့်ကို ထုတ်ပြန်ခဲ့သည်။

ထို့ကြောင့် ခါမ်းပါတ်မြို့ အိန္ဒိယနိုင်ငံနှင့် ထိစပ်လျက်ရှိသော ကျေးရွာများမှ ပြည်သူများအား သတိပြု၍ သွားလာကြရန် မြို့အုပ်ချုပ်ရေးမှူးရုံးက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများမှတစ်ဆင့် သတိပေးစေခြင်း၊ ကျေးရွာအတွင်း လှည့်လည်ကြေညာစေခြင်းများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ တားမြစ်အမိန့်တွင် ၁၉၇၃ ရာဇသတ်ကျင့်ထုံးအရ အိန္ဒိယ-မြန်မာနယ်စပ်မှ သုံးကီလိုမီတာအတွင်း ညနေ ၇ နာရီမှ နံနက် ၄ နာရီအထိ ခြောက်လတိတိ လူငါးဦးနှင့်အထက်ပိုမစုဝေးရ၊ လက်နက်၊ ဓား၊ တုတ်၊ ဓာတုပစ္စည်းနှင့် အခြားသေစေနိုင်သော အရာများ သယ်ဆောင်ခြင်းမပြုရဟု ဖော်ပြပါရှိသည်။

**ဇော်ဝင်းထွန်း(မြန်/ဆက်)**

# မြန်မာ့ရုပ်မြင်သံကြား

၂၀ -၇-၂၀၁၈ (သောကြာနေ့)

**နံနက်ပိုင်း**

- ၆း၀၀ - မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၀၀ - Breakfast News
- ၈း၃၅ - “မီးတစ်ပွင့်၏ရာဇဝင်” (အပိုင်း-၂)
- ၁၁း၃၀ - အလုပ်သမားရေးရာအစီအစဉ်
- ၁၂း၃၀ - “မြွေဟောက်ဒူးပျံ” (ဝေယံဖြိုး၊ မင်းခန့်၊ သီရိလှိုင်) (ဒါရိုက်တာ-ဟိန်းအောင်)
- ၁၃း၄၀ - မှတ်မှတ်ထင်ထင်မြန်မာ့ရုပ်ရှင် (အပိုင်း-၂) (ဒါရိုက်တာ- ကြည်စိုးထွန်း၊ အောင်ထွန်းလေး)
- ၁၄း၃၅ - "Weekly MNL Review" (Week-20)
- ၁၅း၀၀ - **နိုင်ငံခြားဇာတ်လမ်းတွဲ “မကြွေတဲ့နှင်းဆီ” (အပိုင်း- ၆၆)**

**ညပိုင်း**

- ၁၆း၂၀ - "1 On 1 Football skills Challenge Cup ပြိုင်ပွဲအစီအစဉ်"
- ၁၇း၀၅ - ကျန်းမာရေးမဂ္ဂဇင်း “ကျန်းမာရေးနှင့် ပတ်သက်ပြီး ရန်ကုန်ပြည်သူ့ဆေးရုံကြီး၏ ပြည်သူများသိသင့်သော အခြေခံအချက်များ”
- ၁၇း၂၀ - “ပလတ်စတစ်စွန့်ပစ်ပစ္စည်း လျော့ကျဖို့ နည်းလမ်းများ ရှာဖွေသုံးစွဲစို့”
- ၁၇း၃၅ - Weekly Sport Info
- ၁၈း၂၀ - သုံးသပ်ရှုမြင်မြန်မာ့ရုပ်ရှင် “ဝိုင်းကြီးချုပ်စပွန်စာနှင့် ကြွေ”
- ၁၉း၁၅ - မြန်မာဇာတ်လမ်းတွဲ “ဇနီး ချောများကွန်ရက်” (အပိုင်း-၁၇)
- ၂၀း၀၀ - ပြည်တွင်းသတင်း နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- ၂၀း၃၅ - “ပြည့်စုံမှန်ကန်သော မဲဆန္ဒရှင်ပြစုခြင်းအကြောင်း သိကောင်းစရာ”
- Britain's Got Talent(4)
- “မှိုခိုရာ”(သီလ)

# အင်းတော်မြို့နယ်အတွင်း နွားမှောင်ခိုရောင်းဝယ်သူများ ဖမ်းမိ

**အင်းတော် ဇူလိုင် ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် နန့်ရုံကျေးရွာအနီး အင်တိုင်းတောအတွင်းမှ နွားမှောင်ခိုပြုလုပ်သူများကို နွား ၁၀ ကောင်နှင့်အတူ ဖမ်းမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇူလိုင် ၁၇ ရက် ည ၁၁ နာရီခန့်က အင်းတော်မြို့နယ် မော်လူးနယ်မြေရဲကင်းစခန်းမှ ရဲတပ်ဖွဲ့ဝင်များသည် အင်းတော်မြို့နယ် နန့်ရုံကျေးရွာအနီး အင်တိုင်းတောအတွင်း ကျော်အောင်၊ ကျော်မင်း(ခ)ကျော်လွင်၊ နေဇော်အောင်၊ ကျော်ရင်တို့ လေးဦးကို နွား ၁၀ ကောင်နှင့်အတူ မသင်္ကာဖွယ် တွေ့ရှိခဲ့သဖြင့် စစ်မေးရာ အဆိုပါနွားများအား နမ်းမားသို့ ပို့ဆောင်မည်ဖြစ်ကြောင်း သိရပြီး သယ်ယူခွင့်အထောက်အထား တစ်စုံတစ်ရာပြသနိုင်ခြင်းမရှိဘဲ သယ်ဆောင်လာခြင်းဖြစ်ကြောင်း သိရသည်။

သို့ဖြစ်၍ တရားမဝင် နွားမှောင်ခိုပြုလုပ်သူ ကျော်အောင် ခရချောင်းကျေးရွာ မိုးညှင်းမြို့နယ်နေသူ၊ မန်လည်(မြောက်)ကျေးရွာ အင်းတော်မြို့နယ်နေသူ နေဇော်အောင်၊ တုံးတော်ကျေးရွာ အင်းတော်မြို့နယ်နေသူ ကျော်မင်း (ခ) ကျော်လွင်နှင့် ကျော်ရင်တို့အား မော်လူးနယ်မြေရဲကင်းစခန်းက အမှုဖွင့်ထားကြောင်း သိရသည်။

**လှအောင်(ကသာ)**

# တနင်္သာရီမြစ်ရေကြီးမှုကြောင့် ကျောင်းပေါင်း ၃၀ ယာယီပိတ်ထားရ

**တနင်္သာရီ ဇူလိုင် ၁၉**

မိုးအဆက်မပြတ် ဆက်တိုက်ရွာသွန်းနေမှုကြောင့် တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် တနင်္သာရီမြို့နယ် မြစ်ရေသည် စိုးရိမ်ရေအမှတ် ၁၇ ပေထက် ကျော်လွန်ပြီး ဇူလိုင် ၁၉ ရက် နံနက်ပိုင်းတွင် ၂၄ ပေ ၃ လက်မအထိသို့ ရောက်ရှိနေသဖြင့် မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်း ၁၈ ကျောင်းကို ထပ်မံ၍ ယာယီပိတ်ထားလိုက်ရကြောင်း မြို့နယ်ပညာရေးဌာနမှ သိရသည်။

ဇူလိုင် ၁၇ ရက်ကလည်း ကျောင်း ၁၂ ကျောင်းကို မြစ်ရေကြီးမှုဖြစ်စဉ်အရ ပိတ်လိုက်ရသဖြင့် ယနေ့အထိ မြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများမှ အခြေခံပညာကျောင်းပေါင်း ၃၀ ကို ပိတ်ထားလိုက်ရကြောင်းနှင့် အဆိုပါ ယာယီပိတ်လိုက်ရသည့် ကျောင်းများမှ ကျောင်းသား ကျောင်းသူများအား ပိတ်ရက်ကာလ အစား စနေ၊ တနင်္ဂနွေ ပိတ်ရက်များတွင် အစားထိုးသင်ကြားရန် စီစဉ်ထားရှိကြောင်း သိရသည်။

**နန်းသာရီ-ထိန်ဝင်း(မြန်/ဆက်)**

အဂတိလိုက်စားမှုကို နစ်နာသူကဖြစ်စေ၊ ကိုယ်တိုင်မြင်တွေ့ရသူက ဖြစ်စေ တိကျသေချာသော သက်သေအထောက်အထားများဖြင့် ဖော်ပြပါလိပ်စာသို့ ပေးပို့တိုင်ကြားနိုင်ပါသည်-

ဥက္ကဋ္ဌ
အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
အားကစားလေ့ကျင့်ရေးစခန်း၊ တောင်ညွန့်လမ်း
နေပြည်တော်
Email- myanmaracc2014@gmail.com

# သန်လျင်၌ ဆေးခြောက် လေးပိဿာခန့် သိမ်းဆည်းရမိ

**ရန်ကုန် ဇူလိုင် ၁၉**

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့ အောင်ချမ်းသာ(၂)ရပ်ကွက် သီရိပုလဲသွယ်လမ်း၌ ဇူလိုင် ၁၈ ရက်က မူးယစ်ဆေးဝါး ဆေးခြောက်လေး ပိဿာကျော်နှင့် ဆက်စပ်ပစ္စည်းများ သိမ်းဆည်းရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ သန်လျင်မြို့မရဲစခန်းမှ နယ်ထိန်းအရာရှိ ဒုရဲအုပ်မျိုးအောင်နှင့် ရဲတပ်ဖွဲ့ဝင်များသည် သန်လျင်မြို့မရဲစခန်း၌ အမှုဖွင့်အရေးယူထားရှိသော ယဉ်ဝင်းထွန်း၏ ထွက်ဆိုချက်အရ ကွင်းဆက်တရားခံဖြစ်သော သန်လျင်မြို့နယ် အောင်ချမ်းသာ(၂)ရပ်ကွက် သီရိပုလဲသွယ်လမ်းနေ မြင့်ဇော်၏ နေအိမ်အား ရှာဖွေရာ နေအိမ်အိပ်ခန်းအတွင်း၌ ဆေးခြောက် စုစုပေါင်းအလေးချိန် ၄ ပိဿာ ၄၅ ကျပ်သား (၇ ဒသမ ၂၆၆၅ ကီလိုဂရမ်) စုစုပေါင်း တန်ဖိုးငွေကျပ် ၅၀၈၅၄၆၀ ခန့်၊ ဆေးခြောက်ရောင်းချရသည့် ငွေစက္ကူရောရာ ၁၆၀၅၀၀ နှင့် မူးယစ်ဆေးဝါးဆက်စပ်ပစ္စည်းများ သိမ်းဆည်းရမိသဖြင့် မြင့်ဇော်အား သန်လျင်မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**သက်ခိုင်(သန်လျင်)**

# မိုးမောက်မြို့နယ်တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် ဇူလိုင် ၁၉**

မူးယစ်တပ်ဖွဲ့စု(၁)ဗန်းမော်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇူလိုင် ၁၈ ရက် နံနက် ၁၁ နာရီက မိုးမောက်မြို့နယ် အောင်မြေကျေးရွာနေ မလဖိုင်ရွှယ်နှင့် မလွမ်းကြူတို့၏ နေအိမ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၂၀၀၊ ဘိန်းဖြူ ၂ ဒသမ ၂၅ ဂရမ်၊ ဘိန်းစိမ်း ၁၂၄ ဂရမ်၊ ခပ်ပုံ ၃၂ ဂရမ်၊ ငွေကျပ် ၂၀၀၀၀၀ နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့သည်။

အလားတူ ဇူလိုင် ၁၇ ရက် ညပိုင်းက သံဖြူဇရပ်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် သံဖြူဇရပ်မြို့နယ် ပငကျေးရွာ တမံဦးပိုင်းနေ မသန်းဝင်း၏ နေအိမ်ကိုရှာဖွေရာ မသန်းဝင်း(ခ)မအိငယ်နှင့် ချစ်ဇော်တို့ကို တွေ့ရှိရပြီး (စုစုပေါင်း ဘိန်းစာရွက် ၂၂ ဒသမ ၈၆၂ ကီလို)နှင့် ငွေကျပ် ၆၀၂၄၀၀တို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**



မလွမ်းကြူနှင့် မလဖိုင်ရွှယ်တို့အား ဖမ်းဆီးရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

# တီးတိန်မြို့နယ်၌ ကျောင်းသား ကျောင်းသူ ၅၅ ဦး တုပ်ကွေးရောဂါများ ဖြစ်ပွားနေ

**ခိုင်ကမ်း ဇူလိုင် ၁၉**

ချင်းပြည်နယ် တီးတိန်မြို့နယ် ခိုင်ကမ်းမြို့ အမှတ်(၄)ရပ်ကွက်ရှိ (လိုင်ဘုန်) အခြေခံပညာအလယ်တန်းကျောင်း၌ ကျောင်းသား ကျောင်းသူ ၂၀၂ ဦး ပညာသင်ကြားလျက်ရှိရာ ဇူလိုင် ၁၆ ရက်က ကျောင်းသား ကျောင်းသူ ၅၅ ဦးတို့သည် သွေးလွန်တုပ်ကွေး၊ ရာသီတုပ်ကွေးရောဂါဖြစ်ပွားခြင်းကြောင့် ကျောင်းတက်ရောက်နိုင်ခြင်းမရှိကြောင်း သိရသည်။

ထို့ကြောင့် ဇူလိုင် ၁၇ ရက်က ခိုင်ကမ်းမြို့အုပ်ချုပ်ရေးမှူး ဦးလှမျိုး၊ ကျေးလက်ကျန်းမာရေးမှူး ဦးအောင်ဒွေးတို့ပါ ပူးပေါင်းအဖွဲ့က သွားရောက်စစ်ဆေးခဲ့ရာ သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားသူ လေးဦး၊ သွေးလွန်တုပ်ကွေးရောဂါသံသယရှိသူ ရှစ်ဦး၊ ရာသီတုပ်ကွေးဖြစ်ပွားသူ ၄၃ ဦးတို့အား တွေ့ရှိရပြီး ကျေးလက်ကျန်းမာရေးဦးစီးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ကိုရဲ**

# နောင်ချိုရေကူးကန်ထဲ၌ လူငယ်တစ်ဦးရေနစ်သေဆုံး

**နောင်ချို ဇူလိုင် ၁၉**

နောင်ချိုမြို့ ဈေးရပ်ကွက် နယ်မြေ(၁)အတွင်းရှိ ရေကူးကန်ထဲတွင် ဇူလိုင် ၁၉ ရက် မွန်းလွဲ ၃ နာရီခန့်က လူငယ်တစ်ဦး ရေနစ်သေဆုံးသွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ မောင်သန်းနိုင်စိုး အသက်(၂၃ နှစ်)သည် အဖော်များနှင့်အတူ ရေကူးကန်ထဲတွင် ရေဆင်းကူးရာမှ ပျောက်ဆုံးနေရာ ရေကန်ထဲလိုက်လံရှာဖွေရာတွင် ရေနစ်သေဆုံးနေသည်ကို တွေ့ရှိရသည်။ ရေနစ်သေဆုံးသူ မောင်သန်းနိုင်စိုး နောင်ချိုမြို့ ဘူတာရပ်ကွက်နေသေဆုံးမှုကို ဓမ္မတာအတိုင်း သေဆုံးခြင်း ဟုတ်၊ မဟုတ် နောင်ချိုမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**စိုးဝင်း(နောင်ချို)**

# ရုရှား ဂြိုဟ်တုအလုံးရေ ၆၄၀ လွှတ်တင်မည်

**မော်စကို ဇူလိုင် ၁၉**

ရုရှားနိုင်ငံသည် လာမည့်နှစ်အနည်းငယ်အတွင်း အစီအစဉ်သစ်တစ်ခုအနေဖြင့် ဂြိုဟ်တုအလုံးရေ ၆၄၀ ကို လွှတ်တင်သွားမည်ဖြစ်ကြောင်း မကြာသေးမီက ရုရှားသမ္မတ ဗလာဒီမာပူတင်က ပြောသည်။

အဆိုပါဂြိုဟ်တုများကို ၂၀၂၂ခုနှစ်၊ ၂၀၂၄ခုနှစ်နှင့် ၂၀၂၈ ခုနှစ်မတိုင်မီ အဆင့်အလိုက် လွှတ်တင်သွားမည်ဖြစ်ကြောင်း အာကာသလုပ်ငန်းစဉ်များဆိုင်ရာ ရုရှားနိုင်ငံ ရော့စ်ကိုမော့စ်ပြည်နယ် ပူးပေါင်းဆောင်ရွက်မှု ခေါင်းဆောင်များနှင့် တွေ့ဆုံစဉ် သမ္မတ ပူတင်က ပြောကြားခဲ့ကြောင်း ကရင်မလင်နန်းတော်၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

ဂြိုဟ်တုသစ်များကို တည်နေရာရှာဖွေခြင်း၊ ဆက်သွယ်ရေးနှင့် ကမ္ဘာမြေစူးစမ်းလေ့လာမှု နယ်ပယ်များတွင် အကျိုးရှိစွာ အသုံးပြုသွားမည်ဖြစ်ကြောင်း သိရသည်။

ပြည်တွင်းစီးပွားရေးလုပ်ငန်းများနှင့် ပြည်ပမှ စီးပွားရေးမိတ်ဖက်များက အဆိုပါစီမံကိန်းအပေါ် စိတ်ဝင်စားမှုရှိကြောင်းနှင့် စီမံကိန်းပြီးဆုံးအောင် အရှိန်အဟုန်မြှင့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောခဲ့သည်။

ဂြိုဟ်တုစီမံကိန်းအပြင် အခြားသော အရေးကြီးသည့် စီမံကိန်းများကိုလည်း အချိန်မီပြီးစီးအောင် လုပ်ဆောင်ဖို့လိုကြောင်း ပူတင်က တိုက်တွန်းခဲ့သည်။ ၂၀၂၁ခုနှစ်တွင် စတင်လွှတ်တင်မည့် အန်ကာရာ ဒုံးပျံများ၊ ၂၀၂၂ခုနှစ် အစပိုင်းတွင် စမ်းသပ်ပျံသန်းမည့် ဆိုယုဇ်-၅ ဂြိုဟ်တုသယ်ဆောင်ရေး ဒုံးပျံများ၊ ၂၀၂၈ ခုနှစ်တွင် လွှတ်တင်မည့် ဒုံးပျံကြီးများ ပါဝင်ကြောင်း သိရသည်။

**ဆင်ဟွာ**




# အမေရိကန်သမ္မတအတွက် အဲယားဖို့စ်ဝမ်းလေယာဉ်နှစ်စင်း ဝယ်ယူမည်

**ဝါရှင်တန် ဇူလိုင် ၁၉**

အမေရိကန်ဒေါ်လာ ၃ ဒသမ ၉ ဘီလီယံတန်ဖိုးရှိ အဲယားဖို့စ်ဝမ်း လေယာဉ်နှစ်စင်းဝယ်ယူရန် ဘိုးရင်းကုမ္ပဏီနှင့် မကြာသေးမီက လက်မှတ်ရေးထိုးခဲ့ကြောင်း အမေရိကန်သမ္မတ အိမ်ဖြူတော်က ပြောသည်။

အသစ်ဝယ်ယူမည့် အဲယားဖို့စ်ဝမ်း လေယာဉ်နှစ်စင်းသည် ၂၀၂၄ခုနှစ်တွင် စတင်တာဝန်ထမ်းဆောင်ရန် အသင့်အနေအထားရောက်ရှိမည်ဖြစ်ကြောင်း၊ လက်ရှိအသုံးပြုနေသည့် သက်တမ်း ၃၁ နှစ်ရှိ အဲယားဖို့စ်ဝမ်း လေယာဉ်နှစ်စင်းကို အစားထိုး အသုံးပြုသွားမည်ဖြစ်ကြောင်း အိမ်ဖြူတော်က သတင်းထုတ်ပြန်ခဲ့သည်။

ဘိုးရင်းကုမ္ပဏီ၏ ကနဦး အဆိုဈေးနှုန်းမှာများနေသဖြင့် အိမ်ဖြူတော်က သင့်တော်သော ဈေးနှုန်းဖြစ်ရန် ညှိနှိုင်းဆောင်ရွက်ခဲ့ရသည်။




လေယာဉ်အတွက် ကနဦးဈေးနှုန်းမှာ အိမ်ဖြူတော်က ပေးနိုင်သည့် ပမာဏထက် များစွာကျော်လွန်နေပြီး အဆိုပါ ခြားနားချက်ကို နှစ်ဖက်အကြား အပြန်အလှန်ညှိနှိုင်းပြီးနောက် ကနဦးဈေး ၅ ဒသမ ၃ ဘီလီယံကို ၁ ဒသမ ၄ ဘီလီယံ ဈေးလျှော့ပေးခဲ့သည်။

အဲယားဖို့စ်ဝမ်း လေယာဉ်သစ်များတွင် ယခင်က အသုံးပြုခဲ့သော အဖြူနှင့် အပြာရောင်များအစား အနီ၊ အဖြူ၊ အပြာရောင်များဖြင့် ခြယ်မှုန်းသွားမည်ဖြစ်ကြောင်း၊ အဆိုပါအရောင်များမှာ အမေရိကန်နိုင်ငံ၏ ဝိသေသလက္ခဏာများဖြစ်ကြောင်း သမ္မတ ထရန့်က ဆိုသည်။

အဲယားဖို့စ်ဝမ်း လေယာဉ်အသစ်နှစ်စင်းသည် ၇၄၇ ဂျမ်ဘိုလေယာဉ်များကို အဆင့်မြှင့်တင်ထားပြီး အမေရိကန်သမ္မတအတွက် လိုအပ်သော လုံခြုံရေးအစီအမံများကို အထူးအလေးထားကာ ထုတ်လုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**ဆင်ဟွာ**

# ဆီးရီးယားအစိုးရကိုထောက်ခံသောမြို့မှ ဒေသခံထောင်ပေါင်းများစွာအား ကယ်တင်

**အလက်ပို ဇူလိုင် ၁၉**

ဆီးရီးယားနိုင်ငံမြောက်ပိုင်း အစိုးရကိုထောက်ခံသည့် မြို့နှစ်မြို့မှ ဒေသခံထောင်ပေါင်းများစွာအား မြို့အတွင်းမှကယ်ဆယ်မှုများကို ကြာသပတေးနေ့က ပြုလုပ်ခဲ့သည်။ ခုနစ်နှစ်တာ ပြည်တွင်းစစ်ပွဲအတွင်း အချိန်အကြာဆုံး အသိမ်းခံထားရသည့် မြို့များထဲတွင် အပါအဝင်ဖြစ်သော မြို့များလည်းဖြစ်သည်။ အက်ဒ်လပ်ပြည်နယ်မှ ဖူအာနှင့် ကာဖရာရာမြို့တို့သည် ဆီးရီးယားတွင် ပိတ်ဆို့ခံထားရသည့် မြို့များထဲမှ နောက်ဆုံးကျန်ရှိနေသည့် မြို့နှစ်မြို့လည်းဖြစ်သည်။

ထို့အပြင် သူပုန်များအဝိုင်းခံထားရသည့် ယင်းနှစ်မြို့သည် အစိုးရထောက်ခံသည့် မြို့နှစ်မြို့လည်းဖြစ်သည်။ ရှီးယိုက်များအများဆုံးနေထိုင်ရာ မြို့များသည် လွန်ခဲ့သည့်သုံးနှစ်ကတည်းက သူပုန်များနှင့် ဆီရီးယားအယ်ကေဒါများ၏မဟာမိတ်များပိတ်ဆို့မှုကို ခံထားရသည်။ အင်္ဂါနေ့က ချုပ်ဆိုထားသော ဆီးရီးယားအစိုးရနှင့်သူပုန်များ၏ သဘောတူညီချက်အရ အစိုးရကိုထောက်ခံသောမြို့မှ ဒေသခံများသည် အစိုးရကထိန်းချုပ်ထားသော မြို့များဆီသို့ သွားလာခွင့်ရမည်ဖြစ်ပြီး အပြန်အလှန်အားဖြင့် အကျဉ်းထောင်ထဲမှအကျဉ်းသားများကို ပြန်လွှတ်ပေးရမည်ဖြစ်သည်။



ဗုဒ္ဓဟူးနေ့တွင် ယင်းမြို့များမှ ထွက်ပေါက်ပိတ်ထားသော အတားအဆီးများကို လမ်းမများထက်မှ ဖယ်ရှားနေပြီဖြစ်သည်။ ကြာသပတေးနေ့ မနက်ပိုင်းတွင် ဖူအာနှင့် ကာဖရာရာမှ လူများတင်ဆောင်လာသော ဘတ်စ်ကားများသည် သူပုန်များထိန်းချုပ်ထားရာ နယ်မြေများကိုဖြတ်သန်းကာ အလက်ပိုမြို့ဆီ ထွက်ခွာသွားကြပြီဖြစ်သည်။

မြို့နှစ်မြို့မှ ဒေသခံပေါင်း ၆၉၀၀ ခန့်မှာ အခုအခါမြို့များကို စွန့်ခွာထွက်သွားပြီဖြစ်သည့်အတွက် မြို့အတွင်းလူသူကင်းမဲ့လျက်ရှိသည်ဟု ဗြိတိန်အခြေစိုက် ဆီးရီးယားလူ့အခွင့်အရေးစောင့်ကြည့်ရေးအုပ်စုက ပြောသည်။ အစိုးရဘက်မှလည်း ဖမ်းဆီးထိန်းသိမ်းထားသူများကို ပြန်လည်လွှတ်ပေးနေပြီဖြစ်ကြောင်း စောင့်ကြည့်ရေးအုပ်စုမှ အကြီးအကဲ ရာမီအဗ္ဗဒယ် ရာဟန်က ပြောသည်။

**အေအက်ဖ်ပီ**

# အီရန်အစိုးရတပ်ဖွဲ့ ကာကွယ်ရေးအတွက် တင့်ကား ၇၀၀ မှ ၈၀၀ အထိ အသုံးပြုမည်

**တီဟီရန် ဇူလိုင် ၁၉**

အီရန်အစိုးရတပ်ဖွဲ့သည် ကာကွယ်ရေးအတွက် လိုအပ်သော ပြည်တွင်းထုတ်တင့်ကား အစီး ၇၀၀ မှ ၈၀၀ အထိ အသုံးပြုသွားမည်ဖြစ်ကြောင်း အီရန်နိုင်ငံပိုင်သတင်းဌာနက သတင်းထုတ်ပြန်ခဲ့သည်။

လက်ရှိတွင် ပြည်တွင်းလုပ်ငန်း ကုမ္ပဏီများအနေဖြင့် နှစ်စဉ်တင့်ကားအစီးရေ ၅၀ မှ ၆၀ အထိ ထုတ်လုပ်နိုင်ပြီး ကာရာအမျိုးအစား တင့်ကားများလည်း ပါဝင်ကြောင်း အီရန် ဒုတိယကာကွယ်ရေးဝန်ကြီး မောဇာဖရီနီယာက ပြောသည်။

သို့သော်လည်း အဆိုပါ တင့်ကားများကို မည်သည့်အချိန်တွင် တပ်ဖွဲ့အတွင်း နေရာချထားဆောင်ရွက်မှု လုပ်ဆောင်သွားမည်ဆိုသည့်အချက်ကို ကာကွယ်ရေး ဒုတိယဝန်ကြီးက ထုတ်ဖော်မပြောခဲ့ကြောင်း သိရသည်။

အီရန်နိုင်ငံထုတ် ကာရာအမျိုးအစား တင့်ကားသည် စွမ်းဆောင်ရည်လွန်စွာကောင်းမွန်သည့် တင့်ကားအမျိုးအစားဖြစ်ကြောင်းနှင့် နေ့နှင့်ညအချိန်များတွင် ရွေ့လျားနေသည့် ပစ်မှတ်များကို တိကျစွာ ပစ်ခတ်နိုင်ကြောင်း သိရသည်။

**အေအက်ဖ်ပီ**

# လစ်ဗျားနိုင်ငံ၌ နိုင်ငံရေးပဋိပက္ခများအဆုံးသတ်စေရေး အပြည်ပြည်ဆိုင်ရာမှ တညီတညွတ်တည်း ရပ်တည်ပေးရန်တောင်းဆို

**ထရီပိုလီ ဇူလိုင် ၁၉**

ကုလသမဂ္ဂမှ ကျောထောက်နောက်ခံပြုထားသော လစ်ဗျားဝန်ကြီးချုပ်ဖာရာဇ်ဆာရာ့ဂျ်သည် နိုင်ငံအတွင်း ကွဲပြားမှုများဖြစ်ပေါ်နေသော နိုင်ငံရေးအခြေအနေများကိုအဆုံးသတ်သွားစေရေးအတွက် အပြည်ပြည်ဆိုင်ရာ စည်းလုံးညီညွတ်သော ရပ်တည်ချက် ဖြစ်လာစေရေးတောင်းဆိုခဲ့သည်။ အမေရိကန်ပြည်ထောင်စု ၊ ဗြိတိန်၊ အီတလီ၊ ပြင်သစ် ၊ ဂျာမနီ၊ရုရှားနှင့် တရုတ်တို့မှ သံအမတ်များ၊ ဥရောပသမဂ္ဂဆိုင်ရာ သံအမတ်များနှင့်တွေ့ဆုံစဉ် ထိုသို့ ပြောကြားခဲ့ခြင်းဖြစ်သည်။

ပြန်လည်သင့်မြတ်ရေးအတွက် လုပ်ဆောင်နေကြသော်လည်း နောက်ကြောင်းပြန်မည့် အကြောင်းတရားများနှင့် ကြုံတွေ့နေရကြောင်း တစ်စိတ်တစ်ဝမ်းတည်း သဘောတူညီမှုရအောင် ကြိုးပမ်းနေသော်လည်း အပြည်ပြည်ဆိုင်ရာမှ သဘောထားများမှာ ကွဲပြားလျက်ရှိကြောင်း ထောက်ပြပြောဆိုခဲ့သည်။

အကယ်၍ အပြည်ပြည်ဆိုင်ရာမှ တစ်စိတ်တစ်ဝမ်းတည်းဖြစ်သော ဆုံးဖြတ်ချက်များချမှတ်ပါက လစ်ဗျားနိုင်ငံတွင် နိုင်ငံရေးအရ ကွဲပြားမှုများ အဆုံးသတ်သွားမည်ဖြစ်ကြောင်း၊ ပြည်တွင်းနှင့်အပြည်ပြည်ဆိုင်ရာမှ အဆိုးမြင် ဝင်ရောက်စွက်ဖက်မှုများသည် လစ်ဗျားနိုင်ငံ၏လက်ရှိနိုင်ငံရေးအခြေအနေကို အနှောင့်အယှက်ဖြစ်လျက်ရှိကြောင်း လစ်ဗျားဝန်ကြီးချုပ်က ပြောသည်။

အချို့သောနိုင်ငံများသည် ပါတီများကို ပဋိပက္ခဖြစ်ပွားအောင် လှုံ့ဆော်သလိုဖြစ်နေပြီး အချို့သောနိုင်ငံများကမူ လက်နက်တင်သွင်းခွင့် ပိတ်ပင်ထားသော်လည်း ပါတီအချို့ကို လက်နက်ထောက်ပံ့မှုမျိုးရှိနေသည်ဟုလည်း ၎င်းကဆက်ပြောသည်။ လစ်ဗျားနိုင်ငံသည် ကုလသမဂ္ဂ ကျောထောက်နောက်ခံပြုပြီး နိုင်ငံအတွင်းကွဲပြားနေသောပါတီများနှင့် ငြိမ်းချမ်းရေးစာချုပ်ကို ၂၀၁၅ ခုနှစ်က လက်မှတ်ရေးထိုးထားသော်လည်း နိုင်ငံအတွင်းအရှေ့နှင့် အနောက်ဟူ၍ ကွဲပြားလျက်ရှိကာ နိုင်ငံရေးပါတီများလည်း ကွဲပြားလျက်ရှိသည်။

လစ်ဗျားနိုင်ငံတွင် နိုင်ငံအတွင်း နိုင်ငံရေးပဋိပက္ခများ ချုပ်ငြိမ်းသွားစေရေးအတွက် ပါတီပေါင်းစုံပါဝင်သည့် အစည်းအဝေးတစ်ခုကို မေလအတွင်းက ပြင်သစ်နိုင်ငံ၏ ကမကထပြုမှုဖြင့် ကျင်းပသည်။ ယင်းအစည်းအဝေးပွဲတွင် ပါတီများမှ ပါလီမန်ရွေးကောက်ပွဲကို ဒီဇင်ဘာ ၁၀ ရက်တွင် ကျင်းပရန် သဘောတူညီခဲ့သည်။

**ဆင်ဟွာ**

## နိုင်ငံတကာ သတင်းတိုထွာ

### ဂျပန်နိုင်ငံ၌ ပြင်းထန်သည့်အပူလှိုင်း ဆက်လက်ခံစားနေရ

**တိုကျို ဇူလိုင် ၁၉**

ဂျပန်နိုင်ငံတွင် သဘာဝဘေးဒဏ်ခံဒေသများ၌ ပြင်းထန်သော အပူချိန်မှာ ဆက်လက်တည်ရှိနေရာ ကြာသပတေးနေ့အထိ အပူချိန်ပြင်းထန်နေဆဲဖြစ်သည်။ တချို့သောနေရာများတွင် အပူချိန်မှာ ၃၉ ဒီဂရီဆဲလ်စီးရပ်အထိ မြင့်မားလျက်ရှိသည်။ ဂျပန်နိုင်ငံ အရှေ့ပိုင်းနှင့် အနောက်ပိုင်းဒေသများတွင် အပူရှိန်ဆက်လက်မြင့်တက်လျက်ရှိကြောင်း မိုးလေဝသ အေဂျင်စီက ပြောသည်။

ဂျပန်နိုင်ငံအနောက်ပိုင်းရှိ မြို့များဖြစ်သော ဆာကီနှင့် ကျိုတိုမြို့တို့တွင် အပူချိန်မှာ ၃၆ ဒသမ ၈ ဒီဂရီရှိပြီး တိုကျိုမြို့အနီး မယ်ဘာရှီမြို့တွင် အပူချိန် ၃၅ ဒီဂရီရှိသည်။ ကျိုတို မြို့နေ့အပူချိန်မှာ ၃၉ ဒီဂရီနှင့် တိုကျိုမြို့တွင်မူ ၃၅ ဒီဂရီရှိသည်။ ပြင်းထန်သည့် အပူချိန်ကြောင့် အသက်အန္တရာယ်စိုးရိမ်ရသည့်အတွက် ကြိုတင်ကာကွယ်မှုများ ပြုလုပ်ထားရန် အာဏာပိုင်များက သတိပေးထားသည်။ ထို့အပြင် လွန်ခဲ့သည့်ရက်များက ရေကြီးမြေပြိုမှုကို ခံစားထားရသော ဒေသမှလူများအနေဖြင့် ပြင်းထန်သည့် အပူချိန်ကို အထူးဂရုပြုကြရန် တိုက်တွန်းထားသည်။

**အင်န်အိတ်ချ်ကေ**

---

### ဂူအတွင်း အတွေ့အကြုံများကို နည်းပြဖြစ်သူက ပြောပြ

**ချင်းရိုင် ဇူလိုင် ၁၉**

ထိုင်းနိုင်ငံရှိလိုဏ်ဂူအတွင်း ကျောင်းသား ၁၂ ဦးနှင့်အတူ ပိတ်မိနေခဲ့သော ဘောလုံးနည်းပြသည် ၎င်းတို့၏ လိုဏ်ဂူအတွင်း အတွေ့အကြုံများကို ရှင်းလင်းပြောပြခဲ့သည်။ အသက် ၂၅ နှစ်အရွယ် ဘောလုံးနည်းပြ အက်ကပို ချန်တာဝေါင်းသည် ဗုဒ္ဓဟူးနေ့က ပြုလုပ်သော သတင်းစာ ရှင်းလင်းပွဲသို့ ကျောင်းသား ၁၂ယောက်နှင့်အတူ တက်ရောက်ခဲ့သည်။ ၎င်းတို့၏ပထမအစီအစဉ်မှာ ဂူအနားတွင် ဘောလုံးကစားပြီး ဂူအတွင်းဝင်ရန် ဖြစ်သည်။

ထို့နောက် လိုဏ်ဂူအတွင်း၂ ကီလိုမီတာခန့် ဝင်ခဲ့ကြပြီး ပြန်ဖို့လုပ်သည့်အခါ ရေများမှာ မျက်နှာကြက် ထိလုနီးပါး မြင့်တက်နေသည်ကို တွေ့ရကြောင်း၊ ရေငုပ်ကာ အိမ်အပြန်လမ်းရှာခဲ့သော်လည်း မတတ်နိုင်ခဲ့ကြောင်း၊ ထို့ကြောင့် ယင်းအကြံကို စွန့်လွှတ်ခဲ့ပြီး လာကယ်မည့်သူများကိုသာ စောင့်ဆိုင်းနေခဲ့ရကြောင်း၊ ကျောင်းသားများက ထွက်ပေါက်ရှာရန် အကြံပေးခဲ့သော်လည်း ငြိမ်ငြိမ်နေခြင်းကသာ အကောင်းဆုံးဟုယူဆသည့်အတွက် ဒီအတိုင်း စောင့်ဆိုင်းခဲ့ကြကြောင်း ပြောခဲ့သည်။

၎င်းတို့သည် လာရောက်ကယ်ဆယ်မည့်သူများကို ကိုးရက်တာစောင့်ဆိုင်းခဲ့ရပြီး ကယ်ဆယ်ရေးလုပ်ငန်းကို သုံးရက်တာ လုပ်ဆောင်ခဲ့ရသည်။

**အင်န်အိတ်ချ်ကေ**

---

# လူ့အဖွဲ့အစည်းကိုခြိမ်းခြောက်လာသော သတင်းအမှားအန္တရာယ်

**ခြူးစန္ဒီနွေး**

**လူမှုကွန်ရက်မီဒီယာတွေဟာ ယနေ့ခေတ်မှာ လူသားတွေအတွက် အင်မတန်မှအရေးပါတဲ့ အခန်းကဏ္ဍကနေ ပါဝင်လာပါတယ်။ ဘယ်အရာမဆို ကောင်းကျိုးနဲ့ ဆိုးကျိုးဟာ အမြဲဒွန်တွဲလို့နေပါတယ်။ ဒီလိုပါပဲ။ လူမှုကွန်ရက်မီဒီယာတွေမှာလည်း ကောင်းကျိုးနဲ့ ဆိုးကျိုးဆိုတာရှိပါတယ်။**



ဇူလိုင် ၁၀ ရက်က လူစုလူဝေးဖြင့် တိုက်ခိုက်ခံရမှုကြောင့် ပျက်စီးသွားသောကားကို တွေ့ရစဉ်။

သတင်းတွေကို အချိန်နဲ့ တစ်ပြေးညီ သိနိုင်သလို ဝေးကွာနေတဲ့ ဆွေမျိုးသားချင်းတွေ၊ ချစ်သူတွေကို နီးနီးလေးဖြစ်အောင် ဖန်တီးပေးနိုင်တဲ့ လူမှုကွန်ရက်မီဒီယာတွေမှာ သတင်းအမှားဆိုတဲ့ ထောင်ချောက်တစ်ခုကလည်း ရှိနေပါသေးတယ်။ သတင်းအမှား ဖြန့်ဝေမှုကြောင့် လူ့အသက်သေဆုံးတဲ့အထိ ဖြစ်လာပြီဆိုရင်တော့ ဒါဟာ လူ့အသိုင်းအဝိုင်းကို ခြိမ်းခြောက်တဲ့ အန္တရာယ်ဆိုး ဖြစ်လာပါပြီ။

**ကံဆိုးသူသားကောင်**

ပြီးခဲ့တဲ့သီတင်းပတ်ကပဲ အိန္ဒိယမှာ မက်ဆေ့ချ် ဆော့ဝဲတစ်ခုဖြစ်တဲ့ WhatsApp ကိုအသုံးပြုပြီး သတင်းအမှားဖြန့်ဝေမှုကြောင့် လူစုလူဝေးနဲ့ ရိုက်နှက်မှုတစ်ခု ဖြစ်ပေါ်ခဲ့ပါတယ်။ မသေမချင်း ရိုက်နှက်မှုကြောင့် လူတစ်ဦးသေဆုံးခဲ့ပြီး ကျန်သုံးဦးကတော့ ဒဏ်ရာအပြင်းအထန်ရရှိခဲ့ပါတယ်။

တောင်ပိုင်းပြည်နယ်တစ်ခု ဖြစ်တဲ့ ကာနာတာကာမှာ WhatsApp ကနေတစ်ဆင့် ကလေးတွေ ပြန်ပေးဆွဲတဲ့ ဂိုဏ်းရောက်နေတယ်ဆိုပြီး သတင်းတစ်ခု ပျံ့နှံ့ခဲ့ပါတယ်။ အဲဒီအတွက် ရွာသားတွေဟာ လူစုလူဝေးနဲ့ တုတ်တွေကိုင်ဆောင်ပြီး ရိုက်နှက်ခဲ့ကြပါတယ်။ ကံဆိုးသူ သားကောင်တွေ ဖြစ်သွားခဲ့ရတာကတော့ မိုဟာမက်အဇမ်နဲ့ သူ့ရဲ့သူငယ်ချင်းသုံးယောက်ပါ။ ဒီသူငယ်ချင်းလေးယောက်ဟာ ခရီးတစ်ခု သွားရာက အိမ်အပြန်လမ်းမှာ ကျောင်းတစ်ကျောင်းကိုတွေ့တော့ ကလေးတွေကို ချောကလက်ဝေဖို့ စိတ်ကူးရသွားပါတယ်။ ဒီစိတ်ကူးကြောင့် သူတို့အပေါ် အန္တရာယ်ကြီးကျရောက်လာလိမ့်မယ်လို့တော့ သူတို့မတွေးမိခဲ့ကြပါဘူး။ ဒီမြင်ကွင်းကို လူတစ်ယောက်က မြင်ပြီး လူမှုမီဒီယာပေါ်မှာ ကလေးခိုးဂိုဏ်းက ကလေးတွေကို ချောကလက်ဝေနေတယ်လို့ တင်ခဲ့ပါတယ်။ အဲဒီနောက်မှာတော့ အထင်လွဲနေတဲ့ လူအုပ်ကြီးရဲ့ ရိုက်နှက်မှုကြောင့် မိုဟာမက်အဇမ်သေဆုံးခဲ့ပြီး သူ့သူငယ်ချင်းတွေကတော့ ဆေးရုံပေါ်မှာ ဒဏ်ရာအပြင်းအထန် ရကုန်ကြပါတယ်။

**ကျူးလွန်သူတွေကို ဖမ်းဆီး**

ဒီကိစ္စကြောင့် လူပေါင်း ၃၀ ကျော်ကို ဖမ်းဆီးထားပါတယ်။ ခရိုင်လက်ထောက်ရဲမှူး ဘိုင်ဒါကတော့ "ဒီလူတွေ ချောကလက်ဝေတာဟာ မကောင်းတဲ့အကြံစည်ကြောင့်လား၊ ရိုးရိုးသားသားပဲလား ဆိုတာ မသိရသေးဘူး။ စုံစမ်းစစ်ဆေးတုန်းပဲရှိသေးတယ်"လို့ ပြောပါတယ်။ ဒေါသထွက်နေတဲ့ လူအုပ်ကြီးကတော့ WhatsApp ပေါ်က သတင်းကိုရရချင်းပဲ တုတ်တွေနဲ့ လိုက်ခဲ့ကြပြီး မိုဟာမက်အဇမ်နဲ့ သူ့သူငယ်ချင်းတွေကို ကားပေါ်ကနေ ဆွဲချပြီး ရိုက်နှက်ကြပါတယ်။ လူပေါင်း ၂၀၀၀ ကျော်က ဝိုင်းလိုက်ကြတာပါ။ ကားလည်းရစရာ မရှိအောင် ပျက်စီးသွားခဲ့ရပါတယ်။ ဖမ်းဆီးထားတဲ့လူ အယောက် ၃၀ ထဲမှာ ၂၈ ယောက်ကတော့ အကြမ်းဖက် ဝိုင်းရိုက်ခဲ့လို့ဖြစ်ပြီး နှစ်ဦးကိုတော့ သတင်းအမှားဖြန့်ဝေမှုကြောင့် ဖမ်းဆီးထားခဲ့တာပဲ ဖြစ်တယ်။

ကာနာတာကာ ပြည်နယ် ဒုတိယဝန်ကြီး ပါရာမက်ရှ်ဝါရာကတော့ ဒီလိုမျိုး လူစုလူဝေးနဲ့ ရိုက်နှက်တာကို ဘယ်လိုမှ လက်မခံနိုင်ကြောင်း ပါဝင်သူတွေအားလုံးကို ပြင်းပြင်းထန်ထန်ပဲ အရေးယူကြဖို့ တိုက်တွန်းထားပါတယ်။ ပြည်သူတွေအနေနဲ့လည်း သတင်းအမှားဆိုတာကို မယုံကြည်ကြဖို့၊ တရားဥပဒေဆိုတာရှိတဲ့အတွက် သံသယဖြစ်စရာတစ်စုံတစ်ခုတွေ့လာရင် ရဲကိုချက်ချင်း အကြောင်းကြားတာကသာ အသင့်တော်ဆုံး နည်းလမ်းဖြစ်တယ်လို့ ပြောခဲ့ပါတယ်။

**တစ်နိုင်ငံလုံးပျံ့နှံ့လာတဲ့ ကပ်ဆိုးတစ်ခု**

ဇူလိုင်လ ၁ ရက်နေ့တုန်းကလည်း ကလေးသူငယ်တွေကို အလွဲသုံးစားမသမာမှုကျူးလွန်သူတွေဆိုပြီး သတင်းတစ်ခု WhatsApp မှာ တက်လာပါသေးတယ်။ အဲဒီသတင်းအမှားကြောင့် မဟာရက်ရှ်တရာပြည်နယ်မှာ လူငါးဦးကို လူစုလူဝေးနဲ့ ရိုက်နှက်ခြင်းခံရပါတယ်။ ဒါကြောင့်လည်း WhatsApp က သတင်းအမှားတွေကို ဆန့်ကျင်လှုပ်ရှားဖို့ နိုးကြွမှုတွေ ဖြစ်ပေါ်လာပါတယ်။ တိုက်ခိုက်ခံရတဲ့လူတွေဟာ ဆင်းရဲသားစိုက်ပျိုးရေးလုပ်ကိုင်သူတွေဖြစ်ပြီး သူတို့စီးလာတဲ့ဘတ်စ်ကားကို လူ ၄၀ လောက်က ဝိုင်းရိုက်တာဖြစ်ပြီး လူအယောက်သုံးထောင်လောက်က ဝိုင်းထားပါတယ်။ ၁၀ရက်ကနေ ၁၅ ရက်အတွင်း ကလေးပြန်ပေးဆွဲသမားတွေ ဒီဒေသကို လာရောက်နိုင်တယ်လို့ WhatsApp ကနေတစ်ဆင့် သတင်းတွေ ဖြန့်ဝေထားလို့ပါ။

အလားတူ ဖြစ်ရပ်မျိုးပါပဲ။ ဇွန် ၈ ရက်နေ့တုန်းကလည်း ခရီးသွားနှစ်ဦးဟာ အရှေ့မြောက်ပိုင်း အာသံပြည်နယ်မှာ ကလေးတွေကို ကားထဲထည့်ပြီး ချုပ်နှောင် ခေါ်ဆောင်လာတယ်ဆိုတဲ့ လူမှုကွန်ရက်ပေါ်က သတင်းအမှားကြောင့် ဒေသခံတွေဟာ ကားကိုရပ်တန့်ခိုင်းပြီး လူကိုဆွဲချကာ မသေမချင်းရိုက်နှက်ခဲ့ပါတယ်။ မေလအတွင်းကလည်း WhatsApp ပေါ်မှာ ပျံ့နေတဲ့ သတင်းအမှားတစ်ခုဖြစ်တဲ့ ကလေးခိုးဂိုဏ်းကပါဆိုတဲ့ သတင်းအမှားကြောင့် အမျိုးသမီးတစ်ဦးအသတ်ခံရပြီး အခြားလူတွေလည်း ပြင်းပြင်းထန်ထန်ဒဏ်ရာရအောင် ရိုက်နှက်ခံရပါတယ်။ ဟိုက်ဒရာဘတ်မြို့မှာ ဖြစ်ပွားခဲ့တဲ့ ဖြစ်ရပ်တစ်ခုလည်း ဖြစ်တယ်။ သတင်းအမှား ဖြန့်ဝေခြင်း ဂယက်ဟာ နိုင်ငံတစ်ဝန်းမှာ ပျံ့နှံ့နေတဲ့ ကပ်ရောဂါဆိုးသဖွယ် ဖြစ်နေပါတယ်။

"ပြီးခဲ့တဲ့သီတင်းပတ်ကပဲ အိန္ဒိယမှာ မက်ဆေ့ချ် ဆော့ဝဲတစ်ခုဖြစ်တဲ့ WhatsApp ကို အသုံးပြုပြီး သတင်းအမှားဖြန့်ဝေမှုကြောင့် လူစုလူဝေးနဲ့ ရိုက်နှက်မှုတစ်ခု ဖြစ်ပေါ်ခဲ့ပါတယ်။ မသေမချင်း ရိုက်နှက်မှုကြောင့် လူတစ်ဦး သေဆုံးခဲ့ပြီး ကျန်သုံးဦးကတော့ ဒဏ်ရာအပြင်းအထန်ရရှိခဲ့ပါတယ်"

**သုံးစွဲသူလုံခြုံရေးအတွက် စီစဉ်ဖို့လိုအပ်**

ဇူလိုင် ၁ ရက် တိုက်ခိုက်မှုအပြီးမှာတော့ အိန္ဒိယနည်းပညာဝန်ကြီးဌာနက WhatsApp ကိုအသုံးပြုပြီး သတင်းအမှားဖြန့်ဝေတာတွေဟာ စိုးရိမ်ဖွယ်ရာ အခြေအနေရှိနေပြီလို့ ပြောပါတယ်။ WhatsApp ဘက်ကလည်း ဒါဟာ ကြောက်မက်ဖွယ် အကြမ်းဖက်မှုကို ဦးတည်လာပြီလို့ပြောခဲ့ပြီး သုံးစွဲသူတွေအနေနဲ့ WhatsApp ကို တလွဲအသုံး မပြုဖို့၊ သုံးစွဲသူတွေရဲ့လုံခြုံစိတ်ချရရေးအတွက် ဆောင်ရွက်သွားဖို့ အစီအစဉ်တွေရှိတယ်ဆိုပြီး ကြေညာခဲ့ပါတယ်။

**ကလေးပြန်ပေးဆွဲမှုအန္တရာယ်**

ဆိုရှယ်မီဒီယာကို တလွဲအသုံးပြုမှုတွေကြောင့် အပြစ်မဲ့တဲ့ပြည်သူတွေ အသက်ဆုံးရှုံးလာရချိန်မှာ ကလေးပြန်ပေးဆွဲခံရမှုဆိုတာလည်း လုံးဝမရှိတဲ့ကိစ္စတော့မဟုတ်ပါဘူး။ အိန္ဒိယပြည်ထဲရေးဝန်ကြီးဌာနရဲ့ ထုတ်ပြန်ချက်အရ ကလေးပြန်ပေးဆွဲခံရမှု၊ ကလေးခိုးခံရမှုဟာ ၂၀၁၅ ကနေ ၂၀၁၆ ခုနှစ်အထိ ၃၀ ရာခိုင်နှုန်းခန့် တိုးလာတယ်လို့ ဖော်ပြထားပြီး အရေအတွက်အားဖြင့်လည်း ၄၂၀၀၀ ခန့်ကနေ ၅၄၇၀၀ ကြားမှာ ရှိတယ်လို့ ဖော်ပြထားပါတယ်။

အမေရိကန်ပြည်ထောင်စုရဲ့ လူကုန်ကူးမှုခံရသူ အစီရင်ခံစာအရ အိန္ဒိယနိုင်ငံမှာ လုပ်ဆောင်နေတဲ့ လူကုန်ကူးမှုကာကွယ်ရေး လုပ်ငန်းတွေဟာ လုံလောက်မှုမရှိသေးဘူးလို့ ဖော်ပြထားပါတယ်။ အိန္ဒိယမှာ အမျိုးသမီးနဲ့ ကလေးငယ်တွေဟာ ခန့်မှန်းခြေ အားဖြင့် သန်းနဲ့ချီပြီး လူကုန်ကူးခံနေရတယ်လို့ အစီရင်ခံစာမှာ ဖော်ပြထားပါတယ်။ ကလေးတွေဟာ ပြန်ပေးဆွဲခံရပြီး မိုင်းလုပ်ငန်းခွင်တွေ၊ လယ်ယာလုပ်ငန်းခွင်တွေမှာ အတင်းအကျပ် အလုပ်စေခိုင်းခံရပါတယ်။ အမျိုးသမီးတွေကိုတော့ လိင်လုပ်ငန်းတွေမှာ အသုံးချဖို့ ဖမ်းဆီးခြင်းခံရပါတယ်။

**အကောင်းဆုံးနည်းလမ်းတစ်ခု**

ဒီလို ဖြစ်ရပ်မျိုးတွေရှိသလို အိန္ဒိယအစိုးရရဲ့ ကြိုးပမ်းအားထုတ်မှုတွေအတွက်လည်း ချီးကျူးထားတာတွေ အစီရင်ခံစာမှာ ပါပါတယ်။ ရထားဘူတာရုံတွေမှာ အဖော်မပါတဲ့ ကလေးတွေကိုတွေ့ရင် အကြောင်းကြားဖို့ ဘူတာရုံ ၃၃ ခုမှာ ဌာနတွေ ဖွင့်လှစ်ပေးထားပါတယ်။ ဒီတော့ ကလေးခိုးဂိုဏ်းတွေ မရှိဘူးလို့လည်း ပြောမရပါဘူး။

ဒါကြောင့် ဒေသခံတွေဟာ ကလေးခိုးဂိုဏ်းလို့ကြားရင် ဆတ်ဆတ်ထိမခံ ဒေါသပေါက်ကွဲကြတာပါ။ ဒါပေမယ့်လည်း သတင်းအမှားတွေကြောင့် အပြစ်မဲ့တဲ့ ပြည်သူတွေ ထိခိုက်ခံစားရတာကတော့ မဖြစ်သင့်တဲ့ ဖြစ်ရပ်တစ်ခုပါ။ ဒီတော့ လူမှုမီဒီယာတွေပေါ်မှာ သတင်းတွေကြားလာရင် ချင့်ချိန်ယုံကြဖို့နဲ့ သံသယဖြစ်ဖွယ်ရှိလာရင် ရဲကို အကြောင်းကြားထားတာကသာ အကောင်းဆုံးနည်းလမ်းတစ်ခု ဖြစ်လာမှာပါ။ ။

**ကိုးကား-စီအင်န်အင်န်**

# မြန်မာယူနီကုဒ် စံချိန်စံညွှန်းရေးဆွဲရေးနည်းပညာဆပ်ကော်မတီ၏ အစည်းအဝေးပြုလုပ်

**နေပြည်တော် ဇူလိုင် ၁၉**

အမျိုးသားစံချိန်စံညွှန်းကောင်စီ၏ နိုင်ငံတကာသုံး မြန်မာယူနီကုဒ်စံစနစ်ဆိုင်ရာ စံချိန်စံညွှန်းရေးဆွဲရေး နည်းပညာဆပ်ကော်မတီ၏ ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို နေပြည်တော်ရှိ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ရုံးအမှတ်(၂) အစည်းအဝေးခန်းမ၌ ဇူလိုင် ၁၇ ရက်က ပြုလုပ်ခဲ့သည်။



အစည်းအဝေးတွင် နိုင်ငံတကာသုံး မြန်မာယူနီကုဒ်စံစနစ်ဆိုင်ရာ စံချိန်စံညွှန်းရေးဆွဲရေးနည်းပညာဆပ်ကော်မတီဥက္ကဋ္ဌ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးချစ်ဝေက e-Government စနစ်ကိုထိရောက်အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အဓိကကျသည့် ယူနီကုဒ်သုံး မြန်မာစာစံစနစ်ဆိုင်ရာများနှင့်စပ်လျဉ်းသည့် ညှိနှိုင်းဆွေးနွေးပွဲများကို အမျိုးသားစံချိန်စံညွှန်းကောင်စီအနေဖြင့် ပြုလုပ်ခဲ့ပြီး သဘောတူဆုံးဖြတ်ချက်များအရ ဖောင့်ရေးသား၊ ထုတ်လုပ်၊ ဖြန့်ချိသူများသည် မိမိဖောင့်ကို နိုင်ငံတကာ ISO 10646 အသိအမှတ်ပြု မြန်မာယူနီကုဒ်စံစနစ်နှင့်ကိုက်ညီအောင် ရေးသားထုတ်လုပ်ရန်၊ မြန်မာယူနီကုဒ်စံစနစ်ကို ဆောလျင်စွာ စမ်းသပ်ကူးပြောင်းသုံးစွဲရန်၊ ဦးစားပေးရေးဆွဲရန်လိုအပ်သော စံချိန်စံညွှန်းများကို ဆွေးနွေးဖော်ထုတ်သွားရန်၊ နည်းပညာဆပ်ကော်မတီအနေဖြင့် စတင်ရေးဆွဲရန်ဆုံးဖြတ်ထားသည့် စံချိန်စံညွှန်းများအတွက် အဆိုပြုလွှာပုံစံများကို သုတေသနနှင့် တီထွင်ဆန်းသစ်မှုဦးစီးဌာနသို့ ပေးပို့ရမည်ဖြစ်သောကြောင့် နိုင်ငံတကာစံချိန်စံညွှန်းများကို အတတ်နိုင်ဆုံး မှီငြမ်းကိုးကား ပြုစုရေးဆွဲနိုင်ရေးနှင့် စံချိန်စံညွှန်းတစ်ခု(မူကြမ်း)ပြုစုချိန်ကို အကြမ်းအားဖြင့် ခြောက်လသတ်မှတ်နိုင်ရေး၊ အဆိုပြုလွှာပုံစံတွင် ရေးဆွဲမည့် စံချိန်စံညွှန်းတစ်ခုချင်းအတွက် လုပ်ငန်းအစီအစဉ်များနှင့်အတူ တင်ပြနိုင်ရေးအတွက် ဝိုင်းဝန်းဆွေးနွေးပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ကော်မတီဒုတိယဥက္ကဋ္ဌ(၁) ပညာရေးဝန်ကြီးဌာန သုတေသနနှင့် တီထွင်ဆန်းသစ်မှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းခိုင်မိုးက ISO 10646 နှင့်စပ်လျဉ်း၍ အသေးစိတ် ရှင်းလင်းဆွေးနွေးပြီး ကော်မတီအတွင်းရေးမှူး(၁) ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန သတင်းအချက်အလက်နည်းပညာနှင့် ဆိုက်ဘာလုံခြုံရေးဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးစိုးစောလင်းထွန်းနှင့် ကော်မတီအတွင်းရေးမှူး (၂) ပညာရေးဝန်ကြီးဌာန မြန်မာနိုင်ငံတိုင်းရင်းသားဘာသာစကားဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဇော်မြင့်တို့က Keyboard Layout Plan များကို အကြံပြုဆွေးနွေးကြသည်။

ဆက်လက်၍ တက်ရောက်လာကြသော ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်၊ မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်း၊ မြန်မာနိုင်ငံ ကွန်ပျူတာလုပ်ငန်းရှင်အသင်း၊ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း၊ မြန်မာယူနီကုဒ်ရေိယာအဖွဲ့နှင့် မြန်မာစာအဖွဲ့တို့က မိမိတို့ကဏ္ဍအလိုက် လုပ်ဆောင်သွားမည့် ဆောင်ရွက်ချက်များကို ဝိုင်းဝန်းအကြံပြုဆွေးနွေးကြပြီး ကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ဖြည့်စွက်ဆွေးနွေးခဲ့ကြသည်။ **သတင်းစဉ်**

**"အဓိကကျသည့် ယူနီကုဒ်သုံး မြန်မာစာစံစနစ်ဆိုင်ရာများနှင့် စပ်လျဉ်းသည့် ညှိနှိုင်းဆွေးနွေးပွဲများကို အမျိုးသားစံချိန်စံညွှန်းကောင်စီအနေဖြင့် ပြုလုပ်ခဲ့ပြီး သဘောတူဆုံးဖြတ်ချက်များအရ ဖောင့်ရေးသား၊ ထုတ်လုပ်၊ ဖြန့်ချိသူများသည် မိမိဖောင့်ကို နိုင်ငံတကာ ISO 10646 အသိအမှတ်ပြု မြန်မာယူနီကုဒ်စံစနစ်နှင့်ကိုက်ညီအောင် ရေးသားထုတ်လုပ်ရန်၊ မြန်မာယူနီကုဒ်စံစနစ်ကို ဆောလျင်စွာ စမ်းသပ်ကူးပြောင်းသုံးစွဲရန်၊ ဦးစားပေးရေးဆွဲရန်လိုအပ်သော စံချိန်စံညွှန်းများကို ဆွေးနွေးဖော်ထုတ်သွားရန်"**

# ပြည်ပသို့သွားရောက်အလုပ်လုပ်မည့်သူများအား ဌာနနှင့်အဖွဲ့အစည်းများ ပူးပေါင်းကူညီရန် ဆွေးနွေး

**မကွေး ဇူလိုင် ၁၉**

မကွေးတိုင်းဒေသကြီးအတွင်း မြို့နယ်များမှ ပြည်ပသို့ သွားရောက်အလုပ်လုပ်ကိုင်ကြမည့်သူများအား ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မြန်မာစာပေပံ့ပိုးကူညီမှုနှင့် ထိန်းသိမ်းစောင့်ရှောက်မှုပရဟိတအဖွဲ့(MBAPF)နှင့် သတင်းအချက်အလက်နှင့် သုတေသနဖလှယ်ရေးအဖွဲ့ (IREH)တို့ ပူးပေါင်း၍ ကူညီပေးနိုင်ရေးအတွက် ညှိနှိုင်းအစည်းအဝေးကို ဇူလိုင် ၁၈ ရက်က မကွေးမြို့ရှိ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုခန်းမ၌ ပြုလုပ်ခဲ့သည်။

အစည်းအဝေးတွင် ပြည်ပသို့သွားရောက်လုပ်ကိုင်မည့်သူများ အလုပ်လုပ်စဉ် အခက်အခဲများတွေ့ကြုံရပါက အကူအညီတောင်းခံ ဆက်သွယ်ရမည့် အဖွဲ့အစည်းများ၊ ဆောင်ရန်ရှောင်ရန် အချက်များ၊ အလုပ်လုပ်ကိုင်မည့်သူများထံ လာရောက်ဆက်သွယ်သည့် ကုမ္ပဏီများသည် တရားဝင်ဟုတ်မဟုတ်၊ လူကုန်ကူးသည့်ပွဲစားများ ဟုတ်မဟုတ် သိရှိနိုင်အောင် အသိပေးနိုင်မည့်အစီအစဉ်များ စသည်တို့ကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မြန်မာစာပေပံ့ပိုးကူညီမှုနှင့် ထိန်းသိမ်းစောင့်ရှောက်မှု ပရဟိတအဖွဲ့နှင့် သတင်းအချက်အလက်နှင့် သုတေသနဖလှယ်ရေးအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်သွားရန်နှင့် မကွေးတိုင်းဒေသကြီးအတွင်းရှိ နတ်မောက်၊ ပွင့်ဖြူ၊ မင်းလှ၊ မြိုင်၊ ပေါက်နှင့် အောင်လံမြို့နယ်များတွင် ဆောင်ရွက်နိုင်ရေး အစီအစဉ်များ ပြုလုပ်ခဲ့သည်။

အစည်းအဝေးသို့ မကွေးတိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးညွန့်နိုင်၊ အမှတ်(၂)လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စုမှူး ရဲမှူးကံဝင်း၊ တိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာနမှ ဦးစီးအရာရှိ ဦးသစ္စာ၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမြင့်သန်း၊ Club အသင်းများ၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးများ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများ တက်ရောက်ကာ လူကုန်ကူးမှုတားဆီးကာကွယ်ရေးနှင့်ပတ်သက်၍ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကိုလည်း အသေးစိတ်ဆွေးနွေးခဲ့ကြသည်။ **ခရိုင်(ပြန်/ဆက်)**



# ရခိုင်ပြည်နယ် စိုက်ပျိုးထုတ်လုပ်ရေးသမဝါယမအသင်းများသို့ အသေးစားချေးငွေလေးမျိုးပေးအပ်

**စစ်တွေ ဇူလိုင် ၁၉**

ရခိုင်ပြည်နယ် စိုက်ပျိုးထုတ်လုပ်ရေးသမဝါယမအသင်းများသို့ အသေးစားအရင်းအနှီးချေးငွေ ပေးအပ်ပွဲကို စစ်တွေမြို့ရှိ ပြည်နယ်သမဝါယမအသင်းရုံး အစည်းအဝေးခန်းမ၌ ဇူလိုင် ၁၈ ရက်က ကျင်းပခဲ့ရာ ရခိုင်ပြည်နယ် စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တောနှင့် သတ္တုတွင်းဝန်ကြီး ဦးကျော်လွင်က အမှာစကားပြောကြားသည်။

"ရခိုင်ပြည်နယ်မှာရှိတဲ့ လူထုလူတန်းစားအများစုဟာ အခြေခံလူတန်းစားများဖြစ်ကြပါတယ်။ ဒီအခြေခံလူတန်းစားတွေရဲ့ လူမှုဘဝတိုးတက်ပြောင်းလဲဖို့ဆိုရင် သူတို့လိုအပ်နေတဲ့အကူအညီတွေ၊ အထောက်အပံ့တွေ ပေးရမှာဖြစ်ပါတယ်။ သူတို့ရဲ့ အခြေခံလူမှုဘဝတွေ တိုးတက်ဖို့ ပြည်နယ်အစိုးရက တွန်းအားပေး အလေးထားဆောင်ရွက်နေသလို ခုလို သမဝါယမအသင်းအဖွဲ့တွေက အသေးစားချေးငွေတွေ ထုတ်ပေးတဲ့အတွက် အများကြီးကျေးဇူးတင်ပါတယ်။ သို့မှသာ အသေးစားအလတ်စား စီးပွားရေးလုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက်ဖို့ အထောက်အကူပြုနိုင်မှာဖြစ်ပါတယ်"ဟု ပြည်နယ်ဝန်ကြီးက ပြောသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးက ခရိုင်အလိုက် အသေးစားချေးငွေများကို သက်ဆိုင်ရာ မြို့နယ်သမဝါယမအသင်းစုဥက္ကဋ္ဌများထံ ပေးအပ်ခဲ့သည်။

ယနေ့ချေးငွေပေးအပ်ပွဲတွင် ခရိုင်အလိုက်အသေးစားအရင်းအနှီးချေးငွေ၊ လယ်ယာသုံးစက်ကိရိယာများ အရစ်ကျစနစ်ဖြင့်ဝယ်ယူရန် ပံ့ပိုးချေးငွေ၊ မျိုးစေ့ထုတ်သမဝါယမအသင်းများသို့ ထုတ်ချေးငွေနှင့် စံနမူနာပြ (Model) သမဝါယမအသင်းများ ဖြစ်ပေါ်လာရေးအတွက် အခြေခံသမဝါယမအသင်းများသို့ ထုတ်ချေးငွေဟူ၍ ချေးငွေလေးမျိုး ပေးအပ်ခြင်းဖြစ်ကြောင်း သိရသည်။

"ဒီကနေ့ချေးငွေကတော့ ၂၀၁၃ ခုနှစ်က China Exim Bank က ထုတ်ချေးတဲ့ငွေကို ဒသမအကြိမ် ထုတ်ချေးခြင်းဖြစ်ပါတယ်။ နှစ်စဉ် ခြောက်လတစ်ကြိမ် ဇန်နဝါရီလနဲ့ ဇူလိုင်လတွေမှာ ပြန်ကောက်ပြီး ချက်ချင်းပြန်ထုတ်ချေးပေးခြင်း ဖြစ်ပါတယ်။ ရခိုင်ပြည်နယ် မြို့နယ် ၁၇ မြို့နယ်က အသေးစား အလတ်စားလုပ်ငန်း လုပ်ကိုင်နေသူတွေကို ထုတ်ချေးခြင်း ဖြစ်ပါတယ်။ ချေးငွေအမျိုးအစားအလိုက် စုစုပေါင်း ငွေကျပ် ၁၀၇၇၆ ဒသမ ၅၀၀ သန်းကို ထုတ်ချေးပေးသွားမှာဖြစ်ပါတယ်" ဟု ပြည်နယ်သမဝါယမဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးက ပြောသည်။

ချေးငွေပေးအပ်ပွဲတွင် စစ်တွေ၊ မြောက်ဦး၊ မောင်တော၊ ကျောက်ဖြူနှင့် သံတွဲခရိုင်တို့ရှိ မြို့နယ် ၁၇ မြို့နယ်မှ သမဝါယမအသင်းများသို့ချေးငွေများ၊ မြို့နယ်ခြောက်ခုမှ အသင်းသား ၇၅ ဦးသို့ လယ်ယာသုံးစက်ကိရိယာ ၇၅ စီး အရစ်ကျဝယ်ယူရန် ချေးငွေများ၊ မြို့နယ်သုံးခုမှ အသင်းသား ၇၂ ဦးအတွက် မျိုးစေ့ထုတ်ရန် ချေးငွေများနှင့် စံပြသမဝါယမအသင်းများ ဖြစ်ပေါ်လာစေရန် ချေးငွေများကို ထုတ်ပေးခဲ့သည်။ **မြင့်မောင်စိုး**

# ကျောက်တန်းမြို့နယ်တွင် ရေရရှိရေးအတွက် စက်ရေတွင်း တူးဖော်ပေး

**ရန်ကုန် ဇူလိုင် ၁၉**

ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့နယ် ဥယျာဉ်ကျေးရွာသည် နှစ်ပေါင်းကြာမြင့်စွာ ရေချိုရရှိရန်ခက်ခဲခဲ့သောဒေသဖြစ်၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ပညာရှင်များ၊ အလှူရှင်များပူးပေါင်းပြီး စက်ရေတွင်းတူးဖော်ခြင်းနှင့် ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ရာ ဇူလိုင် ၁၆ ရက်တွင် လုပ်ငန်းများပြီးစီး၍ ရေလုံလောက်စွာရရှိပြီဖြစ်ကြောင်း သိရသည်။

အဆိုပါဥယျာဉ်ကျေးရွာတွင် ယခင်က စက်များဖြင့်တူးဖော်ခဲ့သော်လည်း ရေငန်များသာထွက်ရှိခဲ့ပြီး နှစ်စဉ်ရေအခက်အခဲဖြစ်ပေါ်ခဲ့ကြောင်း၊ ယခု ရန်ကုန်မြို့နေ အလှူရှင်များဖြစ်သော ဦးလောက်အေးနှင့် ဇနီး ဒေါ်ရှောက်ဟွေ မိသားစုတို့က ဥယျာဉ်ကျေးရွာ မြတ်ရွှေဂူကျောင်းတိုက်ဆရာတော်အား အမှူးထား၍ စက်ရေတွင်းကို ကျောင်းဝင်းအတွင်း တူးဖော်ခဲ့ပြီး ရေကန်နှင့် ရေစက်တို့ကိုလည်း လှူဒါန်းခဲ့ကြောင်း၊ ယခုအခါ ကျေးရွာရှိ အိမ်ခြေ ၂၀၀ကျော်မှ လူဦးရေ ၁၀၀၀ ခန့်မှာ သောက်သုံးရေချိုကို လုံလောက်စွာ အသုံးပြုနိုင်ပြီဖြစ်ကြောင်း သိရသည်။

ရေရရှိရေးလုပ်ငန်းဖွင့်ပွဲတွင် ကျောက်တန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးသိန်းမင်းက ရေရရှိရေးလုပ်ငန်း ဆောင်ရွက်ခဲ့မှုများကို ကျေးရွာနေပြည်သူများအား ရှင်းလင်းပြောကြားပြီး အလှူရှင်က ကျေးရွာအတွင်းရှိ ကျောင်းသား ကျောင်းသူများအား စာအုပ်နှင့် အာဟာရများ လှူဒါန်းခဲ့သည်။ **ထွန်းအောင်ရှိန်**

# ဝါးခယ်မမြို့၌ ကောက်စိုက်စက်ဖြင့် ကောက်စိုက်စွမ်းရည်သရုပ်ပြပွဲပြုလုပ်

**ဝါးခယ်မ ဇူလိုင် ၁၉**

ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ် သဲကုန်းကျေးရွာအုပ်စုမှ တောင်သူများအား ကောက်စိုက်စက်ဖြင့် ကောက်စိုက်စွမ်းရည်ပြပွဲကို ဇူလိုင် ၁၈ ရက်က အဆိုပါကျေးရွာရှိ တောင်သူတစ်ဦး၏ မျိုးသန့်စိုက်ပျိုးထုတ်လုပ်မှု စံပြစိုက်ကွက်၌ ပြုလုပ်ခဲ့သည်။



တောင်သူလယ်သမားများ ကြုံတွေ့နေရသော လယ်ယာလုပ်သားရှားပါးမှုကို ကောက်စိုက်စက်ဖြင့် အစားထိုးဖြေရှင်းဆောင်ရွက်ပြီး သီးနှံစိုက်ပျိုးထုတ်လုပ်မှုတွင် အချိန်သက်သာစေခြင်း၊ သိပ္ပံနည်းကျ GAP စနစ်ဖြင့်ပျိုးထောင်ပြီး ကောက်စိုက်စက်ဖြင့် စိုက်ပျိုးမှုကြောင့် အပင်ပွားများများရရှိစေခြင်း၊ စိုက်စနစ်မှန်ကန်၍ အထွက်နှုန်းကောင်းစေခြင်း၊ ပင်ပွားများသည် မိခင်ပင်မကြီးနှင့်အပြိုင် အသီးများ ဖြစ်ထွန်းအောင်မြင်ပြီး အထွက်နှုန်းတိုးတက်ကောင်းမွန်စေခြင်း၊ ပိုးမွှားရောဂါများ ကာကွယ်နှိမ်နင်းရာတွင်လည်း အထောက်အကူဖြစ်စေခြင်းတို့ကို တောင်သူများသိရှိစေရန် ရည်ရွယ်ပြီး သရုပ်ပြခြင်းဖြစ်ကြောင်း သိရသည်။

သရုပ်ပြပွဲသို့ တိုင်းဒေသကြီးစိုက်ပျိုးရေးဦးစီးဌာနမှ ပိုးမွှားတာဝန်ခံ ဦးဝင်းစိုး၊ ခရိုင်ဦးစီးမှူး ဦးဝင်းမြင့်၊ မြို့နယ်ဦးစီးမှူး ဦးချစ်ကိုနိုင်နှင့် ဝန်ထမ်းများ၊ သဲကုန်း၊ ကြာဖြူ၊ ကြခတ်ကုန်း၊ တောင်အူချောင်းဖျားနှင့် ပတ်ဝန်းကျင်ရှိ ကျေးရွာများမှ တောင်သူလယ်သမားများ တက်ရောက်ကြည့်ရှုခဲ့ကြသည်။ **မြို့နယ်(ပြန်/ဆက်)**

# သာယာဝတီ၌ ကျောင်းကျန်းမာရေးပညာပေးခြင်းနှင့် အခမဲ့ဆေးဝါးကုသမှု ဆောင်ရွက်ပေး

**သာယာဝတီ ဇူလိုင် ၁၉**

ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့နယ် တိုင်းရင်းဆေးပညာဦးစီးဌာနကကြီးမှူး၍ စံရွေးကျေးရွာ အထကကျောင်းမှ ကျောင်းသား ကျောင်းသူများအား ကျန်းမာရေး ဟောပြောပွဲနှင့် အခမဲ့ ကွင်းဆင်းဆေးဝါးကုသမှုများကို ဇူလိုင် ၁၈ ရက်က ဆောင်ရွက်ပေးခဲ့သည်။

ဟောပြောပွဲတွင် မြို့နယ်တိုင်းရင်းဆေးပညာဦးစီးဌာနမှူး ဒေါ်တင်နွယ်နွယ်ဝင်းက ကျန်းမာရေးဆိုင်ရာများ အသိပညာပေးဟောပြော၍ ကျောင်းသား ကျောင်းသူများအား မေးခွန်းများပြန်လည်မေးမြန်းကာ ဖြေဆိုနိုင်သော ကျောင်းသား ကျောင်းသူများအား ဆုများချီးမြှင့်ပေးသည်။ ထို့နောက် ကျောင်းသားကျောင်းသူ ၂၀၀ ခန့်အား အခမဲ့ ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

# ရန်ကုန်ကွန်ပျူတာတက္ကသိုလ်တွင် UCSY IT-CAMP ကျင်းပမည်

**ရန်ကုန် ဇူလိုင် ၁၉**

IT နည်းပညာများနှင့်သက်ဆိုင်သောအကြောင်းအရာများကို နှီးနှောဖလှယ်ဆွေးနွေးကြမည့် ဆွေးနွေးပွဲကြီးဖြစ်သည့် UCSY IT-Camp 2018 ကို ရန်ကုန်ကွန်ပျူတာတက္ကသိုလ်၌ ဇူလိုင် ၂၅ ရက် နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

IT-Camp ကျင်းပရာတွင် ဦးဆောင်ဆွေးနွေးသူနှင့် ပါဝင်ဆွေးနွေးသူဟု နှစ်မျိုးရှိမည်ဖြစ်ပြီး ကဏ္ဍအလိုက် ဦးဆောင်ဆွေးနွေးမည့်သူများ၏ အမည်နှင့် ပြောဆိုဆွေးနွေးမှုဝေမည့်အကြောင်းအရာ ခေါင်းစဉ်များကို ပွဲကျင်းပသည့်နေ့တွင် သတ်မှတ်ထားသော ကြော်ငြာဘုတ်၌ ကပ်ထားမည်ဖြစ်ကာ ပါဝင်ဆွေးနွေးမည့်သူများအနေဖြင့် ကြော်ငြာဘုတ်ကိုကြည့်ရှု၍လည်းကောင်း၊ UCSY IT-CAMP၏ဝက်ဘ်ဆိုက်တွင်လည်းကောင်း ကြည့်ရှု၍ မိမိစိတ်ပါဝင်စားသောခေါင်းစဉ်များကို ဆွေးနွေးမည့်အခန်းသို့ ဆွေးနွေးမည့်အချိန်တွင် သွားရောက်နားထောင် ပါဝင်ဆွေးနွေးနိုင်မည်ဖြစ်သည်။

ရန်ကုန်ကွန်ပျူတာတက္ကသိုလ် IT-Camp ကို ယခုနှစ်တွင်ကျင်းပခြင်းမှာ စတုတ္ထအကြိမ်မြောက် ကျင်းပခြင်းဖြစ်ပြီး ၂၀၁၄ ခုနှစ် ဇန်နဝါရီလအတွင်းက ပထမအကြိမ်တွင် ပါဝင်သူ ၂၅၀၀ ခန့်၊ ၂၀၁၅ ဇန်နဝါရီလတွင် ဒုတိယအကြိမ်ကို ပါဝင်သူ ၃၀၀၀ ခန့်နှင့် ၂၀၁၇ ဇွန်လတွင် တတိယအကြိမ်ကို ပါဝင်သူ ၃၀၀၀ ခန့်ဖြင့် စည်ကားစွာ ကျင်းပခဲ့ကြောင်း၊ ယခုနှစ် IT-Camp 2018 တွင်လည်း ယခင်သုံးကြိမ်ကဲ့သို့ ပြည်တွင်းမှ နည်းပညာရှင်များနှင့် လုပ်ငန်းရှင်များစွာ ပါဝင်ဆွေးနွေးကြမည်ဖြစ်ကြောင်း သိရသည်။

UCSY IT-Camp ကို ရန်ကုန်ကွန်ပျူတာတက္ကသိုလ် ကျောင်းသားသမဂ္ဂနှင့် ကျောင်းသားကျောင်းသူများ၏ ဦးဆောင်စီစဉ်မှုဖြင့် ကျင်းပခြင်းဖြစ်ပြီး ပြည်တွင်းရှိ IT နည်းပညာရှင်များနှင့် နည်းပညာ ကျောင်းသား ကျောင်းသူများ၊ ကွန်ပျူတာကျောင်းသား ကျောင်းသူများအကြား အချိတ်အဆက်များ ပြုလုပ်ပေးနိုင်ရန်၊ မသိရှိသေးသည့် နည်းပညာဆိုင်ရာ အကြောင်းအရာများကို သိရှိစေပြီး တိုးတက်ပြောင်းလဲလာသည့် နည်းပညာများနှင့်ပတ်သက်၍ အတွေးအမြင်သစ်များ ပြောင်းလဲတိုးတက်လာစေရန်၊ သိရှိပြီး နည်းပညာဆိုင်ရာ အကြောင်းအရာများအတွက်လည်း တိုးတက်ပြောင်းလဲ အသုံးချမှုများကို ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်စေရန်၊ နည်းပညာကျောင်းများနှင့် ကွန်ပျူတာ ကျောင်းသား ကျောင်းသူများအချင်းချင်း ပိုမိုရင်းနှီးစေရန်နှင့် မိမိတို့၏ အတွေးအမြင် နည်းပညာသစ်များအကြောင်းကို နှီးနှောဖလှယ်ဆွေးနွေးနိုင်စေရန် ရည်ရွယ်ချက်များဖြင့် ကျင်းပခြင်းဖြစ်ကြောင်း၊ UCSY IT-Camp သို့ IT နည်းပညာများကို စိတ်ပါဝင်စားသူများ တက်ရောက်နိုင်ကြောင်း သိရသည်။

**သူရဖြိုး**

# နိုင်ငံတစ်ဝန်းသုံးနိုင်မည့် အိမ်သုံးကြိုးမဲ့အင်တာနက်ဝန်ဆောင်မှုကို တယ်လီနော မိတ်ဆက်

**ရန်ကုန် ဇူလိုင် ၁၉**

အကန့်အသတ်မဲ့ အင်တာနက်ကို နိုင်ငံတစ်ဝန်းရှိ တယ်လီနော 4G ကွန်ရက်ရှိသောမြို့များမှ နေအိမ်တိုင်းတွင် အသုံးပြုနိုင်မည့် ဝန်ဆောင်မှုစနစ်တစ်ခုဖြစ်သည့် အိမ်သုံးကြိုးမဲ့အင်တာနက်ဝန်ဆောင်မှုကို တယ်လီနောမြန်မာက ဇူလိုင် ၁၆ ရက်မှစ၍ မိတ်ဆက်လိုက်သည်။

တယ်လီနော၏ အဆိုပါဝန်ဆောင်မှုကို အသုံးပြုသူများအနေဖြင့် အင်တာနက်အသုံးပြုခြင်း၊ အွန်လိုင်းဗီဒီယိုများ တိုက်ရိုက်ကြည့်ရှုခြင်းနှင့် ဒေါင်းလုပ်ရယူခြင်းများကို သတ်မှတ်နှုန်းထားအတိုင်း သတ်မှတ်အမြန်နှုန်းဖြင့် အကန့်အသတ်မဲ့ရရှိနိုင်မည်ဖြစ်ပြီး အိမ်သုံးကြိုးမဲ့အင်တာနက်ဝန်ဆောင်မှုကို နိုင်ငံတစ်ဝန်းရှိ တယ်လီနော၏ 4G ကွန်ရက်လွှမ်းခြုံထားသော မြို့နှင့် မြို့နယ်များအားလုံးတွင် ဇူလိုင် ၁၆ ရက်မှစ၍ အွန်လိုင်းမှ ငွေပေးချေကာ ဝယ်ယူရရှိနိုင်ပြီဖြစ်ကြောင်း သိရသည်။

ဝန်ဆောင်မှုစတင်သည့် အထူးအစီအစဉ်အနေဖြင့် တစ်စက္ကန့်လျှင် 5Mbps မြန်နှုန်းရှိ အကန့်အသတ်မဲ့ အင်တာနက်ဝန်ဆောင်မှုကို ရက် ၉၀ ကြာအသုံးပြုရန် ငွေကျပ် ၇၅၀၀၀ နှုန်းဖြင့် ဝယ်ယူနိုင်မည်ဖြစ်ကာ ပထမအကြိမ် ငွေပေးသွင်းမှုတွင် ကြိုးမဲ့အင်တာနက်မိုဒမ်း ဝယ်ယူမှုအတွက်လည်း ပါဝင်ပြီးဖြစ်ကြောင်း၊ ရက် ၉၀ အစီအစဉ် ကုန်ဆုံးပြီးနောက်တွင်လည်း 3Mbps အမြန်နှုန်းဖြင့် အကန့်အသတ်မဲ့ အင်တာနက်ကို လစဉ်ကြေး ငွေကျပ် ၃၀၀၀၀ ဖြင့်လည်းကောင်း၊ 5Mbps အမြန်နှုန်းကို လစဉ်ကြေး ငွေကျပ် ၄၅၀၀၀ ဖြင့်လည်းကောင်း ရယူအသုံးပြုသွားနိုင်မည်ဖြစ်သည်။ "လူအများစုက အိမ်မှာရှိနေတဲ့အချိန်မှာလည်း အင်တာနက်ချိတ်ဆက်ထားနိုင်တာကို ကြိုက်နှစ်သက်ကြပါတယ်၊ ဒီအတွက်ကြောင့်လည်း ကျွန်တော်တို့ အနေနဲ့ အိမ်သုံးကြိုးမဲ့အင်တာနက်ဝန်ဆောင်မှုကို မိတ်ဆက်လိုက်တာဖြစ်ပါတယ်"ဟု တယ်လီနောမြန်မာ၏ ဈေးကွက်ဖော်ဆောင်ရေးအရာရှိချုပ်က ပြောကြားသည်။

အဆိုပါ အိမ်သုံးကြိုးမဲ့ဝန်ဆောင်မှုကို ပြီးခဲ့သည့်လက ရန်ကုန်မြို့တွင် ကနဦးစမ်းသပ်မိတ်ဆက်ခဲ့ပြီး သုံးစွဲသူများထံမှ အပြုသဘောဆောင်သည့်မှတ်ချက်များရရှိခဲ့သည့်အတွက် နိုင်ငံတစ်ဝန်း ဝန်ဆောင်မှုတိုးချဲ့ပေးအပ်နိုင်ရန် တယ်လီနောက အရှိန်မြှင့်လုပ်ဆောင်ခဲ့ပြီးနောက် ယခု စတင်ဝန်ဆောင်မှုပေးခြင်းဖြစ်ကြောင်း၊ အဆိုပါ အိမ်သုံးကြိုးမဲ့အင်တာနက်ကို ရယူလိုသူများအနေဖြင့် https://broadband.telenor.com.mm/ ဝက်ဘ်ဆိုက်လိပ်စာသို့ သွားရောက်၍ တပ်ဆင်လိုသည့်နေရာသည် 4G ကွန်ရက် ရရှိနေသည့် ဧရိယာများတွင် ပါဝင်ခြင်း ရှိ၊ မရှိ ဦးစွာစစ်ဆေးရန်လိုအပ်ပြီး ကွန်ရက်ရသည့်နေရာတွင်ပါဝင်ပါက အဆိုပါဝက်ဘ်ဆိုက်စာမျက်နှာတွင်ပင် စာရင်းပေးသွင်း၍ ဝန်ဆောင်မှုကို ရယူနိုင်မည်ဖြစ်ကြောင်း၊ တပ်ဆင်အသုံးပြုရမည့် စက်ပစ္စည်းများကို စာရင်းပေးသွင်းထားသည့်လိပ်စာသို့ တယ်လီနောက တိုက်ရိုက်ပေးပို့သွားမည်ဖြစ်ကြောင်း၊ ဝန်ဆောင်မှုအသုံးပြုမည့်သူများသည် ကိုယ်တိုင်တပ်ဆင်အသုံးပြု၍ အဆင်မပြေပါက ပစ္စည်းလက်ခံရရှိပြီး တစ်ပတ်အတွင်း ပစ္စည်းများကို ပြန်လည်ပေးပို့နိုင်ကာ ပြန်ပို့သည့်ရက်မှ တစ်လအတွင်း တယ်လီနောက ပြန်အမ်းငွေကို ပြန်ပေးသွားမည်ဖြစ်ကြောင်း၊ လက်ရှိအချိန်တွင် အွန်လိုင်းမှသာ ဝယ်ယူနိုင်မည်ဖြစ်ပြီး နောက်ပိုင်းတွင် တယ်လီနောအရောင်းဆိုင်များ၌ပါ ရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။

**ကျော်ဇင်ဦး**

# အင်တာနက်မြန်နှုန်း စစ်ဆေးချက်များအရ မြန်မာ့အမြန်ဆုံး 4G ကွန်ရက်အဖြစ် အူရီဒူးသတ်မှတ်ခံရ

**ရန်ကုန် ဇူလိုင် ၁၉**

ကမ္ဘာတစ်ဝန်းတွင် Broadband နှင့် မိုဘိုင်းကွန်ရက်ကိုစစ်ဆေးသည့် အက်ပလီကေးရှင်း၊ ဒေတာနှင့် စိစစ်လေ့လာချက်များ ဆောင်ရွက်နေသော Ookla ၏ မြန်မာနိုင်ငံအတွင်း ယခုနှစ် ဇန်နဝါရီလမှ ဇွန်လအထိ အင်တာနက်မြန်နှုန်း စမ်းသပ်ချက်များအရ မြန်မာနိုင်ငံရှိ 4G ကွန်ရက်များတွင် အူရီဒူး၏ 4G ကွန်ရက်က အမြန်ဆန်ဆုံးကွန်ရက်အဖြစ် အသိအမှတ်ပြုခဲ့ကြောင်း အူရီဒူးမြန်မာမှ သတင်းထုတ်ပြန်ချက်အရ သိရသည်။

Ookla အနေဖြင့် မြန်မာနိုင်ငံအနှံ့တွင် 4G အသုံးပြုနိုင်သည့် ဆက်သွယ်ရေးဆိုင်ရာကိရိယာများဖြင့် အင်တာနက်မြန်နှုန်းစမ်းသပ်မှုပေါင်း တစ်သိန်းခွဲနီးပါးကို ပြုလုပ်ခဲ့ပြီးနောက် မြို့နယ်ပေါင်း ၂၈၂ မြို့နယ်ရှိ သုံးစွဲသူများ၏ ကနဦးစမ်းသပ်ချက်များနှင့် အူရီဒူးအသုံးပြုသူများ၏ သုံးစွဲတွေ့ရှိချက်များအပေါ် စိစစ်လေ့လာမှုများ ပြုလုပ်ခဲ့ကြောင်း၊ 4G ကွန်ရက်အမြန်နှုန်းကို စမ်းသပ်စစ်ဆေးရာတွင် မြန်မာနိုင်ငံရှိ ထိပ်တန်းမိုဘိုင်းကွန်ရက် အော်ပရေတာများအကြား အူရီဒူးသည် အမြင့်ဆုံးပျမ်းမျှဒေါင်းလုပ်အမြန်နှုန်းကို ရရှိခဲ့ကြောင်း၊ ပျမ်းမျှရရှိခဲ့သည့် Download အမြန်နှုန်းမှာ 38Mbps ကျော်ဖြစ်ပြီး Uploads အမြန်နှုန်းမှာ 20Mbps ကျော်ဖြစ်ကြောင်း သိရသည်။

အူရီဒူးမြန်မာသည် မြန်မာနိုင်ငံတွင် ပထမဆုံး 4G ဝန်ဆောင်မှုကို စတင်ပေးအပ်နိုင်ခဲ့သည့် ဆက်သွယ်ရေးအော်ပရေတာဖြစ်ပြီး နိုင်ငံတစ်ဝန်း ကွန်ရက်အဆင့်မြှင့်တင်ခြင်းများကို ဆက်လက်လုပ်ဆောင်၍ အမြန်နှုန်းပိုမိုကောင်းမွန်အောင် ဆောင်ရွက်ခဲ့ရာ ယခုနှစ် ဇွန်လကုန်အထိတွင် မြို့နယ်ပေါင်း ၂၄၄ မြို့နယ်အထိကို 4G Plus ကွန်ရက် လွှမ်းခြုံထားခဲ့ပြီးဖြစ်သည်။ ယခုနှစ် အောက်တိုဘာလတွင် မြို့နယ်ပေါင်း ၃၀၀ အထိကို 4G Plus ကွန်ရက် တိုးချဲ့လွှမ်းခြုံနိုင်ရန်လည်း ဆက်လက်ဆောင်ရွက်လျက်ရှိပြီး ယခုထက်ပိုမိုမြန်ဆန်သော မိုဘိုင်းကွန်ရက်အမြန်နှုန်းကို စဉ်ဆက်မပြတ်တိုးမြှင့်ပေးနိုင်ရန်လည်း ဆောင်ရွက်နေကြောင်း အူရီဒူးမြန်မာမှ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သူရဖြိုး**

**New Product**

# ဆမ်ဆောင်းရဲ့ Galaxy J စီးရီးစ်မှ နောက်ဆုံးထွက် စမတ်ဖုန်းသစ် Galaxy J8

ဒီဇိုင်းလှပပြီး ဈေးနှုန်းအနေနဲ့လည်း အလယ်အလတ်ထဲကဖြစ်တဲ့ ဆမ်ဆောင်း Galaxy J8 ဟာ ဆမ်ဆောင်းရဲ့ Galaxy J စီးရီးစ်ထဲက နောက်ဆုံးထွက်ဖုန်းဖြစ်ပါတယ်။ ဆမ်ဆောင်းမြန်မာက ဈေးကွက်ထဲမှာ ဇူလိုင် ၁၃ ရက်က စတင်မိတ်ဆက်ထားပြီး ရောင်းချတာကတော့ ဇူလိုင် ၂၃ မှ စတင်ရောင်းချမှာဖြစ်ပါတယ်။

မျက်နှာပြင်အကျယ်ဟာ ခြောက်လက်မရှိလို့ အရွယ်အစားကြီးမားပြီး ဖုန်းရဲ့အထက်အောက် ပေါင်နေရာအနည်းငယ်ကလွဲရင် မျက်နှာပြင်ပြည့်နီးပါး ဖြစ်သလို ရုပ်ထွက်အရည်အသွေးလည်း ကောင်းမွန်ပါတယ်။ အရင် J Series စမတ်ဖုန်းတွေလိုပဲ စွမ်းဆောင်ရည်မြင့်ပြီး ဒီဇိုင်းပိုင်း လှပပါတယ်။ အန်းဒရွိုက်ဗားရှင်းအနေနဲ့ နောက်ဆုံးထွက် 8.0(Oreo)ကို သုံးထားပြီး Octa-core 1.6 GHz CPU, RAM 3GB နဲ့ အင်တာနယ်မင်မိုရီ 32GB ပါဝင်ပါတယ်။ မင်မိုရီကတ် ထပ်စိုက်သုံးရင်လည်း 256GB အထိ သုံးနိုင်မှာဖြစ်ပါတယ်။

ကင်မရာပိုင်းမှာတော့ နောက်ကင်မရာဟာ ၁၆ မဂ္ဂါပစ်ဇယ်နဲ့ ၅ မဂ္ဂါပစ်ဇယ် ကင်မရာနှစ်လုံးကို ပေါင်းထားတဲ့ Dual ကင်မရာဖြစ်ပြီး ဆော့ဖ်ဝဲပိုင်းလုပ်ဆောင်ချက်တွေကိုလည်း ပေါင်းစပ်ထားလို့ စွမ်းရည်မြင့်ပါတယ်။ ဆယ်လ်ဖီကင်မရာကလည်း ၁၆ မဂ္ဂါပစ်ဇယ်ရှိပါတယ်။ ဆင်းကတ်နှစ်ကတ်အသုံးပြုနိုင်ပြီး အင်တာနက်နက်ဝပ်အနေနဲ့ 4G ကို ထောက်ပံ့ပေးထားပါတယ်။ ဘက်ထရီပိုင်းမှာလည်း 3500mAh Li-Ion ဘက်ထရီကို သုံးထားလို့ ကြာရှည်အသုံးခံမှာဖြစ်ပါတယ်။ ကိုယ်ထည်အရောင်အနေနဲ့ အနက်ရောင်၊ ရွှေရောင်နဲ့ ခရမ်းရောင် သုံးမျိုးရနိုင်မှာဖြစ်ပြီး ဈေးနှုန်းက ငွေကျပ် ၃၆၉၀၀၀ ဖြစ်ပါတယ်။

**ကျော်ဇင်ဦး**




## ယနေ့ ဈေးကွက်ပေါက်ဈေးများ

၁၉-၇-၂၀၁၈

**ရွှေ**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၄၄၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၈၈၅၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၄၄၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၈၈၅၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၉၀၀/၉၁၅ ကျပ် | ၉၄၅/၉၅၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၉၁၅/၉၃၀ ကျပ် | ၉၅၅/၉၆၅ ကျပ် |
| အောက်တိန်း ၉၂ | ၈၆၅/၈၉၀ ကျပ် | ၉၃၅/၉၅၀ ကျပ် |
| အောက်တိန်း ၉၅ | ၉၁၅/၉၄၀ ကျပ် | ၉၈၅/၉၉၅ ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၁၄၁၅ ・ ၀ |
| ဥရောပ | တစ်ယူရို | ကျပ် ၁၆၄၉ ・ ၇ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၀၃၆ ・ ၆ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် ၁၈၅၅ ・ ၆ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် ၁၂၅၂ ・ ၅ |
| သြစတြေးလျ | တစ်ဒေါ်လာ | ကျပ် ၁၀၄၅ ・ ၀ |
| တရုတ် | တစ်ယွမ် | ကျပ် ၂၁၁ ・ ၀၀ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၀ ・ ၆၇၈ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် ၁၂၅ ・ ၅၂ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၃၄၈ ・ ၈၂ |
| ထိုင်း | တစ်ဘတ် | ကျပ် ၄၂ ・ ၄၈၀ |

(ဗဟိုဘဏ်ပေါက်ဈေး ဖြစ်ပါသည်)

ခင်ရတနာ-စုစည်းသည်။

## ပြည်သူများသို့ အသိပေးနှိုးဆော်ချက်

**နိုင်ငံတော်အစိုးရ၏ လူမှုကာကွယ်စောင့်ရှောက်ရေး ငွေကြေးထောက်ပံ့မှု အစီအစဉ်များတွင် အကျုံးဝင်ပါလျက်နှင့် အချိန်မီမရရှိလျှင်သော်လည်းကောင်း၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့် ပတ်သက်၍သော်လည်းကောင်း၊ သတင်းပေးတိုင်ကြားလိုပါက အောက်ဖော်ပြပါ Help Line တယ်လီဖုန်းနံပါတ်များသို့ (၂၄ )နာရီ တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်- ၀၆၇-၄၀၄၂၂၂၊ ၀၆၇-၄၀၄၉၉၉**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
လူမှုဝန်ထမ်းဦးစီးဌာန

မြန်မာ့အလင်း

| | | |
|---|---|---|
| **စာတည်းမှူးချုပ်** | - | အောင်နိုင်ဦး |
| **စာတည်းမှူး(တာဝန်)** | - | ဝင်းကျော် |
| **စာတည်းမှူး** | - | မြင့်ဆွေ (သတင်းထောက်ချုပ်) |
| **စာတည်းများ** | - | မြင့်စိုး၊ ကြည်ဝင်း၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့် |
| **အကြီးတန်းသတင်းထောက်များ** | - | ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး (ခာတ်ပုံ)၊ မြတ်မွန်ထွေး |
| **အငယ်တန်းသတင်းထောက်များ** | - | တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| **ထုတ်ဝေခြင်းအမှတ်** | - | (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

**Gmail** mmalin.npt @ gmail.com,
**Facebook** www. facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ **ဖြန့်ချိရေး** ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR DigitalNews Presented by NPE www.mdn.gov.mm



ဝေမိုးဆက်

# ထိပ်တန်းအသင်းများ အားပြိုင်မည့် အင်တာနေရှင်နယ်ချန်ပီယံဖလား

**ရာသီကြိုကာလတိုင်းကျင်းပမြဲဖြစ်တဲ့ အင်တာနေရှင်နယ်ချန်ပီယံဖလား ပြိုင်ပွဲကြီးကို လာမယ့်ဇူလိုင်လ ၂၁ ရက်မှာ စတင်ကျင်းပသွားမှာ ဖြစ်တယ်။ ဒါကြောင့်လည်း အဆိုပါ အင်တာနေရှင်နယ်ချန်ပီယံဖလားပြိုင်ပွဲကြီးနဲ့ပတ်သက်ပြီး သိသင့်သိထိုက်တဲ့အချက်အလက်အချို့ကို တင်ဆက်ပေးလိုက်ရပါတယ်။**

### ပြိုင်ပွဲဝင်အသင်းများ

ဒီနှစ်ကျင်းပပြုလုပ်မယ့် အင်တာနေရှင်နယ်ချန်ပီယံဖလားပြိုင်ပွဲကြီးကတော့ ကျင်းပခဲ့သမျှ အင်တာနေရှင်နယ် ချန်ပီယံဖလားပြိုင်ပွဲတွေအနက် ပြိုင်ပွဲဝင်အသင်းအရေအတွက်အများဆုံး ပြိုင်ပွဲအဖြစ် ရပ်တည်လာခဲ့ပါတယ်။ ဒီနှစ် ကျင်းပမယ့် အင်တာနေရှင်နယ်ချန်ပီယံဖလားပြိုင်ပွဲကြီးမှာတော့ အသင်းပေါင်း ၁၈ သင်းတိတိ ပြိုင်ပွဲဝင်သွားမှာဖြစ်ပြီး အဆိုပါ ၁၈ သင်းစလုံးကလည်း ဥရောပကလပ်အသင်းတွေသာဖြစ်နေခြင်းက ပြိုင်ပွဲရဲ့ထူးခြားမှုလည်း ဖြစ်နေခဲ့ပါတယ်။ အရင်က အမေရိကဒေသရဲ့ ကလပ်အသင်းတွေကိုပါ ပါဝင်ယှဉ်ပြိုင်စေခဲ့တာဖြစ်ပေမယ့် ဒီနှစ်မှာတော့ ဥရောပကလပ်အသင်းများသာဖြစ်တဲ့အပြင် ပြိုင်ပွဲဝင်ကလပ်တိုင်းကလည်း အသင်းကြီးတွေသာဖြစ်နေခဲ့လို့လည်း ပြိုင်ပွဲကပိုမိုကြီးကျယ်ခမ်းနားလာခဲ့တာ ဖြစ်ပါတယ်။ ပြိုင်ပွဲဝင်မယ့်အသင်းတွေကတော့ အင်္ဂလန်ကလပ်တွေဖြစ်တဲ့ အာဆင်နယ်၊ ချယ်လ်ဆီး၊ လီဗာပူး၊ မန်စီးတီး၊ မန်ယူ၊ စပါး၊ ပြင်သစ်ကလပ်တွေ ဖြစ်တဲ့ ပီအက်စ်ဂျီ၊ လိုင်ယွန်၊ ဂျာမနီကလပ်တွေဖြစ်တဲ့ ဘိုင်ယန်၊ ဒေါ့မွန်၊ အီတလီကလပ်တွေဖြစ်တဲ့ အင်တာ၊ အေစီမီလန်၊ ဂျူဗင်တပ်စ်၊ ရိုးမား၊ စပိန်ကလပ်တွေဖြစ်တဲ့ ဘာစီလိုနာ၊ ရီးရဲ၊ အက်သလက်တီကို၊ ပေါ်တူဂီကလပ် ဘင်ဖီကာတို့ ပြိုင်ပွဲဝင်သွားမှာ ဖြစ်ပါတယ်။

### ကျင်းပမည့်ပုံစံ

ဒီနှစ်ကျင်းပမယ့်ပုံစံကလည်း အရင်နှစ်တွေကနဲ့ကွာခြားမှုတွေရှိနေပြန်ပါတယ်။ အရင်နှစ်တွေတုန်းက ပြိုင်ပွဲကိုဇုန်အလိုက်ကျင်းပခဲ့ပြီး ချန်ပီယံဆုကိုလည်း ဇုန်အလိုက် ရွေးထုတ်လေ့ရှိပေမယ့် အခုနှစ်မှာတော့ ပြိုင်ပွဲဝင်အသင်းတွေအားလုံးကို ပတ်လည်ယှဉ်ပြိုင်စေကာ တစ်သင်းကိုသုံးပွဲစီကစားဖို့သတ်မှတ်ထားပြီး အဆိုပါ ၁၈ သင်းထဲမှ အမှတ်အများဆုံးတစ်သင်းတည်းကိုသာ ချန်ပီယံအဖြစ်ရွေးထုတ်သွားမှာလည်း ဖြစ်ပါတယ်။ ဒီပြိုင်ပွဲမှာအမှတ်တူအသင်းတွေ ပေါ်ထွက်ခဲ့မယ်ဆိုရင်တော့ ထိပ်တိုက်ဆုံတွေ့မှုနဲ့ အရင်အဆုံးအဖြတ်ပေးမှာဖြစ်ပြီး ထိပ်တိုက်ဆုံတွေ့မှုပါတူနေရင်တော့ ဂိုးကွာခြားချက်နဲ့ အဆုံးအဖြတ်ပေးမှာ ဖြစ်ပါတယ်။ တကယ်လို့ ဂိုးကွာခြားချက်ပါတူနေရင် သွင်းဂိုးနဲ့ဆုံးဖြတ်မှာ ဖြစ်ပါတယ်။

### ကျင်းပမည့်နိုင်ငံများ

အရင်ကျင်းပခဲ့တဲ့ အင်တာနေရှင်နယ်ချန်ပီယံဖလားပြိုင်ပွဲတွေကိုတော့ ဇုန်အလိုက်ခွဲခြားယှဉ်ပြိုင်စေသလို ပွဲစဉ်တွေကိုလည်း အဆိုပါသက်ဆိုင်ရာ ဇုန်တွေမှာသာကျင်းပခဲ့ပေမယ့် ဒီနှစ်မှာတော့ နေရာအနှံ့ကို လှည့်လည်ကျင်းပသွားမှာလည်း ဖြစ်ပါတယ်။ ဒီနှစ်မှာ အင်တာနေရှင်နယ်ချန်ပီယံဖလားပြိုင်ပွဲတွေကို အမေရိကန်အပါအဝင် ဩစတြီးယား၊ အီတလီ၊ ပြင်သစ်၊ ပိုလန်၊ ပေါ်တူဂီ၊ စပိန်၊ ဆွီဒင်၊ ဆွစ်ဇာလန်၊ အင်္ဂလန်စတဲ့ ဥရောပနိုင်ငံတွေမှာပါကျင်းပမှာဖြစ်ပြီး အာရှဒေသရဲ့ စင်ကာပူနိုင်ငံမှာလည်း ကျင်းပသွားမှာ ဖြစ်ပါတယ်။ ဒါကြောင့်လည်း အင်တာနေရှင်နယ်ချန်ပီယံဖလားပြိုင်ပွဲဟာ ပိုမိုစိတ်ဝင်စားဖို့ ကောင်းလာတယ်လို့ဆိုရမှာ ဖြစ်ပါတယ်။

### အစိတ်အပိုင်းပြိုင်ပွဲများ

ဒါ့အပြင် ဒီနှစ်အင်တာနေရှင်နယ် ချန်ပီယံဖလားပြိုင်ပွဲအတွင်းမှာ အော်ဒီဖလားပြိုင်ပွဲလိုပြိုင်ပွဲမျိုးကိုလည်းတစ်ပါတည်းထည့်သွင်းကျင်းပသွားမှာ ဖြစ်ပါတယ်။ ဒီနှစ်အော်ဒီဖလားပြိုင်ပွဲမှာ ဘိုင်ယန်၊ မန်စီးတီး၊ ပီအက်စ်ဂျီတို့ပါဝင် ယှဉ်ပြိုင်ကြမှာဖြစ်သလို အဆိုပါအသင်းတွေဟာ အင်တာနေရှင်နယ်ဖလားပြိုင်ပွဲမှာလည်း ပါဝင်နေတာကြောင့် အဆိုပါအသင်းတွေ ဆုံတွေ့တဲ့ပွဲတွေကို အင်တာနေရှင်နယ်ဖလားပွဲအဖြစ်လည်း သတ်မှတ်မယ့်အပြင် အော်ဒီဖလားအဖြစ်လည်း သတ်မှတ်သွားမှာဖြစ်ပါတယ်။ ဒါ့အပြင် ဘင်ဖီကာနဲ့ လိုင်ယွန်တို့အားပြိုင်မယ့်အင်တာနေရှင်နယ် ဖလားပွဲစဉ်ကို အူစီဘီယိုဖလားအဖြစ်လည်းပူးတွဲသတ်မှတ်သွားမှာ ဖြစ်ပါတယ်။ ဒါကြောင့် ဒီနှစ်အင်တာနေရှင်နယ်ဖလားရဲ့ပွဲစဉ်အချို့ဟာ ပြိုင်ပွဲနှစ်ရပ်အကျုံးဝင်နေတာကြောင့်လည်း စိတ်ဝင်စားဖို့ ပိုကောင်းနေပါတယ်။

### စိတ်ဝင်စားဖွယ်အချက်များ

ဒါ့အပြင် ဒီနှစ်အင်တာနေရှင်နယ် ချန်ပီယံဖလားပြိုင်ပွဲမှာ ပြိုင်ဆိုင်မှုပြင်းထန်လေ့ရှိတဲ့ ပွဲတွေလည်းပါဝင်နေပါတယ်။ လန်ဒန်ဒါဘီဖြစ်တဲ့ အာဆင်နယ်နဲ့ ချယ်လ်ဆီး၊ အင်္ဂလန်ဒါဘီဖြစ်တဲ့ မန်ယူနဲ့ လီဗာပူးတို့လို ဆုံတွေ့တိုင်း အကြိတ်အနယ်ရှိတတ်တဲ့ပွဲတွေ ဒီနှစ်အင်တာနေရှင်နယ်ချန်ပီယံဖလားမှာပါဝင်နေသလို ဒီနှစ်မှ ဂျူဗင်တပ်စ်ကို ပြောင်းသွားတဲ့ ရော်နယ်ဒိုဟာလည်း ဒီပြိုင်ပွဲအတွင်း ဂျူဗင်တပ်စ်နဲ့ ရီးရဲဆုံတွေ့ရမယ့် အခြေအနေအရ အသင်းဟောင်းရီးရဲကို ပြန်လည်ရင်ဆိုင်ရမယ့်အခြေအနေလည်းဖြစ်နေပါတယ်။ ဒါကြောင့်လည်း ဒီနှစ်အင်တာနေရှင်နယ်ချန်ပီယံဖလား ပြိုင်ပွဲကြီးဟာ အရင်နှစ်တွေကထက် ပိုမိုစိတ်ဝင်စားစရာကောင်းလာနေတယ်လို့သာ ဆိုရမှာဖြစ်ပါတယ်။ ။

# ဟာဇက်နှင့် ရီးရဲမက်ဒရစ်တို့ နှုတ်အားဖြင့် သဘောတူညီမှု ရရှိခဲ့ပြီသတင်း ထွက်ပေါ်



ချယ်လ်ဆီးအသင်း တောင်ပံတိုက်စစ်ကစားသမား အီဒင်ဟာဇက်သည် ရီးရဲမက်ဒရစ်အသင်းသို့ ပြောင်းရွှေ့ရေးအတွက် နှုတ်အားဖြင့် သဘောတူညီမှုရရှိခဲ့ပြီဖြစ်ကြောင်း ပြင်သစ်မီဒီယာများတွင် ရေးသားဖော်ပြထားသည်။

၂၀၁၈ ခုနှစ် ဖီဖာကမ္ဘာ့ဖလားပြိုင်ပွဲတွင် ဘယ်လ်ဂျီယံအသင်းအတွက် ခြေစွမ်းပြကစားနိုင်ခဲ့သူ ဟာဇက်သည် ချယ်လ်ဆီးအသင်းမှ ထွက်ခွာရန် ရည်ရွယ်ထားသူဖြစ်သည်။ သတင်းများအရ ဟာဇက်နှင့် ရီးရဲမက်ဒရစ်အသင်းတို့သည် နှုတ်အားဖြင့် သဘောတူညီမှု ရရှိခဲ့သော်လည်း ရီးရဲနှင့် ချယ်လ်ဆီးအသင်းတို့ကြားတွင်မူ ဟာဇက်၏ ပြောင်းရွှေ့ကြေးနှင့်ပတ်သက်၍ သဘောတူညီမှု ရရှိခြင်းမရှိသေးဟုဆိုသည်။ ချယ်လ်ဆီးအသင်းက ဟာဇက်အား ခေါ်ယူလိုပါက ရီးရဲမက်ဒရစ်အသင်းအနေဖြင့် ပြောင်းရွှေ့ကြေးအဖြစ် အနည်းဆုံး ပေါင်သန်း ၂၀၀ ပေးချေရမည်ဟု တောင်းဆိုခဲ့သည်ဟု ပြီးခဲ့သည့် သီတင်းပတ်အတွင်းက သတင်းများ ထွက်ပေါ်ခဲ့သည်။

ဟာဇက်က “ချယ်လ်ဆီးအသင်းမှာ အံ့အားသင့်ဖွယ်ကောင်းတဲ့ ခြောက်နှစ်တာ ကာလကို ဖြတ်သန်းပြီးတဲ့နောက် ဒီအချိန်က ကွဲပြားခြားနားမှုအချို့ကို ရှာဖွေရမယ့် အချိန်ပါ။ အထူးသဖြင့် ကမ္ဘာ့ဖလားပြိုင်ပွဲ ပြီးဆုံးချိန်မှာပေါ့။ ကျွန်တော့်အနေနဲ့ ချယ်လ်ဆီးမှာ ဆက်နေမလား၊ ထွက်ခွာမလားဆိုတာကို ဆုံးဖြတ်ချက်ချနိုင်ပေမယ့် အပြီးသတ်ဆုံးဖြတ်မှာကတော့ ချယ်လ်ဆီးအသင်းပါ။ ကျွန်တော်ဘယ်အသင်းကို ပြောင်းချင်တယ်ဆိုတာကိုတော့ ပရိသတ်တွေ သိကြပါတယ်”ဟု ပြောဆိုခဲ့သည်။ ရီးရဲမက်ဒရစ်အသင်းသည် ချယ်လ်ဆီးအသင်းမှ ဘယ်လ်ဂျီယံကစားသမား တစ်ဦးဖြစ်သူ ဂိုးသမား ကော့တွိုက်စ်အား ပြောင်းရွှေ့ကြေး ပေါင် ၃၁ သန်း ဖြင့် ခေါ်ယူရန် သဘောတူညီမှုရရှိထားပြီး ဂိုးသမား ကော့တွိုက်စ်သည် ရီးရဲမက်ဒရစ်အသင်းနှင့် လေးနှစ်သက်တမ်းရှိ စာချုပ်ချုပ်ဆိုမည်ဟုလည်း သတင်းများ ထွက်ပေါ်လျက်ရှိသည်။ **ထက်အောင်**

## ချန်ပီယံအသင်းများ

| | |
|---|---|
| ၂၀၁၃ | ရီးရဲမက်ဒရစ် (မြောက်အမေရိက/ဥရောပ) |
| ၂၀၁၄ | မန်ယူ (မြောက်အမေရိက/ဥရောပ) |
| ၂၀၁၅ | ပီအက်စ်ဂျီ (မြောက်အမေရိက/ဥရောပ)<br>ရီးရဲ (ဩစတြေးလျ)<br>ရီးရဲ (တရုတ်) |
| ၂၀၁၆ | ပီအက်စ်ဂျီ (မြောက်အမေရိက/ဥရောပ)<br>ဂျူဗင်တပ်စ် (ဩစတြေးလျ) |
| ၂၀၁၇ | ဘာစီလိုနာ (မြောက်အမေရိက/ဥရောပ)<br>အင်တာမီလန် (စင်ကာပူ) |

## ပွဲစဉ်များ

| | |
|---|---|
| ဇူလိုင် ၂၁ | မန်စီးတီး - ဒေါ့မွန် |
| ဇူလိုင် ၂၁ | ဘိုင်ယန် - ပီအက်စ်ဂျီ |
| ဇူလိုင် ၂၃ | လီဗာပူး - ဒေါ့မွန် |
| ဇူလိုင် ၂၆ | ဂျူဗင်တပ်စ် - ဘိုင်ယန် |
| ဇူလိုင် ၂၆ | ဒေါ့မွန် - ဘင်ဖီကာ |
| ဇူလိုင် ၂၆ | မန်စီးတီး - လီဗာပူး |
| ဇူလိုင် ၂၆ | ရိုးမား - စပါး |
| ဇူလိုင် ၂၆ | မီလန် - မန်ယူ |
| ဇူလိုင် ၂၆ | အက်သလက် - အာဆင်နယ် |
| ဇူလိုင် ၂၈ | အာဆင်နယ် - ပီအက်စ်ဂျီ |
| ဇူလိုင် ၂၈ | ဂျူဗင်တပ်စ် - ဘင်ဖီကာ |
| ဇူလိုင် ၂၉ | ချယ်လ်ဆီး - အင်တာ |
| ဇူလိုင် ၂၉ | မန်ယူ - လီဗာပူး |
| ဇူလိုင် ၂၉ | ဘိုင်ယန် - မန်စီးတီး |
| ဇူလိုင် ၂၉ | ဘာစီလိုနာ - စပါး |
| ဇူလိုင် ၃၀ | ပီအက်စ်ဂျီ - အက်သလက် |
| ဩဂုတ် ၁ | မန်ယူ - ရီးရဲ |
| ဩဂုတ် ၁ | စပါး - မီလန် |
| ဩဂုတ် ၁ | ဘာစီလိုနာ - ရိုးမား |
| ဩဂုတ် ၂ | အာဆင်နယ် - ချယ်လ်ဆီး |
| ဩဂုတ် ၂ | ဘင်ဖီကာ - လိုင်ယွန် |
| ဩဂုတ် ၅ | အင်တာ - လိုင်ယွန် |
| ဩဂုတ် ၅ | ရီးရဲ - ဂျူဗင်တပ်စ် |
| ဩဂုတ် ၅ | မီလန် - ဘာစီလိုနာ |
| ဩဂုတ် ၈ | ချယ်လ်ဆီး - လိုင်ယွန် |
| ဩဂုတ် ၈ | ရီးရဲ - ရိုးမား |
| ဩဂုတ် ၁၂ | အက်သလက် - အင်တာ |

# Ballons d'Or ဆုဟာ ဘယ်သူ့အတွက်လဲ

● အောင်က

**ပြီးခဲ့တဲ့ ဆယ်စုနှစ်တစ်ခုအတွင်း Ballons d'Or ကို မက်ဆီနဲ့ရော်နယ်ဒိုတို့က ပိုင်စိုးခဲ့တယ်။ ဒီနှစ်ရာမှာတော့ သူတို့ကို ဖြတ်ကျော်ပြီး ဘယ်သူရယူနိုင်မလဲ။ ပြီးခဲ့တဲ့ ၂၀၀၈ခုနှစ်က စတင်ပြီး ရော်နယ်ဒိုဟာ Ballons d'Or ဆု ကို စတင်ရရှိခဲ့တယ်။ ပြီးခဲ့တဲ့ဆယ်စုနှစ်တစ်ခုအတွင်း မက်ဆီနဲ့ရော်နယ်ဒိုတို့ဟာ ဒီဆုကို အလှည့်ကျခွဲဝေယူခဲ့ကြတယ်။ မက်ဆီကတော့ Ballons d'Or ဆုကို မရတဲ့နှစ်မှာဆိုရင်တောင် ဒုတိယအမြဲတမ်းရရှိခဲ့တယ်။**





Ballons d'Or ဆုကို ငါးကြိမ် မြောက်စီရယူထားနိုင်ခဲ့ကြတဲ့သူတို့ နှစ်ဦးဟာ ဒီနှစ်ကမ္ဘာ့ဖလားမှာတော့ သူတို့နိုင်ငံအသင်းတွေနဲ့အတူ ခြေစွမ်းတွေက ထင်သလောက်အရာမရောက်ခဲ့ဘူး။ ဒါကြောင့် ဒီနှစ်ဟာ Ballons d'Or ဆုအတွက်ကစားသမားသစ် ပေါ်လာနိုင်တဲ့နှစ်လို့ ပြောရမယ်။

**ရေပန်းစားမှု**

**မက်ဆီ....**

ဒီနှစ်ကမ္ဘာ့ဖလားဟာ မက်ဆီအတွက်တော့ သူ့ရဲ့ကစားသမားဘဝမှာ အကောင်းဆုံးအခွင့်အရေးရတဲ့နှစ်လို့ ပြောရမှာပါ။ ဒါပေမယ့် အဲဒီအခွင့်အရေးကိုတော့ မက်ဆီကအပြည့်အဝ မရယူနိုင်ခဲ့ပါဘူး။ အာဂျင်တီးနားအသင်းဟာ ရှုံးထွက်အဆင့်မှာပဲ စောစီးစွာထွက်ခဲ့ရတယ်။ အဲဒီလိုပဲ သူ့ရဲ့အဓိကပြိုင်ဘက်ဖြစ်တဲ့ ရော်နယ်ဒိုကလည်း ယူရို ၂၀၁၆ တုန်းကလို အောင်မြင်မှုမျိုး မရယူနိုင်ခဲ့ပါဘူး။ မက်ဆီဟာ နိုင်ငံအသင်းမှာ အောင်မြင်မှုမရယူနိုင်ခဲ့ပေမယ့် ကလပ်အသင်းနဲ့အတူခြေစွမ်းပြကစားနိုင်မှုကတော့ အခြားကစားသမားတွေမယှဉ်နိုင်လောက်အောင် ထိပ်ဆုံးမှာရှိနေပါတယ်။ ဒါကြောင့် Ballons d'Or ဆုကို ပြောရမှာတော့ သူ့အတွက်တော့ ပစ်ပယ်လို့မရသေးဘူးလို့ ပြောရမှာပါ။

**မိုဒရစ်**

ခရိုအေးရှားကပ္ပတိန်မိုဒရစ်ဟာ ကမ္ဘာ့ဖလားမှာတော့ အကောင်းဆုံး ကစားသမားဆု ရွှေဘောလုံးဆုကို ရယူနိုင်ခဲ့တယ်။ ဒီဆုဟာကမ္ဘာ့ဖလားပြိုင်ဘက်အတွင်း အကောင်းဆုံးစွမ်းဆောင်နိုင်ခဲ့တဲ့ကစားသမားကိုပေးတာလည်း ဖြစ်ပါတယ်။ မိုဒရစ်ဟာ ဒီနှစ်ကမ္ဘာ့ဖလားမှာတော့ ဘယ်သူမှမထင်မှတ်ထားတဲ့ ခရိုအေးရှားလို အသင်းမျိုးကို ဗိုလ်လုပွဲထိရောက်အောင် ဆွဲခေါ်နိုင်ခဲ့တဲ့သူလည်း ဖြစ်ပါတယ်။ သူဟာလက်ရှိအချိန်မှာလည်း ကမ္ဘာ့အကောင်းဆုံးကစားသမားတွေထဲကတစ်ဦးလို့လည်း ပြောရမှာပါ။ မိုဒရစ်ဟာ ခရိုအေးရှားအသင်းရဲ့ ကမ္ဘာ့ဖလားအဖွင့်ပွဲစဉ်နှစ်ပွဲဖြစ်တဲ့ နိုင်ဂျီးရီးယား၊ အာဂျင်တီးနားအသင်းတို့နဲ့ပွဲစဉ်မှာတော့ ဂိုးတွေသွင်းယူပေးပြီး ဂိုးရရှိအောင် တစ်ကြိမ်ပံ့ပိုးပေးနိုင်ခဲ့သူ ဖြစ်ပါတယ်။ သူဟာ ကမ္ဘာ့ဖလားဗိုလ်လုပွဲမှာတော့ ခရိုအေးရှားအသင်းကို ချန်ပီယံဆုအရယူမပေးနိုင်ခဲ့ပေမယ့် Ballons d'Or ဆုအတွက် ထည့်သွင်းစဉ်းစားရမယ့်သူအဖြစ် ရှိနေပါတယ်။

**အမ်ဘာပေ**

Ballons d'Or ဆုကို ရယူနိုင်ဖို့အတွက် စဉ်းစားရမယ့်ကစားသမား စာရင်းမှာတော့ အမ်ဘာပေကို ဖယ်ထုတ်လို့မရပါဘူး။ သူဟာပြင်သစ်အသင်း ကမ္ဘာ့ဖလားရယူနိုင်ဖို့အတွက် အဓိက အခန်းကဏ္ဍမှာ ပါဝင်နေခဲ့သလို ပြီးခဲ့တဲ့ ရာသီတုန်းကလည်း ပီအက်စ်ဂျီအသင်းမှာခြေစွမ်းပြကစားနိုင်ခဲ့သူ ဖြစ်ပါတယ်။ အသက် ၁၉ နှစ်သာရှိနေသေးတဲ့ အမ်ဘာပေဟာ ရုရှားကမ္ဘာ့ဖလားမှာတော့ အကောင်းဆုံး လူငယ်ကစားသမားဆုကိုလည်း ရရှိခဲ့တယ်။ ပီလီပြီးရင် ကမ္ဘာ့ဖလားသမိုင်းမှာတော့ ဗိုလ်လုပွဲမှာ အသက်အငယ်ဆုံးဂိုးသွင်းယူသူအဖြစ် စံချိန်တင်ထားနိုင်ခဲ့တယ်။ ဒါကြောင့်လည်း Ballons d'Or ဆုဟာ သူ့အတွက်လည်း ဖြစ်နိုင်တယ်လို့ ပြောရတာဖြစ်တယ်။

**ရော်နယ်ဒို**

ပေါ်တူဂီဟာ ကမ္ဘာ့ဖလားပြိုင်ပွဲမှာတော့ ဥရုဂွေးအသင်းကို ရှုံးနိမ့်ပြီး ရှုံးထွက်အဆင့်ကနေ ထွက်ခွာခဲ့ရပေမယ့် လက်ရှိအချိန်အထိတော့ Ballons d'Or ဆုကိုရရှိဖို့အတွက် ရေပန်းစားမှုက ရှိနေတုန်းဖြစ်ပါတယ်။ သူဟာ ဂျူဗင်တပ်စ်အသင်းကို ပြောင်းရွှေ့ခဲ့ပေမယ့် မက်ဆီနဲ့အတူကမ္ဘာ့အကောင်းဆုံးတိုက်စစ်မှူးအဖြစ်ရပ်တည်နေဆဲ ဖြစ်ပါတယ်။ ရော်နယ်ဒိုဟာ နိုင်ငံအသင်းနဲ့ အောင်မြင်မှုမရရှိခဲ့ပေမယ့် ပြီးခဲ့တဲ့ရာသီက ရီးရဲမက်ဒရစ်အသင်း ၁၃ ကြိမ်မြောက် ချန်ပီယံလိဂ် ဆုဖလားရယူနိုင်ဖို့အတွက် အဓိက ကစားသမားအဖြစ်ရှိနေခဲ့သူလည်း ဖြစ်ပါတယ်။

**ဂရစ်ဇ်မန်း**

ကမ္ဘာ့ဖလားရရှိခဲ့ခြင်းနဲ့အတူ Ballons d'Or ဆုကို ရရှိဖို့အတွက် ထိုက်တန်မှုရှိတဲ့ကစားသမားကိုပြပါဆိုရင် ပြင်သစ်တိုက်စစ်မှူး ဂရစ်ဇ်မန်းကို ပြရမှာ ဖြစ်ပါတယ်။ သူဟာခရိုအေးရှားအသင်းကို လေးဂိုး-နှစ်ဂိုးနဲ့ နိုင်ခဲ့တဲ့ပွဲမှာတော့ အကောင်းဆုံးကစားသမားဆုကို ရရှိခဲ့သူလည်း ဖြစ်ပါတယ်။ ပြင်သစ်အသင်းရဲ့ အနှစ် ၂၀ ကျော် ပျောက်ဆုံးခဲ့တဲ့ ကမ္ဘာ့ဖလားအိပ်မက်ကိုလည်း ပြန်အသက်ဆက်စေခဲ့တဲ့သူ ဖြစ်ပါတယ်။ သူဟာ ၂၀၁၆ ခုနှစ်ကတော့ Ballons d'Or ဆုပေးပွဲမှာ တတိယ နေရာမှာရပ်တည်နေခဲ့တဲ့သူဖြစ်တာကြောင့် ဒီနှစ်မှာတော့ ဒီထက်ပိုကောင်းတဲ့ နေရာမှာ ရပ်တည်သင့်တယ်လို့တော့ ပြောရမှာပါ။ သူဟာ ဒီနှစ်ကမ္ဘာ့ဖလားမှာတော့လေးဂိုးသွင်းယူကာ ဂိုးရရှိအောင် နှစ်ကြိမ်တိုင်ပံ့ပိုးပေးထားနိုင်သူလည်းဖြစ်ပါတယ်။ ဒီနှစ်ရာသီမှာတော့ Ballons d'Or ဆုဟာ ပိုင်ရှင်သစ်တစ်ယောက်ရဲ့ လက်ထဲမှာပဲ တွေ့မြင်ရမလား။ ဒါမှမဟုတ် ရော်နယ်ဒိုနဲ့ မက်ဆီတို့ရဲ့ခေတ်ဟာ မကုန်ဆုံးသေးဘဲ ဆက်လက်ရှိနေဦးမလားဆိုတာကိုတော့ စောင့်ကြည့်ရဦးမှာဖြစ်ပါတယ်။ ။

## ရော်နယ်ဒိုထက် မက်ဆီ ပိုမိုကောင်းမွန်သည်ဟု ရှွန်နေး မှတ်ချက်ပြု



အမေရိကန်မေဂျာလိဂ်ကလပ် ဒီစီယူနိုက်တက်အသင်းတိုက်စစ်မှူး ဝိန်းရွန်နေးက အာဂျင်တီးနားနှင့် ဘာစီလိုနာကစားသမား လီယွန်နယ်မက်ဆီသည် သူ၏အသင်းဖော်ဟောင်း ခရစ္စတီယာနိုရော်နယ်ဒိုထက် ပိုမိုကောင်းမွန်သည့် ကစားသမားဖြစ်သည်ဟု ယုံကြည်ကြောင်း ထုတ်ဖော်ပြောဆိုလိုက်သည်။

အင်္ဂလန်တိုက်စစ်မှူး ရွန်နေးနှင့် ပေါ်တူဂီကစားသမား ရော်နယ်ဒိုတို့သည် ၂၀၀၄ ခုနှစ်မှ ၂၀၀၉ ခုနှစ်အထိ မန်ယူအသင်းတွင် လက်တွဲကစားခဲ့ဖူးသူများ ဖြစ်သည်။

အင်တာဗျူးအစီအစဉ်တစ်ခုတွင် တိုက်စစ်မှူး ရွန်နေးက "မက်ဆီရော၊ ရော်နယ်ဒိုပါ သူတို့ကစားတဲ့ပွဲတွေမှာ အကောင်းဆုံးကစားနိုင်ကြတဲ့ ကစားသမားတွေပါ။ ဒါပေမယ့် ကျွန်တော့်အမြင်အရတော့ ရော်နယ်ဒိုထက် မက်ဆီက ပိုမိုကောင်းမွန်တဲ့ ကစားသမားလို့ ထင်ပါတယ်"ဟု ပြောဆိုခဲ့ခြင်းဖြစ်သည်။

အသက် ၃၂ နှစ်အရွယ်ရှိ တိုက်စစ်မှူး ရွန်နေးသည် ပြီးခဲ့သည့် ဇွန် ၂၈ ရက်တွင် ဒီစီယူနိုက်တက်အသင်းနှင့် သုံးနှစ်သက်တမ်းရှိ စာချုပ်ချုပ်ဆိုခဲ့သူ ဖြစ်သည်။

ပြီးခဲ့သည့် ဇူလိုင်လ ၁၀ ရက်နေ့တွင် ရီးရဲမက်ဒရစ်အသင်းမှ ဂျူဗင်တပ်စ်အသင်းသို့ ပြောင်းရွှေ့ခဲ့သူ ရော်နယ်ဒိုက မိမိအနေဖြင့် စပိန်နိုင်ငံတွင် ရှိနေခဲ့စဉ်အတွင်း မက်ဆီအား ပြိုင်ဘက်တစ်ဦးအဖြစ် ယူဆသတ်မှတ်ခဲ့ခြင်းမရှိဟု ပြောဆိုခဲ့သည်။

ရော်နယ်ဒိုက "ကျွန်တော့်အနေနဲ့ ဘယ်ကစားသမားကိုမဆို ပြိုင်ဘက်တစ်ဦးအဖြစ် သတ်မှတ်ထားတာမျိုး မရှိပါဘူး။ ဂျူဗင်တပ်စ်အသင်းတွင်လည်း ယှဉ်ပြိုင်ကစားတဲ့ပွဲတိုင်းမှာ အနိုင်ရအောင် ကြိုးစားမှာပါ။ ရီးရဲမက်ဒရစ်၊ ဘာစီလိုနာတို့လိုပဲပေါ့။ ဒါပေမယ့် ဒါက ပြိုင်ဆိုင်နေမှုတစ်ခုတော့ မဟုတ်ပါဘူး" ဟု ပြောဆိုခဲ့သည်။

မန်ယူအသင်းကစားသမားဟောင်း ရိုင်ယန်ဂစ်က ရော်နယ်ဒိုအနေဖြင့် ဂျူဗင်တပ်စ်အသင်းသို့ ပြောင်းရွှေ့ခဲ့ခြင်းမှာ သူသည် မက်ဆီထက် ပိုမိုကောင်းမွန်သည့် ကစားသမားဖြစ်သည်ကို သက်သေပြနိုင်ရန် ဖြစ်နိုင်ကြောင်း မှတ်ချက်ပြု ပြောဆိုခဲ့သည်။

**ထက်အောင်**

> **မက်ဆီရော၊ ရော်နယ်ဒိုပါ သူတို့ကစားတဲ့ပွဲတွေမှာ အကောင်းဆုံးကစားနိုင်ကြတဲ့ ကစားသမားတွေပါ။ ဒါပေမယ့် ကျွန်တော့်အမြင်အရတော့ ရော်နယ်ဒိုထက် မက်ဆီက ပိုမိုကောင်းမွန်တဲ့ ကစားသမားလို့ ထင်ပါတယ်**

## ရော်နယ်ဒို ဝတ်ဆင်မည့် ဂျူဗင်တပ်စ်အသင်းဂျာစီများကို ၂၄ နာရီအတွင်း အမေရိကန်ဒေါ်လာ သန်း ၆၀ ဖိုးအထိ ရောင်းချခဲ့ရ

ဂျူဗင်တပ်စ်အသင်းသည် အသင်း၏ ကစားသမားသစ် ခရစ္စတီယာနိုရော်နယ်ဒို ဝတ်ဆင်မည့် ဂျာစီများကို ရောင်းချရာတွင် ၂၄ နာရီ အတွင်း၌ပင် ဂျာစီအများအပြား ရောင်းချခဲ့ရပြီး ရောင်းချရငွေမှာ အမေရိကန်ဒေါ်လာ သန်း ၆၀ အထိ ရှိခဲ့သည်ဟုဆိုသည်။

ပေါ်တူဂီကစားသမား ရော်နယ်ဒိုသည် ပြီးခဲ့သည့် ဇူလိုင်လ ၁၀ ရက်နေ့တွင် ရီးရဲမက်ဒရစ်အသင်းမှ ဂျူဗင်တပ်စ်အသင်းသို့ ပြောင်းရွှေ့ကြေး အမေရိကန်ဒေါ်လာ ၁၂၉ ဒသမ ၃ သန်း (ပေါင် ၉၉ ဒသမ ၂ သန်း) ဖြင့် ပြောင်းရွှေ့လာသူ ဖြစ်သည်။ ဂျူဗင်တပ်စ်အသင်းသည် ရော်နယ်ဒို၏ ဂျာစီ ရောင်းချရမှုမှရရှိငွေသည် ရော်နယ်ဒိုအား ခေါ်ယူရေး အတွက် အသုံးပြုခဲ့သည့် ငွေကြေး ပမာဏ၏ ထက်ဝက်နီးပါးရှိသည်ဟု ဆိုသည်။

သို့သော်လည်း ဂျူဗင်တပ်စ်အသင်းအနေဖြင့် ဂျာစီရောင်းချရမှုမှ ရရှိလာသည့် ငွေကြေးအားလုံးကို ရရှိမည်မဟုတ်ဘဲ ရောင်းချရငွေ၏ ၁၀ ရာခိုင်နှုန်းမှ ၁၅ ရာခိုင်နှုန်းအထိသာ ရရှိမည်ဖြစ်ပြီး ကျန်ငွေများကို ဂျာစီထုတ်လုပ်ပေးသည့် Adidas ကုမ္ပဏီက ရရှိမည်ဖြစ်ကြောင်း သတင်းများတွင် ဆက်လက်ရေးသားထားသည်။ ထို့ကြောင့် ဂျူဗင်တပ်စ်အသင်းသည် ရော်နယ်ဒို၏ ဂျာစီ ရောင်းချရငွေများအနက် အမေရိကန် ဒေါ်လာ ၆ သန်းမှ ၉ သန်းအတွင်းသာ ရရှိမည်ဖြစ်သည်ဟု ဆိုသည်။

နာမည်ကျော်ကစားသမား ရော်နယ်ဒိုအား ခေါ်ယူခဲ့ပြီးနောက် ဂျူဗင်တပ်စ်အသင်း၏ ရှယ်ယာများ ၄၀ ရာခိုင်နှုန်းခန့် မြင့်တက်လာခဲ့သကဲ့သို့ အသင်း၏ လူမှုရေးစာမျက်နှာတွင်လည်း Follower ပြုလုပ်သူသည် တစ်ရက်အတွင်း ၁ ဒသမ၅ သန်းကျော်အထိ ရှိခဲ့သည်ဟုဆိုသည်။

ရော်နယ်ဒိုသည် ရီးရဲမက်ဒရစ်အသင်းအတွက် ၂၀၀၉ ခုနှစ်မှ ၂၀၁၈ ခုနှစ်အထိ ပါဝင်ကစားခဲ့စဉ်အတွင်း စုစုပေါင်း ၄၃၈ ပွဲ ပါဝင်ကစားခဲ့ကာ ဂိုးပေါင်း ၄၅၀ သွင်းယူပေးနိုင်ခဲ့သူဖြစ်သည်။

**ထက်အောင်**

# မုံရွာမြို့ ကန်သာယာကန်ကြီးကို အဆင့်မြှင့်တင်မှုများ လုပ်ဆောင်လျက်ရှိ

**မုံရွာ ဇူလိုင် ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ ကန်သာယာကန်ကြီးကို ပြည်သူများအပန်းဖြေနိုင်ရန်အတွက် အဆင့်မြှင့်တင်မှုများ လုပ်ဆောင်လျက်ရှိကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ဦးမြင့်ကြည်က ပြောကြားသည်။ ယခုအခါ ကန်အတွင်းမှ ဗေဒါပင်များနှင့် ဒိုက်ဖတ်များ ဆယ်ယူခြင်းလုပ်ငန်းနှင့် ကန်ပတ်လမ်းတိုးချဲ့ခြင်း လုပ်ငန်းများကို လုပ်ဆောင်လျက်ရှိပြီး ၎င်းလုပ်ငန်းများပြီးစီးပါက ကျွန်းများ သာယာလှပရေးအတွက် ပြင်ဆင်ခြင်းလုပ်ငန်းများကို ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

"အခိကက လူငယ်တွေ၊ ကလေးတွေအတွက်ပါ၊ ကန်သာယာပတ်လမ်းတိုးချဲ့တာက ကန်ပတ်လမ်းက ကျဉ်းတဲ့အတွက် ကန်သာယာကြီးကို ပြည်သူတွေ အပန်းဖြေလို့ပဲဖြစ်ဖြစ်၊ ကျန်းမာရေးအတွက် လာရောက်လေ့ကျင့်တာဖြစ်ဖြစ် လုပ်နိုင်မယ်၊ နောက်ပြီး သာယာလှပဖို့အတွက် ကန်ထဲမှာရှိနေတဲ့ ဒိုက်တွေ၊ ဗေဒါပင်တွေ ဆယ်ယူတယ်၊ ကန်ထဲမှာ ကျောက်တိုင်ကျွန်းရယ်၊ ရွှေလိမ္မော်ကျွန်းရယ်ကို ပြန်လည်ပြုပြင်မယ်၊ နောက်ပိုင်းမှာ ကန်သာယာထဲမှာ လှေပြိုင်ပွဲလေးတွေ ကျင်းပမယ်၊ ကန်ပတ်လမ်းတိုးချဲ့ပြီးရင် လမ်းတစ်လျှောက်မှာ ကန်ထဲကရှုခင်းတွေကို ကြည့်ရှုလေ့လာနိုင်ဖို့ နားနေလို့ရမယ့် ခုံတန်းလေးတွေ လုပ်ထားပေးမယ်၊ အပြေးလေ့ကျင့်တာပဲဖြစ်ဖြစ်၊ အကြောလျှော့လေ့ကျင့်ခန်းလုပ်တာပဲဖြစ်ဖြစ် လုပ်နိုင်ဖို့ လျှောက်လမ်းတွေလုပ်မယ်၊ အထဲကိုမလာဘဲ အပြင်ကနေ ကန်အတွင်းကို ကြည့်ရှုအပန်းဖြေချင်တဲ့ ပြည်သူတွေလည်းရှိမှာပါ၊ အဲဒီအတွက်လည်း လုပ်ဆောင်ပေးသွားဖို့ ရည်ရွယ်ထားပါတယ်"ဟု ဝန်ကြီးက ပြောကြားသည်။



ကန်သာယာကန် အဆင့်မြှင့်တင်မှုသည် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရ၏ လမ်းညွှန်မှုဖြင့် လုပ်ဆောင်လျက်ရှိသော မုံရွာမြို့သန့်ရှင်းသာယာလှပရေးနှင့် ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ အကောင်အထည်ဖော်ရေးလုပ်ငန်းများတွင် တစ်ခုပါဝင်ခြင်းဖြစ်ကာ ယခုလက်ရှိအခြေအနေထက် ပိုမိုကောင်းမွန်ပြီး မြို့သူမြို့သားများ လာရောက်အပန်းဖြေနိုင်သည့် နေရာတစ်ခုဖြစ်ရန် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ လုပ်ဆောင်ခြင်းဖြစ်ကြောင်း သိရသည်။

**ဝင်းဦး(ဗေဒ္ယာတိုင်း)**

# ကိုယ်ပိုင်ကျောင်းများတွင် ဒဏ်ကြေးကောက်ခံ ငွေတောင်းနေမှုများအပေါ် မတားမြစ်နိုင်သေး

**မကွေး ဇူလိုင် ၁၉**

မကွေးတိုင်းဒေသကြီးအတွင်းရှိ ကိုယ်ပိုင်ကျောင်းနှင့် ဘာသာရပ်သင်ကိုယ်ပိုင်သင်တန်းကျောင်း (အရပ်အခေါ်) ဘော်ဒါဆောင်များတွင် ကျောင်းတွင်းစည်းကမ်းချက်များအဖြစ် ခေါင်းစဉ်အမျိုးမျိုးသတ်မှတ်ပြီး ကျောင်းသား ကျောင်းသူများထံမှ ဒဏ်ကြေးငွေတောင်းခံနေမှုအပေါ် ပညာရေးဌာနအနေဖြင့် မတားမြစ်နိုင်သေးကြောင်း တိုင်းဒေသကြီးပညာရေးမှူးရုံးမှ သိရသည်။

"မှတ်ပုံတင်ထားတဲ့ ကိုယ်ပိုင်ကျောင်းတွေမှာဖြစ်စေ၊ ကိုယ်ပိုင်ဘာသာရပ်သင်ကျောင်းတွေမှာဖြစ်စေ ဒီလိုဒဏ်ကြေးတွေရိုက်ရမယ်လို့ ကျွန်တော်တို့ ညွှန်ကြားထားတာမရှိပါဘူး၊ ကျွန်တော်တို့ရဲ့ ကိုယ်ပိုင်ကျောင်းများမှတ်ပုံတင်ဥပဒေနဲ့ နည်းဥပဒေမှာကိုပဲ အတိအလင်း ပြဋ္ဌာန်းထားတာ မရှိပါဘူး၊ အဲဒီလိုမျိုး ငွေကောက်ခြင်း၊ ဒဏ်ရိုက်ခြင်းတွေ လုပ်နေတာသည် သူတို့ရဲ့ကျောင်းမှာ သူတို့သဘော သူတို့ဆောင်နေတာပဲ ဖြစ်ပါတယ်၊ ကျွန်တော်တို့ဆီကိုတော့ ပြဿနာတစ်စုံတစ်ရာ မလာမခြင်းတော့ ကျွန်တော်တို့မှာ သွားရောက်ပြီး ဟိုလိုလုပ်ပါ၊ ဒီလိုလုပ်ပါလို့ ပြောခွင့်မရှိပါဘူး"ဟု မကွေးတိုင်းဒေသကြီး ပညာရေးမှူးရုံး ညွှန်ကြားရေးမှူး ဦးအောင်မြင့်က ပြောကြားသည်။

ကိုယ်ပိုင်ကျောင်းနှင့် ဘော်ဒါဆောင်များတွင် ကျောင်းတွင်းစည်းကမ်းများ သတ်မှတ်၍ စည်းကမ်းဖောက်ဖျက်သော ကျောင်းသား ကျောင်းသူများအား အနည်းဆုံး ငွေကျပ် ၅၀၀၀ မှ ၂၀၀၀၀ ခန့်အထိ စီးပွားရေးဆန်စွာ ဒဏ်ကြေးငွေကောက်ခံမှုများရှိနေကြောင်း ဒေသခံကျောင်းသား ကျောင်းသူများနှင့် ကျောင်းသားမိဘများထံမှ သိရသည်။

**ကျော်ဇေယျ**

# မုန်းချောင်းရေမြင့်တက်ခဲ့၍ ပွင့်ဖြူမြို့နယ်မှ ငှက်ပျောစိုက်ခင်းအချို့ ပျက်စီးခဲ့

**ပွင့်ဖြူ ဇူလိုင် ၁၉**

ပွင့်ဖြူမြို့နယ်တွင် ပြီးခဲ့သည့် ဇွန်လကုန်ပိုင်းအတွင်း မိုးရွာသွန်းမှုများပြီး မုန်းချောင်းရေမြင့်တက်ခဲ့ခြင်းကြောင့် သမန်းရင်းကျေးရွာအုပ်စု ထူးကျေးရွာရှိ ငှက်ပျောစိုက်တောင်သူများ စိုက်ပျိုးထားသော ငှက်ပျောခြံများ၏ လေးပုံတစ်ပုံခန့်မှာ ပျက်စီးဆုံးရှုံးမှုများ ကြုံတွေ့ခဲ့ရကြောင်း ငှက်ပျောစိုက်တောင်သူများထံမှ သိရသည်။



"မုန်းချောင်းရေတက်လာတော့ ငှက်ပျောခေါင်ညွန့်တွေအထိ ရေမြုပ်သွားတယ်။ ခေါင်ညွန့်ထဲကနေ စိမ့်ရေဝင်ပြီးတော့ ခေါင်အထိပုပ်ပြီး သေကုန်တာ။ အပင်တွေဝါကုန်တယ်။ ပြန်ပြီးမရှင်သန်တော့ဘူး။ စိုက်ပျိုးဧက ၄၀ လောက်ရှိတဲ့ အထဲက ၁၀ ဧကလောက်ပျက်သွားတာဆိုတော့ လေးပုံတစ်ပုံလောက် ပျက်စီးသွားခဲ့တာပါ။ ချိုင့်ပိုင်း၊ မြေနိမ့်ပိုင်း စိုက်တဲ့အပင်တွေ ပျက်ကုန်တာ။ ကုန်းပိုင်းစိုက်တဲ့အပင်တွေပဲကျန်တယ်"ဟု ဒေသခံတောင်သူ ကိုအေးမင်းထွန်းက ပြောသည်။ ပဲ၊ နှမ်း၊ စပါးနှင့် ငှက်ပျောကို အဓိကထားစိုက်ပျိုးသောထူးကျေးရွာ၌ မုန်းချောင်းရေဝင်၍ ငှက်ပျောများ ပျက်စီးခဲ့ရုံသာမက နှမ်းဧက ၂၀၀ ခန့်လည်း ပျက်စီးသွားပြီး နှမ်းတစ်စေ့မှမရလိုက်ကြောင်း ဒေသခံများထံမှ သိရသည်။

ငှက်ပျောစိုက်ခင်း တစ်ဧကတွင် အပင်ရေ ၁၅၀၀ စိုက်နိုင်ပြီး အဖီးရေ ၆၀၀၀ ကျော်ထွက်ရှိကြောင်း၊ ယခုနှစ် သီတင်းကျွတ်လက စတင်စိုက်ပျိုးမည်ဆိုလျှင် နောင်နှစ်တန်ဆောင်မုန်းလတွင် ငှက်ပျောခုတ်နိုင်ပြီဖြစ်၍ သီးနှံအကျိုးခံစားနိုင်ရန် တစ်နှစ်ဝန်းကျင် စောင့်ရကြောင်း၊ ယခု မုန်းချောင်းရေမြုပ်မှုကြောင့် ပျက်စီးခဲ့သော ငှက်ပျောစိုက်ခင်း တစ်ဧက၏ စိုက်ပျိုးစရိတ်နှင့် ထွက်ရှိမည့်နှုန်းကို ပေါင်းကြည့်လျှင် တစ်ဧကလျှင် ငွေကျပ်သိန်း ၂၀ ခန့် ဆုံးရှုံးခဲ့ရခြင်းဖြစ်ကြောင်း ငှက်ပျောစိုက်တောင်သူများထံမှ သိရသည်။

**ဇေယျတု(မကွေး)**

# မြန်မာ့စိုက်ပျိုးရေးကဏ္ဍ ရှင်သန်နိုးကြားမှုမြှင့်တင်ခြင်းစီမံကိန်းလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ရေးဆွေးနွေး

**နေပြည်တော် ဇူလိုင် ၁၉**

မြန်မာ့စိုက်ပျိုးရေးကဏ္ဍ ရှင်သန်နိုးကြားမှုမြှင့်တင်ခြင်းစီမံကိန်း(FARM Project) လုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ရေး တွေ့ဆုံဆွေးနွေးပွဲကို ဇူလိုင် ၁၇ ရက်က နေပြည်တော်ရုံးအမှတ်(၁၅)ရှိ အစည်းအဝေးခန်းမ၌ ပြုလုပ်ခဲ့သည်။

ဆွေးနွေးပွဲတွင် စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းက မိမိတို့တာဝန်ယူဆောင်ရွက်နေကြသော စီမံကိန်းဧရိယာအတွင်း စိုက်ပျိုးနည်းပညာပြန့်ပွားရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် စိုက်ပျိုးထုတ်လုပ်မှုဆိုင်ရာ ဗဟုသုတများ၊ နည်းပညာများကို တောင်သူများ အလွယ်တကူ နားလည်သဘောပေါက်စေရေးနှင့် လိုက်နာကျင့်သုံးနိုင်ကြစေရေးအတွက် ရိုးရှင်းလွယ်ကူသော ဆွေးနွေးပို့ချမှုများကို တီထွင်ကြံဆဆောင်ရွက်ကြစေလိုကြောင်း၊ သီးနှံအလိုက် လိုက်နာဆောင်ရွက်ရမည့် စိုက်ပျိုးမှုစနစ်၊ စီမံခန့်ခွဲမှုစနစ်၊ ရိတ်သိမ်းမှုနည်းပညာစသည့် အချက်များကို စိုက်ပျိုးရာသီမတိုင်မီ ကြိုတင်ပညာပေးဆွေးနွေးမှုများ ဆောင်ရွက်ကြရန်လိုကြောင်း အမှာစကားပြောကြားသည်။

မြန်မာ့စိုက်ပျိုးရေးကဏ္ဍ ရှင်သန်နိုးကြားမှုမြှင့်တင်ခြင်းစီမံကိန်း လုပ်ငန်းများကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွင်း အပြည်ပြည်ဆိုင်ရာ စိုက်ပျိုးရေးတိုးတက်မှုရန်ပုံငွေအဖွဲ့(IFAD)၏ အထောက်အပံ့ဖြင့် စိုက်ပျိုးရေးဦးစီးဌာနမှ စိုက်ပျိုးရေးပညာရှင်ဝန်ထမ်းများက တာဝန်ယူကာ နေပြည်တော်ရှိ မြို့နယ် ငါးမြို့နယ်တွင် အသိပညာပေးစင်တာ ၄၀ တည်ထောင်ဖွင့်လှစ်၍ ဆောင်ရွက်လျက်ရှိကြောင်း၊ စီမံကိန်းစတင်သည့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှ ယနေ့အထိ ပညာပေးသင်တန်း ၂၁၅ ကြိမ်ဖွင့်လှစ်၍ သင်တန်းသား သင်တန်းသူ ၇၃၅၆ ဦးကိုလည်းကောင်း၊ ပုဂ္ဂလိကနှင့် ပူးပေါင်းဆောင်ရွက်သော ပညာပေးသင်တန်း ၉၇ ကြိမ်မှ သင်တန်းသား သင်တန်းသူ ၃၃၀၂ ဦးကိုလည်းကောင်း သင်ကြားပို့ချပေးနိုင်ခဲ့ကြောင်း သိရသည်။

စီမံကိန်းဆောင်ရွက်သည့်ရည်ရွယ်ချက်မှာ စီမံကိန်းဧရိယာအတွင်းရှိ ပြည်သူများ၏ လူမှုစီးပွားတိုးတက်လာစေရန်၊ လုပ်ကွက်ငယ်တောင်သူများနှင့် မြေယာမဲ့အိမ်ထောင်စုများ၏ ဝင်ငွေတိုးတက်စေရန် ရည်ရွယ်ကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ သိရသည်။ **သိမ့်သိမ့်မိုး(မြန်မာ့အလင်း)**



# အာဇာနည်နေ့အခမ်းအနား ငပုတောမြို့၌ ကျင်းပ

**ငပုတော ဇူလိုင် ၁၉**

(၇၁)နှစ်မြောက် အာဇာနည်နေ့အခမ်းအနားကို ငပုတောမြို့ပန်းခြံလမ်းရှိ အာဇာနည်ကျောက်တိုင်ကွင်း၌ ဇူလိုင် ၁၉ ရက် နံနက်ပိုင်းက ကျင်းပခဲ့ပြီး အခမ်းအနားသို့ တက်ရောက်လာကြသော ဌာနဆိုင်ရာများ၊ လူမှုရေးအဖွဲ့အစည်းများ၊ ပါတီများက တစ်ဖွဲ့ချင်းစီအလိုက် လွမ်းသူ့ပန်းခွေချ၍ အလေးပြုကြသည်။ ဆက်လက်၍ မြန်မာနိုင်ငံတော်အလံကို အလေးပြုပြီးနောက် ကျဆုံးလေပြီးသော အာဇာနည်ခေါင်းဆောင်ကြီးများအတွက် ဝမ်းနည်းခြင်းအထိမ်းအမှတ်အဖြစ် နှစ်မိနစ် ငြိမ်သက်ခဲ့ကြသည်။

အခမ်းအနားသို့ လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ မြို့ပေါ်ရပ်ကွက်များနှင့် အနီးအနားရှိ ကျေးရွာများမှ ပြည်သူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# တိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား ဘောလုံးပြိုင်ပွဲ ဆုချီးမြှင့်

**ပုသိမ် ဇူလိုင် ၁၉**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့တွင် ကျင်းပလျက်ရှိသော တိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား အသက် ၁၇ နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ၏ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကို ဇူလိုင် ၁၇ ရက်က ကျောက်တိုင်ဘောလုံးကွင်း၌ ကျင်းပသည်။

ဗိုလ်လုပွဲတွင် သာပေါင်းမြို့နယ်နှင့် ပုသိမ်မြို့နယ်အသင်းတို့ယှဉ်ပြိုင်ကစားကြရာ သာပေါင်းမြို့နယ်အသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရဗိုလ်စွဲသွားသည်။ ပြိုင်ပွဲအပြီးတွင် ဆုပေးပွဲကို ဆက်လက်ကျင်းပပြီး တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးလှမိုးအောင်နှင့် တာဝန်ရှိသူများက ပထမဆုရ သာပေါင်းမြို့နယ်အသင်း၊ ဒုတိယဆုရ ပုသိမ်မြို့နယ်အသင်းနှင့် တတိယဆုရ ဘိုကလေးမြို့နယ်အသင်းတို့အား တံခွန်စိုက်ဖလား၊ တစ်ဦးချင်း ဆုတံဆိပ်နှင့် ငွေသားဆုများ ချီးမြှင့်ခဲ့သည်။ အဆိုပါပြိုင်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်မှ အသင်းများ ပါဝင်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

**ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ် ကန်သာယာပန်းခြံအတွင်း၌ (၇၁)နှစ်မြောက် အာဇာနည်နေ့အခမ်းအနားကို ဇူလိုင် ၁၉ ရက် နံနက်ပိုင်းက ကျင်းပရာ ဗိုလ်ချုပ်ကြေးရုပ်ရှေ့တွင် လာရောက်အလေးပြု၊ လွမ်းသူ့ပန်းခွေချနေသော ပြည်သူများကို တွေ့ရစဉ်။**

သန့်ဇင်ဝင်း



# ရခိုင်ပြည်နယ်အတွင်း သဘာဝဘေးလျော့ပါးရေး လုပ်ငန်းစဉ်များ အလုပ်ရုံဆွေးနွေး



**မြောက်ဦး ဇူလိုင် ၁၉**

မြောက်ဦးမြို့နယ်အတွင်း ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုနှင့် ဘေးဒဏ်ခံနိုင်စွမ်းကို တိုးမြှင့်စေခြင်းဖြင့် သဘာဝဘေးအန္တရာယ်ကို တားဆီးကာကွယ်ခြင်း စီမံကိန်းလုပ်ငန်းတိုးချဲ့ခြင်းဆိုင်ရာ အသိပညာပေးမိတ်ဆက်ပွဲနှင့် အလုပ်ရုံဆွေးနွေးပွဲကို ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဇူလိုင် ၁၈ ရက်က ကျင်းပခဲ့သည်။

ဆွေးနွေးပွဲတွင် မြောက်ဦးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှူး ဦးအောင်မျိုးသိန်းက အမှာစကားပြောကြားပြီး ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ပြည်နယ်ညွှန်ကြားရေးမှူး ဦးကျော်မင်းက ဦးစီးဌာန၏ လုပ်ငန်းစဉ်များနှင့် IOM က ရခိုင်ပြည်နယ်အတွင်း ဆောင်ရွက်ခဲ့သော လုပ်ငန်းစဉ်များကိုလည်းကောင်း၊ အမျိုးသားအစီအစဉ်အရာရှိ ဒေါ်အေးသိမ့်သူက ရခိုင်ပြည်နယ်အတွင်း ၂၀၁၅ ခုနှစ်မှ စတင်လုပ်ဆောင်ခဲ့သည့် သဘာဝဘေးလျော့ပါးရေးစီမံကိန်း အောင်မြင်မှုပန်းတိုင်များနှင့် မြောက်ဦးခရိုင်အတွင်း အကောင်အထည်ဖော် ဆောင်ရွက်မည့် IOM ၏ စီမံကိန်းလုပ်ငန်းစဉ်များအကြောင်းကိုလည်းကောင်း ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါ စီမံကိန်းဆွေးနွေးပွဲသို့ မြောက်ဦးခရိုင်အတွင်းရှိ ကျောက်ဖြူမြို့နယ်နှင့် မြောက်ဦးမြို့နယ်များမှ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ တက်ရောက်ဆွေးနွေးခဲ့ကြသည်။

**ခရိုင်(ပြန်/ဆက်)**

# မိုးဥတုမှာ ကျန်းမာရေးအတွက် သတိပြုစရာများ

ကြည်လွင်မြင့်(မုံရွာ)

ပူအိုက်နေရာမှ ရုတ်တရက်မိုးရွာချသဖြင့် အိပ်ကောင်းကောင်းနှင့် နံနက်စောစောထချိန်တွင် မထဘဲဆက်အိပ်သည်။ စနေနေ့ ရုံးပိတ်ရက် ကလေးများလည်း ကျောင်းမသွားရသဖြင့် နေမြင့်သည်အထိ ဆက်အိပ်လိုက်သည်။ ထိုသူသည် နံနက်အိပ်ရာထသည့် အချိန်မှစ၍ ခေါင်းအုံနေခဲ့သည်။ နံနက်စာစားပြီး ရင်ပြည့်သောအခါ ခေါင်းပို၍ကိုက်လာသည်။ နေ့လယ်စာကို ကောင်းစွာမစားနိုင်၍ တစ်နေကုန် နေမကောင်းဖြစ်ရသည်။

ပူသောအခါ ကျယ်ပြန့်နေသောကြွက်သားနှင့် သွေးကြောများသည် အေးလာသောအခါ ကျုံ့ပြီး သွေးလေးလာတတ်သည်။ ထိုအခါ ပို၍ အိပ်ကောင်းသည်။ အိပ်ရာမှမထချင်ဖြစ်လေ့ရှိသည်။ အချိန်ပို၍အိပ်လိုက်ပြီးနောက် လှုပ်ရှားသောအခါ နှလုံးသွေးလှည့်ပတ်မှု မမှန်ကန်၊ ဦးနှောက်သို့ သွေးအရောက်နည်းပြီး ဉာဏ်မရှင် ထိုင်းမှိုင်းသွားခြင်းဖြစ်သည်။ ထိုင်းမှိုင်းနေသည်ကို အလုပ်ရှိ၍ အတင်းစဉ်းစားသောအခါ ခေါင်းကိုက်လာခြင်းဖြစ်သည်။

မိုးရွာနေချိန်တွင် စောင်ထူထူနှင့် ကွေးအိပ်သူတစ်ဦးမှာ ဖိအိပ်မိသောဘက်က လက်မောင်းတစ်ဖက် ကပ်သွားသည်ကို တွေ့ရဖူးသည်။ ဖိအိပ်သည့်နာရီကြာသဖြင့် လက်မောင်းသို့သွားသောသွေးကြောပိတ်ပြီး ဖြစ်ရခြင်းဖြစ်သည်။ နှစ်နာရီကျော်ကြာအောင် တစ်ဖက်သတ်အိပ်ခြင်းသည် မကောင်းပေ။ တစ်ဖက်စီ လှည့်စောင်းအိပ်ခြင်းကို သတိထားပြုမူသင့်သည်။

မိုးရွာနေချိန်တွင် နံနက်စာစားပြီး အပြင်ထွက်မည့်သူများ သတိထားရန်မှာ အစာကြေခဲသောအစာများ စားမသွားရန်ဖြစ်သည်။ နံနက်စာအစာခံအဖြစ် ကောက်ညှင်းပေါင်း၊ အကြော်စုံစားပြီး လက်ဖက်ရည်သောက်သွားသူတစ်ဦးမှာ မိုးရွာထဲတွင် ခြေထောက်ရေစိုပြီးနောက် မကြာမီ အစာအိမ်ရင်ညွန့်မှအောင့်လာသည်ကို တွေ့ရဖူးသည်။ ခြေအေးဝမ်းရောင်ဟု ရှေးလူကြီးများပြောလေ့ရှိသည့် စကားအတိုင်းဖြစ်သည်။ ကြာရှည်ခြေထောက်ရေစိုခြင်းကြောင့် အစာမကြေရောဂါ ဖြစ်နိုင်သည်။ မိုးရာသီတွင်စီးသည့် ဖိနပ်များကိုလည်း သတိထားရန်လိုသည်။ ကတ္တီပါဖိနပ်ကဲ့သို့ ရေစိုလျှင်လွယ်လွယ်နှင့်မခြောက်သည့် ဖိနပ်များကို ရှောင်သင့်သည်။

ခြေထောက်ရေစိုခြင်း၏ အခြားနောက်ဆက်တွဲ ပြဿနာတစ်ခုမှာ နှာစေး၊ နှာပိတ်ခြင်းဖြစ်သည်။ အပူများ အထက်သို့တက်ရာမှ ရှုသွင်းသောလေအေးနှင့် ထိတွေ့သောအခါ အပူအအေး ဆန့်ကျင်ဘက်ဖြစ်ပြီး နှာပိတ်ခြင်း၊ နှာစေးခြင်းဖြစ်ရသည်။ နှာစေးခြင်းသည် ရေရှည်လာလျှင် ထိပ်ကပ်နာအထိ ဖြစ်နိုင်သည်။ ထိပ်ကပ်နာဆိုသည်မှာ နှာခေါင်းတွင်းမှ အပုပ်နံ့ရပြီး နှပ်ပုပ်ထွက်သည့် ရောဂါဆိုးဖြစ်သည်။

ကလေးဘဝငယ်စဉ်က "နေပူမိုးရွာ သူခိုးလာ၊ လာတဲ့သူခိုး၊ လုံနဲ့ထိုး" ဟုဆိုကြသည်။ မြန်မာဗိန္ဒောဆရာကြီးတစ်ဦးက သူခိုးဆိုသည် ပုန်း၍ ငုပ်လျှိုးလာသောဓာတ်၊ အာကာသဓာတ်ရစေသော ရှောက်ရွက်၊ ရှောက်သီး၊ ဆူးပန်းရွက်၊ ကင်ပွန်းချဉ်ရွက် စသည်များကို ဟင်းရည်သောက်၊ ချဉ်ရည်ဟင်းချက်စားခြင်းဖြင့် မိုးဥတုတွင် အာကာသဓာတ်ရအောင် ဆောင်ရွက်ရမည်ဟု ဆိုလိုရင်းဖြစ်သည်ဟု ဆိုသည်။

နေပူသောအခါ ချွေးစိုနေသည်။ မိုးရွာသောအခါ ထိုချွေး ငုပ်သွားတတ်သည်။ ခြေလက်များရေစို၍ အေးစက်သောအခါ ဝမ်းတွင်း၌ အခိုးငုပ်ပြီး ပူနေတတ်သည်။ အချိန်ကြာမြင့်စွာ ခြေလက်များ အေးစက်နေလျှင် ဗိုက်နာလာတတ်သည်။ အစာအိမ်တွင် လေပူငုပ်၍ အထက်မတက်၊ အောက်မသက်ဖြစ်သောအခါ ဗိုက်အောင့်လာခြင်းဖြစ်သည်။

ခြေအေး၍ အစာမကြေခြင်းကြောင့် ဝမ်းလည်းချုပ်တတ်သည်။ မကြေညက်သောအစာများ အူမကြီးအဆုံးသို့ရောက်သောအခါ စမြင်းခံ၍ ဝမ်းချုပ်ခြင်းဖြစ်သည်။ ဝမ်းချုပ်ခြင်း၏ နောက်ဆက်တွဲမှာ ညောင်းကိုက်ခြင်းနှင့် ဇက်ကြောတက်ခြင်းတို့ဖြစ်သည်။ ထို့ကြောင့် ခြေထောက်ရေစိုလျှင် ဇက်ကြောတက်ရောဂါဖြစ်တတ်သည်ဟု ဆိုကြခြင်းဖြစ်သည်။ မိုးဥတုမှာ ဇက်ကြောတက်တတ်သူများ သတိထားစရာဖြစ်သည်။

**မိုးဥတုနှင့် ရောဂါများ**

အဆုတ်ပွရောဂါသည် မိုးဥတုတွင် အဖြစ်များသော ရောဂါဖြစ်သည်။ အဆုတ်လေပြွန်များအတွင်း ရေငွေ့များဝင်ရာမှ ပြန်မထွက်နိုင်သောအခါ အအေးပပ်ပြီး အဆုတ်အအေးပပ်ရောဂါ ဖြစ်သည်။ ထို့နောက် အဆုတ်ပွရောဂါ၊ အဆုတ်ရောင်ရောဂါများ ဆက်၍ဖြစ်လာနိုင်သည်။



မိုးရေထဲသွားနေသူများသည် ရှူသွင်းသောလေတွင် ရေငွေ့များပါသဖြင့် ကြာလာသောအခါ အဆုတ်အတွင်းတွင် ပြန်မထွက်နိုင်သော ရေငွေ့အမှုန်လေးများ စုမိလာသည်။ နှာချေခြင်းသည် ဖုန်နှင့် အမှုန်များဝင်မှုမဟုတ်၊ ရေငွေ့များပြန်ထွက်စေရန်အတွက် အဆုတ်အတွင်းမှအမျှင်များက ခါထုတ်သဖြင့်လည်း ဖြစ်နိုင်သည်။ အဆက်မပြတ်နှာချေနေခြင်းသည် အဆုတ်အတွင်း ရေငွေ့များရှိနေခြင်း လက္ခဏာဖြစ်သည်။

မိုးရွာထဲမှ ပြန်လာသောအခါ ပရုတ်ဆီအနည်းငယ်ကို ရေနွေးမတ်ခွက်တွင်ထည့်ဖျော်၍ အုပ်ထားပြီးဖွင့်လိုက်သောအခါ ထွက်လာသည့် ပရုတ်ငွေ့ကို ရှူပေးခြင်းဖြင့် အဆုတ်အအေးပတ်ခြင်းကို ကာကွယ်နိုင်သည်။ သို့မဟုတ် ချင်းတက်တစ်တက်ကို ထုထောင်းပြီး ရေနွေးမတ်ခွက်တစ်လုံးတွင် ထည့်၍ရှူခြင်းဖြင့်လည်း အဆုတ်အအေးပတ်ခြင်းမှ ကာကွယ်နိုင်သည်။

အဆုတ်ရေဝင်သည့်ရောဂါ၊ အဆုတ်ရေဝပ်သည့်ရောဂါကြောင့်၊ အဆုတ်အတွင်းတွင် ပိုးများပေါက်ပွားပြီး အဆုတ်ရောင်ရောဂါ နာတာရှည်ဖြစ်လာနိုင်သည်။ တငွေ့ငွေ့ ကိုယ်ပူ၍ဖျားသောရောဂါသည် အဆုတ်ရောင်ခြင်းကြောင့် ဖြစ်နိုင်သည်။ ပိုးကြောင့်ဖြစ်သော အဆုတ်ရောဂါတော်တော်များများသည် အဆုတ်တွင် ရေဝပ်ရာမှ စတင်ဖြစ်လေ့ရှိသည်ကို တွေ့ရသည်။

အဆုတ်အတွင်း ရေငွေ့များနေသဖြင့် နှာချေခြင်း၊ ချောင်းဆိုးခြင်း အကြိမ်ရေများလာသောအခါ၊ ရက်ရှည်လာသောအခါ အဆုတ်နှင့် လေပြွန်အတွင်းမှ သွေးကြောငယ်လေးများ ပေါက်ပြီး သွေးပါလာသည်။ ချောင်းဆိုးသွေးပါရောဂါဟု ခေါ်သည်။ အခန်းအောင်းနေသူများ၊ နေရောင်ခြည်မရသည့်အခန်းတွင် ကြာရှည်ထိုင်ပြီး အလုပ်လုပ်ရသူများတွင် ဤရောဂါဖြစ်လေ့ရှိသည်။

နေရောင်ခြည်၏တန်ဖိုးကို မိုးဥတုတွင် သိရသည်။ ရက်ရှည်မိုးရွာ၍ စိုထိုင်းနေသောအဝတ်များသည် နေရောင်ခြည်ဖြင့် ထိတွေ့သောအခါ အခြောက်မြန်သည်။ အိမ်တွင်းအရိပ်တွင် အခြောက်ခံသော အဝတ်များ၊ ပန်ကာလေဖြင့် အခြောက်ခံသော အဝတ်များကဲ့သို့ အနံ့အသက်မကောင်းပေ။ နေရောင်ခြည်မှပေးသော အပူဓာတ်သည် ရောဂါပိုးတော်တော်များများကို သေစေနိုင်သောသတ္တိရှိသည်။ ဖြစ်နိုင်လျှင် ခြောက်သွေ့ပြီးအဝတ်ပင်ဖြစ်စေ နေရောင်ခြည်ထွက်လာသောအခါ ခေတ္တနေရောင်ပြပေးသင့်သည်။

အဝတ်အထည်များတွင် မှိုကပ်သောကြောင့်၊ မှိုစွဲခြင်းကြောင့် လူ၏ အရေပြားတွင်လည်း ယားယံခြင်း၊ ညှင်းပေါက်ခြင်း၊ သနပွေးခေါ် ပွေးကွက်ငယ်များပေါက်ခြင်း ဖြစ်လေ့ရှိသည်။

မိုးများသောအရပ်တွင် နေရောင်ခြည်ထွက်သောအခါ အဝတ်အထည်များသာမက စောင်၊ အိပ်ရာခင်းများကိုပါ နေရောင်ခြည်ပြပေးသင့်သည်။ အိမ်ခန်းအတွင်းသို့ နေရောင်ခြည်ဝင်အောင် ပြတင်းပေါက်များဖွင့်ပေးခြင်းဖြင့် ရေငွေ့ဖြင့် ပေါက်ပွားမည့် ရောဂါများအန္တရာယ်မှလည်း ကာကွယ်နိုင်ပေသည်။ နေရောင်ခြည်မဝင်သောအခန်းများ၊ အဲကွန်းအလုံခန်းများတွင် နေထိုင်သူများသည် မိုးဥတုတွင် အဆုတ်ပွရောဂါ ဖြစ်နိုင်သဖြင့် သတိပြုကြစေချင်သည်။

**မိုးဥတုမှာ စားသုံးသင့်သော ဓာတ်စာများ**

မိုးဥတုတွင် ကျန်းမာရေးမကောင်းသဖြင့် အခန်းတွင်းအောင်းနေရသည့် လူကြီးများ၊ သက်ကြီးရွယ်အိုများကို မိုးတိတ်ပြီး လေကောင်းလေသန့်ရသည့်နေရာ၌ တစ်နာရီခန့် နေပူစာလှုံပေးသင့်သည်။ လမ်းမလျှောက်နိုင်သူကို တွဲ၍သော်လည်းကောင်း၊ ဝှီးချဲဖြင့်သော်လည်းကောင်း နေရောင်ခြည် ပြပေးသင့်သည်။

လူကြီးများသည် အသက်အရွယ်ကြောင့် အဆုတ်ပွလွယ်သည်။ ရေငွေ့များအောင်းပြီး နေရောင်ခြည်မဝင်သည့်အခန်းတွင် အနေကြာလျှင် အဆုတ်ပွ၊ အဆုတ်ရောင်၊ ချောင်းဆိုး၊ ရင်ကျပ်၊ တငွေ့ငွေ့ကိုယ်ပူသော အဖျားရောဂါများ ဝင်လာနိုင်သည်။ နေရောင်မဝင်သောအခန်းတွင် ရောဂါပိုးမွှားပေါက်ပွားလွယ်သည်ဟု ဆိုသည်။

အဆုတ်ရေငွေ့ဝင်၍ နှာချေခြင်း၊ ချောင်းဆိုးခြင်း၊ အဆုတ်အအေးပပ်ခြင်းမှ ကာကွယ်နိုင်သော မီးဖိုချောင်သုံးအစားအစာမှာ ကြက်သွန်ဖြူဖြစ်သည်။ ကြက်သွန်ဖြူဥတစ်လုံးကို မီးဖုတ်၍ ဖြစ်စေ၊ ဥအမြွှာများကို သီတံဖြင့် တံစို့ထိုးမီးကင်၍ဖြစ်စေ နေ့စဉ်တစ်ဥ (သို့မဟုတ်) ခုနစ်မြွှာခန့် စားပေးလျှင် အဆုတ်အအေးပပ်ခြင်းမှ ကာကွယ်နိုင်သည်။ ငွေကုန်ကြေးကျ မများ၊ ပိုးသတ်ဆေးများလည်းမသောက်ရသည့် သဘာဝ ကိုယ်ခံအားဓာတ်စာဖြစ်သည်။

အဆုတ်ပွ၍ဖျားလျှင် တငွေ့ငွေ့နှင့် ရက်ရှည်ပြီး အစားအသောက်မစားချင် ခံတွင်းပျက်သည့်ရောဂါပါ ဝင်လာတတ်သည်။ အဆုတ်သည် နှလုံးမှပေးပို့သော သွေးညစ်များကိုပြင်ပမှ ရှူသွင်းသည့်လေနှင့် ထိတွေ့ပေးပြီး သွေးသစ်ဖြစ်အောင် သန့်စင်ပေးရာဌာနဖြစ်သဖြင့် ကျန်းမာရေးအတွက် အလွန်ပင် အရေးကြီးသည်။ အဆုတ်မကောင်းလျှင် သွေးလည်း မသန့်စင်နိုင်ပေ။ အလွန်အရေးကြီးသည့် ကိုယ်တွင်းအင်္ဂါ ဖြစ်သည်။

ကြက်သွန်နီသည်လည်း အအေးပပ်ခြင်းမှ ကာကွယ်ပေးသည့် အာနိသင်ရှိသည်။ ဟင်းချက်ရာတွင် ကြက်သွန်နီပါသော်လည်း အပူပေးသဖြင့် ဥမှထွက်သော အခိုးအငွေ့အာနိသင် ပျက်သွားသည်။ အစိမ်းစားခြင်းဖြင့် စူးရှသော အခိုးအငွေ့ကို ရနိုင်သည်။

ကြက်သွန်နီတစ်ဥကို ပါးပါးလှီးပြီး ရှောက်ရည်(သို့မဟုတ်) သံပရာရည်ဆမ်းပြီး ထမင်းစားသည့်အခါတိုင်း စားသုံးပေးခြင်းဖြင့် ရောဂါပိုးများစွာကို ကာကွယ်နိုင်သည်။ ကြက်သွန်နီဥကိုလှီးပြီးလျှင် ရေအကြိမ်ကြိမ်မဆေးဘဲ တစ်ကြိမ်ခန့်သာဆေးပြီး မွှန်သည့်အနံ့ကို ထိန်းထားသင့်သည်။

ကြက်သွန်နီသည် ဆီးကောင်းစေသဖြင့် မိုးရာသီတွင် ခြေထောက်ရေစို၍ ခြေအေးခြင်း၊ အပူငုပ်၍ ဆီးပူခြင်း၊ ဆီးအောင့်ခြင်းများအတွက်ပါ ကာကွယ်ပေးနိုင်သည်။ ဆီးလမ်းကြောင်းနှင့် ကျောက်ကပ်အတွက်ပါကောင်းသော မီးဖိုချောင်မှ ဆေးစွမ်းကောင်းဖြစ်သည်။

မိုးရာသီတွင် အဓိကစားသင့်သည့်အရသာမှာ အခါးဟု ရှေးဓာတ်စာဆရာကြီးများက ဆိုသည်။ အပြင်တွင် အေးပြီး အအေးပပ်သဖြင့် ကိုယ်တွင်းငုပ်နေသော အပူဓာတ်နှင့်တွဲလျက်ဖြစ်ပေါ်လာသော လေပူအထက်သို့ ကန်ခြင်း၊ ချောင်းဆိုးခြင်း၊ လည်ချောင်း ပူခြင်း၊ အဆုတ်အပူအောင်းခြင်းတို့ကို အခါးအရသာစားပေးခြင်းဖြင့် သက်သာစေနိုင်သည်ဟု ဆိုသည်။ ခွေးတောက်ရွက်၊ ကြောင်လျှာသီး၊ ကြက်ဟင်းခါးသီးတို့ကို သင့်တင့်ရုံစားပေးခြင်းဖြင့် ကျန်းမာရေးအတွက်ကောင်းမွန်စေနိုင်ကြောင်း မိုးရာသီဓာတ်စာအဖြစ် တင်ပြလိုက်ရပေသည်။

**မိုးစိုခြေအေး သွေးတိုး သတိပြု**

မိုးဥတုတွင် နေအိမ်ပြင်ပထွက်ပြီး နေ့စဉ်သွားလာအလုပ်လုပ်ရသူများသည် ခြေထောက်ရေစိုရာမှ နောက်ဆက်တွဲအဖြစ် ခြေအေးဝမ်းရောင် (ခေါ်) အစာမကြေဝမ်းဗိုက်လေပွရောဂါနှင့် အသက် ၄၀ ကျော်သူများမှာ သွေးတိုးရောဂါဝင်လာတတ်သည်ကို သတိပြုကြရန် တင်ပြလိုပါသည်။

သွေးတိုးရောဂါသည် အစားမှားမှု၊ အငန်စားမှုမဟုတ် ပြင်ပအအေးပပ်ဖွဲ့ခြင်း၊ မိုးမိခြင်းကြောင့်လည်း ဖြစ်နိုင်သည်။ သွေးစီးဆင်းမှုကြောင့် ပုံမှန်ပူနွေးနေသောသွေးကြောသည် အအေးဓာတ်ကြောင့် ကျုံ့သွားပြီး ဖိအားတစ်ခုဖြစ်လာကာ သွေးမသွားနိုင်ဖြစ်ရသည်။ ထိုအခါ သွေးပုံမှန်သွားစေရန် နှလုံးမှ ပို၍ညှစ်အားပေးရသည်။ ထိုအားကို သွေးပေါင်ချိန်ကိရိယာဖြင့် တိုင်းသောအခါ BP 140/90 mm Hg. (အပေါ်သွေးဖိအား ၁၄၀ နှင့် အောက်သွေး ၉၀ မီလီမီတာ / ပြဒါး)အထိ ခံနိုင်ရည်ရှိသောအနေအထားဖြစ်သည်။ အပေါ်ရောအောက်ပါ ထိုထက်ဖိအားပိုလာလျှင် သွေးတိုးရောဂါဟု သတ်မှတ်သည်။

မိုးဥတုတွင် နေအိမ်မှ ထွက်သွားချိန်နှင့် ပြန်လာချိန်များကို သွေးပေါင်ချိန် (သွေးဖိအား) မှတ်တမ်းထားရှိ လေ့လာကြည့်သောအခါ အိမ်မှမထွက်ခွာမီ ပုံမှန်ဖြစ်သော်လည်း ပြန်ရောက်လာချိန်တွင် မိုးရေစိုခဲ့လျှင် (သို့မဟုတ်) ခြေထောက်ရေစိုခဲ့လျှင် သွေးပေါင်ချိန်တက်နေသည်ကို တွေ့ရှိရသည်။ အချိန်ကြာကြာ မိုးမိသည်နှင့်အမျှ ပို၍တက်သည်ကိုလည်း လေ့လာတွေ့ရှိရသည်။

နံနက်စောစော အစာကိုစားပြီး နေအိမ်မှ ထွက်သွားသူများသည် မိုးမိပြီးနောက် အစာမကြေဖြစ်လာတတ်သည်။ ခန္ဓာကိုယ်အအေးပပ်ခြင်း၊ ခြေနှစ်ဖက်ရေစိုခြင်းကြောင့် ဝမ်းမီးနှံ့ပြီး အစာမကြေဖြစ်သည်ဟု ယူဆရသည်။ အစာခြေခြင်းကို ဝမ်းမီး(ခေါ်) ပါစက တေဇောဓာတ်က ဆောင်ရွက်သည်။ ထိုဝမ်းမီးသည် အအေးဓာတ်ကြောင့် အားပျော့သွားခြင်းကို ဝမ်းမီးနှံ့သွားသည်ဟု ရိုးရာဆေးပညာက ယူဆပြီး ချင်းနှင့်ရေနွေးပူပူကို သောက်ပေးခြင်းဖြင့် အစာကြေစေနိုင်သည်။

ငရုတ်ကောင်း၊ ပိတ်ချင်းနှင့်ချင်းကို တြိကဋုက်သုံးပါးဟု အာယုဗေဒဆေးကျမ်းများက ဆိုသည်။ အစာကြေစေသော (အစပ်သုံးပါး) ဆေးသုံးပါးဟု ဆိုသည်။ မိုးဥတုတွင် အပြင်မထွက်မီ အစားအသောက်စားသုံးလျှင် ဟင်းနှင့်ဟင်းချိုတွင် ငရုတ်ကောင်းခတ်ခြင်း၊ ချင်းထည့်ချက်ခြင်းဖြင့် အစာကြေအောင် အထောက်အကူပြုနိုင်သည်။ အထူးသဖြင့် အသားဟင်းချက်လျှင် ချင်းကိုနိုင်နိုင်ထည့်ချက်လျှင် မိုးဥတုနှင့်သင့်သည်။

ရှေးလူကြီးများက ခြေအေးလျှင် ဝမ်းရောင်သည်ဟု ဆိုကြသည်။ မိုးရေစိုချိန်ကြာသဖြင့် ခြေထောက်အေးလာသောအခါ အအေးဓာတ်သည် တဖြည်းဖြည်းအပေါ်သို့တက်လာပြီး ချက်တိုင်နှင့် ဝမ်းဗိုက်အထိ ရောက်လာသည်။ အစာမကြေဖြစ်လာသည်။ အစာမကြေလျှင် လေပွလာပြီး ဝမ်းဗိုက်သည် တင်းပြီး ဖောင်းလာသည်ကို ဝမ်းရောင်ခြင်းဖြစ်သည်ဟု ခေါ်ခြင်းဖြစ်သည်။ အစာမကြေခြင်း၏နောက်ဆက်တွဲရောဂါမှာ ခေါင်းကိုက်၊ ခေါင်းအုံခြင်းနှင့် သွေးတိုးရောဂါဖြစ်သည်။

မိုးရွာထဲမှပြန်လာပြီးနောက် ကိုယ်တစ်ခြမ်းလေဖြတ်သွားသူကို တွေ့ဖူးသည်။ အသက် ၅၀ ခန့် အရွယ်ကောင်းဖြစ်သည်။ ယခင်က သွေးတိုးဖူးသည်။ သို့သော် အမြဲမတိုးသဖြင့် သွေးကျဆေးကို ပုံမှန်မသောက်ဟုဆိုသည်။ နေအိမ်တွင် လဲကျသဖြင့် ဆေးရုံပို့သောအခါ သွေးပေါင်အလွန်တက်ပြီး ဦးနှောက်အတွင်း သွေးခဲရောက်သဖြင့် ပိတ်ဆို့ပြီး လေဖြတ်ရခြင်းဖြစ်သည်ဟုဆိုသည်။ ခြေအေးခြင်းမှစခဲ့သည့် သွေးတိုးရောဂါဖြစ်သည်။ သတိပြုနိုင်ကြစေရန် တင်ပြရခြင်းဖြစ်သည်။ ။

"မိုးဥတုတွင် နေအိမ်မှထွက်သွားချိန်နှင့် ပြန်လာချိန်များကို သွေးပေါင်ချိန် (သွေးဖိအား) မှတ်တမ်းထားရှိ လေ့လာကြည့်သောအခါ အိမ်မှမထွက်ခွာမီ ပုံမှန်ဖြစ်သော်လည်း ပြန်ရောက်လာချိန်တွင် မိုးရေစိုခဲ့ခြင်း (သို့မဟုတ်) ခြေထောက်ရေစိုခဲ့လျှင် သွေးပေါင်ချိန်တက်နေသည်ကို တွေ့ရှိရသည်။ အချိန်ကြာကြာ မိုးမိသည်နှင့်အမျှ ပို၍တက်သည်ကိုလည်း လေ့လာတွေ့ရှိရသည်"

# တရားရုံးများတွင် လာဘ်ပေး လာဘ်ယူ ကင်းရှင်းကြစေလို

## ဦးဇော်ဇော် (တရားလွှတ်တော်ရှေ့နေ)

နိုင်ငံတော်သမ္မတ၏ ဦးစားပေးလုပ်ငန်းစဉ်များတွင် ယိမ်းယိုင်နေသည့် တရားစီရင်ရေးကို တည့်မတ်ရမည်ဟုပါရှိသည်။ တရားစီရင်ရေး၏ အဓိကတာဝန်ရှိသူမှာ တရားသူကြီးများ ဖြစ်ကြသည်။

### တရားရုံး၏ ဂုဏ်သိက္ခာကို ထိန်းသိမ်းရန်

သို့ဖြစ်ရာ ၎င်းတို့သည် ရာဇနီတိကျမ်းပါ တရားသူကြီး ဂုဏ်အင်္ဂါငါးပါးအနက် အမှန်တည်းဟူသော၊ တရားကိုစောင့်သော၊ ကောင်းသော၊ ပညာလည်းရှိသော၊ ရှုံးခြင်း နိုင်ခြင်းကိုလည်းသိသော ဆိုသည့်အချက်များနှင့် သံဝဏ္ဏေတဗ္ဗကျမ်းကြီးပါ တရားသူကြီးဂုဏ်အင်္ဂါရှစ်ပါးအနက် (သစ္စာ=မှန်သော စကားကိုဆိုတတ်ခြင်း)၊ (ဂုဏ်= တည်ကြည်ဖြောင့်မတ်သည့်ဂုဏ်နှင့်ပြည့်စုံခြင်း)၊ (သီလ= သူခပ်သိမ်းတို့ ရိုသေကြည်ညိုထိုက်အောင် သီလရှိခြင်း)ဆိုသည့် အချက်များအပြင် တရားသူကြီး ဂုဏ်အင်္ဂါ ၁၂ ပါးပါ ဆန္ဒဂတိသို့ မလိုက်ခြင်း၊ ဒေါသဂတိသို့မလိုက်ခြင်း၊ မောဟဂတိသို့မလိုက်ခြင်း၊ ဘယာဂတိသို့ မလိုက်ခြင်း၊ တရားစောင့်ခြင်း၊ တော်တည့်ဖြောင့်သားခြင်း၊ သီလချစ်ခြင်းစသည့် အချက်များနှင့်ပြည့်စုံရပေမည်။ ယခုခေတ် တရားစီရင်ရေးဆောင်ပုဒ်၌လည်း ဥပဒေနှင့်အညီ ဆုံးဖြတ်ရန်၊ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ရန်၊ မှန်မှန်နှင့် မြန်မြန်စီရင်ရန်၊ လာဘ်ပေး လာဘ်ယူကင်းရှင်းရန်၊ ဖြောင့်မတ်တည်ကြည်မှုဖြင့် တရားရုံး၏ ဂုဏ်သိက္ခာကို ထိန်းသိမ်းရန်ဟု ပါရှိပါသည်။

အသက်တစ်ရာမနေရ၊ အမှုတစ်ရာတွေ့နိုင်ပေသည်ဟူသည့် ဆိုရိုးရှိသည့်အပြင် ကိုယ်၊ စိတ်၊ ဂုဏ်သရေ၊ ပစ္စည်းထိခိုက်နစ်နာစေမှု(ရာဇဝတ်မှု)များ မိသားစုချင်း၊ မောင်နှမချင်း၊ ဆွေမျိုးသားချင်း၊ လူလူချင်း၊ ဥစ္စာပစ္စည်းပိုင်ဆိုင်လိုမှု၊ ရယူလိုမှု၊ ခွဲဝေပေးစေလိုမှု (တရားမမှု)များအပြင် ခေတ်မီတိုးတက်လာသည့် ကာလ၏ အခြေအနေအရ မပြတ်ပြဋ္ဌာန်းနေရသော အထွေထွေဥပဒေပါအမှုများအား စစ်ဆေးစီရင်ဆုံးဖြတ်ရပေသည်။ သို့ဖြစ်ရာ တရားရုံးများသည် အဝန်းအဝိုင်းပရဝဏ် သေးငယ်ချင်သေးငယ်မည်။ သို့ရာတွင် ဆောင်ရွက်ရသည့် လုပ်ငန်းအားဖြင့် ကြီးမားကျယ်ပြန့်သည်ကို တွေ့ရမည်ဖြစ်သည်။ သို့ဖြစ်ရာ တရားရုံးသည် တခြားသော ဌာနဆိုင်ရာများထက်စာလျှင် ပြည်သူလူထုနှင့် ထိတွေ့ပတ်သက်ရမှု (Public Communication)ပို၍များသည်ဟု ဆိုရပါမည်။ အဘယ်ကြောင့်ဆိုသော် အမှုတစ်မှုတွင် တရားလိုနှင့် တရားခံ/တရားပြိုင် နှစ်ဖက်(အမှုသည်) လူဦးရေ အနည်းဆုံးငါးဦးမှ အများဆုံး ၂၀/၃၀ ကျော်ပါဝင်တတ်ကြပါသည်။ ပါဝင်ကြသူများတွင် အရပ်သားများသာမက အမှုနှင့် ဆက်စပ်သည့် ဌာနဆိုင်ရာအမျိုးမျိုးတို့လည်း ပါဝင်ကြပေသည်။ ထို့ကြောင့် တရားသူကြီးများသည် အထက်ဖော်ပြပါအကြောင်းတရားများနှင့်အညီ စီရင်ဆုံးဖြတ်ပေးနိုင်မှသာ တရားစီရင်ရေးအပေါ် ပြည်သူလူထုမှ ယုံကြည်အားကိုးမှု ရှိလာကြမည်ဖြစ်ပြီး တရားသူကြီးများအပေါ်တွင်လည်း ရိုသေလေးစားမှုများ ရှိလာကြမည်ဖြစ်သည်။

### အမြင်မကြည်လင်မှု

အမှုတစ်မှုစီပါ တရားလိုဘက်နှင့် တရားခံ/တရားပြိုင်ဘက် နှစ်ဖက်စစ်ဆေးပေါ်ပေါက်ချက်အရ တရားသူကြီးမှ အမိန့်စီရင်ချက်(ဒီကရီ)ချမှတ်ရာတွင် ဒိုင်လူကြီးတစ်ဦးအနေဖြင့် သရေပေး၍မရပါ။ တစ်ဖက်ဖက်ကို အနိုင်ပေးဆုံးဖြတ်ရခြင်းဖြစ်သည်။ ဤသို့ဆိုလျှင် ရှုံးသည့်ဘက်မှ အမြင်မကြည်လင်မှု၊ မကျေနပ်မှုများ ရှိစမြဲပင်ဖြစ်သည်။ အမြင်မကြည်လင်မှုဟုဆိုရာတွင် အနိုင်ပေးသည့်ဘက်ကို ငွေကြေးတံစိုးလက်ဆောင် (လာဘ်)ပေး၍လား၊ ပုဂ္ဂိုလ်ရေးအရ ဘက်လိုက် (bias) တာလားဟု သံသယစိတ်ဝင်တတ်ကြသည်။ သံသယစိတ်ဖြင့် တရားသူကြီးအပေါ် တိုင်ကြားခြင်းများလည်း ရှိကြပေသည်။ ထိုသို့တိုင်ကြားခြင်းများထက် ဥပဒေလုပ်ထုံး လုပ်နည်းများနှင့်အညီ အယူခံမှု၊ ပြင်ဆင်မှုများတက်ရောက်၍ မူလရုံးတရားသူကြီး၏ ဆုံးဖြတ်ချက်ကို ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်းများ ပြုလုပ်နိုင်ရန် အခွင့်အရေးလည်း ရှိကြသည်။

တရားသူကြီးနှင့်အမှုသည် အပြန်အလှန်လာဘ်ပေး လာဘ်ယူပြုကြရာ၌ ပေးသူနှင့်ယူသူ နှစ်ဦးနှစ်ဖက် အဆင်ပြေပါက ပြဿနာတစ်စုံတစ်ရာ မပေါ်ပေါက်သေးပေ။ ယူသူမှ မိမိယူထားစဉ်က ကတိအတိုင်း မဆောင်ရွက်ပေးလျှင်သော်လည်းကောင်း၊ ပေးသူမှ မိမိပေးစဉ်က မိမိလိုချင်သည့် ကတိအတိုင်း ယူသူမှမဆောင်ရွက်ပေးလျှင်သော်လည်းကောင်း၊ ပြဿနာပေါ်တတ်သလို ပေးသူနှင့်ယူသူတို့၏ အပေးအယူကိစ္စကို(တစ်ဖက်)ဆန့်ကျင်ဘက်မှ သိသွားလျှင်သော်လည်းကောင်း ပြဿနာပေါ်တော့မည်ဖြစ်သည်။ ထို့ကြောင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေတွင် ပေးသူရော ယူသူပါ အပြစ်ရှိကြောင်း ထည့်သွင်းပြဋ္ဌာန်းထားခြင်း ဖြစ်ပေသည်။

### အဆီစား၍ အသားမဖြစ်

လာဘ်ပေးသူအမှုသည်အနေဖြင့် မိမိအမှုအနိုင်ရရှိရေးအတွက် အကျိုးလိုလို့ ညောင်ရေလောင်းခြင်း၊ ထောင်မြင်၍ ရာစွန့်ခြင်းမျိုးဖြင့် ပေးခြင်းဖြစ်၍ စေတနာ၊ မေတ္တာမပါသော ပေးကမ်းမှုသာဖြစ်ပြီး ယူသူအနေဖြင့်လည်း မစင်ကြယ်သည့် လာဘ်ကို ယူမိသလိုဖြစ်သည့်အတွက် အဆီစား၍ အသားမဖြစ်စေသလို ဖြစ်စေပါသည်။

မြန်မာလူမျိုးတို့သည် မိမိအပေါ်ကူညီပေးမည့်သူကို၊ ကူညီပေးဖူးသူကို ကျေးဇူးတရား သိတတ်တုံ့ပြန်တတ်သူများ ဖြစ်ကြသည်။ တစ်လုတ်စားဖူးသူ့ကျေးဇူးနှင့် ကိုယ့်အပေါ်ပြုဖူး သူ့ကျေးဇူး အထူးသိတတ်စေဟူသည့်အတိုင်း စိတ်ထားရှိကြသည်။ ကျေးဇူးတရားဖြင့် စေတနာထားခြင်းနှင့် လာဘ်ပေး လာဘ်ယူ မတူညီသည်ကို ခွဲခြားသိနိုင်ရပါမည်။

နိုင်ငံ့ဝန်ထမ်းများအတွက် ၎င်းတို့၏ ရာထူးနေရာအလိုက် စားဝတ်နေရေးပြေလည်စေရန် လုံလောက်မှုတသည့် တိုးမြှင့်လစာများ ပေးထားပြီးဖြစ်သည့်အပြင် ကုန်ဈေးနှုန်းများလည်း တည်ငြိမ်နေပြီဖြစ်၍ လစာမလုံလောက်လို့ဟု အကြောင်းပြသော လာဘ်စားမှုများ မရှိသင့်တော့ပေ။

တရားရုံးများတွင် အမှုလိုက်ပါကြသည့် ရှေ့နေများအနေဖြင့် မိမိတို့သည် တရားရုံး အရာရှိများအဖြစ်ခံယူကာ တရားလွှတ်တော်ရှေ့နေအဖြစ် အသိအမှတ်ပြုခြင်းခံရစဉ်က ကတိသစ္စာပြုလွှာပါ တရားစီရင်ရေးလုပ်ငန်းတွင် တရားရုံးအပေါ်၌ သစ္စာရှိရှိ သမာဓိတည်တည် ရိုးသားဖြောင့်မတ်စွာဖြင့် တရားစီရင်ရေး အောင်မြင်အောင် ကူညီဆောင်ရွက်ပါမည်ဟူသော ကတိသစ္စာကို စောင့်ထိန်းကာ လာဘ်ပေး လာဘ်ယူ ကင်းရှင်းစွာဖြင့် မိမိ၏ကိုယ်ပိုင်အရည်အချင်းကိုအသုံးချ၍ ကြိုးပမ်းဆောင်ရွက်ခြင်းဖြင့် အမှုများအနိုင်ရကြစေလိုပါသည်။ အမှုသည်များအနေဖြင့်လည်း မည်သူ့ကိုမျှ လာဘ်ပေးစရာမလိုဘဲ အမှန်တရားပေါ်ပေါက်အောင် မှန်ကန်သော သက်သေခံချက်များ ပေးကြစေလိုပါသည်။ တရားရုံးများရှိ စာရေးနှင့် ဝန်ထမ်းများ၏ အလုပ်အပေါ် စေတနာမထားမှု၊ တာဝန်မသိ ပျက်ကွက်မှုများသည် တရားရုံးများနှင့် တရားသူကြီးများအပေါ် အမှုသည်များမှ ယုံကြည်အားကိုးမှု လျော့နည်းလာစေတတ်ပါသည်။

### ဖိတ်ခေါ်လမ်းဖွင့်ပေးထား

အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေအရ အရေးယူခံရသူများတွင် တရားသူကြီးများအပြင် ရှေ့နေလည်း ပါဝင်နေသည်ကို တွေ့ရပါသည်။ အမှုသည်များအနေဖြင့် တရားသူကြီးကိုလည်းကောင်း၊ ရှေ့နေကိုလည်းကောင်း လာဘ်ပေးမှုပြုပါက မိမိတို့ပါ အရေးယူခံရနိုင်သည်ကို အသိပေးအပ်ပါသည်။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် (ACC) အနေဖြင့် လာဘ်ပေး လာဘ်ယူ ကိစ္စများရှိပါက အထောက်အထားခိုင်လုံစွာဖြင့် တင်ပြတိုင်ကြား အကူညီတောင်းခံကြပါရန် ဖိတ်ခေါ်လမ်းဖွင့်ပေးထားပြီး ဖြစ်ပေသည်။

အဂတိလိုက်စားမှု (လာဘ်ပေး လာဘ်ယူ)များသည် နိုင်ငံတော်နှင့် နိုင်ငံသားတို့အတွက် စီးပွားရေးစဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုကို အဟန့်အတားဖြစ်စေပြီး လူမှုဘဝလုံခြုံရေးနှင့် တရားမျှတမှုကို ခြိမ်းခြောက်၍ တရားဥပဒေစိုးမိုးမှုနှင့် အစိုးရ၏ တာဝန်ခံနိုင်မှုတို့ကို ထိပါးစေသည်သာမက ပြည်သူလူထု၏ ယုံကြည်အားကိုးမှုကိုပါ လျော့ပါးစေကြောင်း ၂၀၁၃ ခုနှစ် အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေတွင် သတ်မှတ်ထားပါသည်။ အဂတိလိုက်စားမှုများအား တိုင်ကြားလိုပါက သို့/ဥက္ကဋ္ဌ၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်၊ အုပ်စု(၁) နေပြည်တော် အားကစားလေ့ကျင့်ရေးစခန်း၊ ဝဏ္ဏသိဒ္ဓိရပ်ကွက်၊ ဇမ္ဗူသီရိမြို့နယ် နေပြည်တော်ဟု သိရပါသည်။ လူမှုရေးဦးတည်ချက်ပါ တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေးအတွက် အဂတိလိုက်စားမှု (လာဘ်ပေး လာဘ်ယူ) ကင်းရှင်းကြစေလိုပါကြောင်း ရေးသားလိုက်ရပါသည်။ ။

**"တရားစီရင်ရေးလုပ်ငန်းတွင် တရားရုံးအပေါ်၌ သစ္စာရှိရှိ သမာဓိတည်တည် ရိုးသားဖြောင့်မတ်စွာဖြင့် တရားစီရင်ရေး အောင်မြင်အောင် ကူညီဆောင်ရွက်ပါမည်ဟူသော ကတိသစ္စာကို စောင့်ထိန်းကာ လာဘ်ပေး လာဘ်ယူ ကင်းရှင်းစွာဖြင့် မိမိ၏ကိုယ်ပိုင်အရည်အချင်းကို အသုံးချ၍ ကြိုးပမ်းဆောင်ရွက်ခြင်းဖြင့် အမှုများအနိုင်ရကြစေလိုပါသည်"**

## အာဇာနည်နေ့ ဂုဏ်ပြု စာစီစာကုံးပြိုင်ပွဲ ကျင်းပ

**လောက်ကိုင် ဇူလိုင် ၁၉**

ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်ခရိုင် လောက်ကိုင်မြို့ရှိ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကြီးမှူးကျင်းပသော (၇၁)နှစ်မြောက် အာဇာနည်နေ့ အထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက်က ခရိုင်ပြည်သူ့စာကြည့်တိုက်၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခရိုင်ဦးစီးအရာရှိ ဒေါ်နန်းမြမြဝင်းက အထိမ်းအမှတ်ပြိုင်ပွဲ ကျင်းပရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ တာဝန်ရှိသူတို့က (၇၁)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် အထက်တန်း၊ အလယ်တန်းနှင့် မူလတန်းအဆင့် စာစီစာကုံးပြိုင်ပွဲဆုရ ကျောင်းသား ကျောင်းသူများအား ဆုများချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## ရွှေတောင်၌ ကျေးလက်ရေပေးရေးလုပ်ငန်း စစ်ဆေး

**ရွှေတောင် ဇူလိုင် ၁၉**

ရွှေတောင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူများသည် ရွှေဟင်္သာကျေးရွာအုပ်စု စကားမြွားကျေးရွာ၌ ရေပေးရေးလုပ်ငန်းများကို ယမန်နေ့က ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

အဆိုပါလုပ်ငန်းများမှာ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ခဲ့ပြီးစက်ရေတွင် (တွင်းနက်)၊ ရေကန်၊ အင်ဂျင်၊ ပန့်ကောင်း မကောင်း၊ ပြင်ဆင်ရန်လို မလိုနှင့် ကျေးရွာတွင် သောက်သုံးရေလုံလောက်မှု ရှိ မရှိ၊ ရေကော်မတီဖွဲ့စည်းထားမှု ရှိ မရှိ၊ မည်သို့ မည်ပုံသုံးစွဲရန်၊ ရေထွက်များ ရေထွက်နှုန်းကောင်း မကောင်းတိုင်းတာခြင်းများကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးရန်နိုင်စိုးနှင့် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးပြီး သင်တန်းပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ဗထူး**

